www.burmeseclassic.com



# ဝေဝေအောင်

## မင်္ဂလာမရှိသော ဝိန်း ၂

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၈ / ၂၀၀၄ ( ၈ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၇၉၀၆၀၂
ထုတ်ဝေသူ
ဒေါ်ဝေဝေအောင်
ဝိုင်းစာပေ
၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ်-၂၀၀၆ ခုနှစ် မတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တော အနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရှုပ်နှံ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**

BURMESE CLASSIC .com

## ၁

မြင့်မားသစ်လွင်လှပသော လေးခန်းတွဲ ရှစ်ထပ်တိုက် အဆောက်အဦးလှလှကြီးကို မော့်ကြည့်ကာ 'ဒေါ်မြပုလဲနု' ကျေနပ်နှစ်သက်စွာ ပြုံးလိုက်မိပါသည်။

ခရမ်းနုရောင်လှလှတိုက်၏ နဖူးစည်းတွင် ရွှေရောင်စာလုံး 'M' ကို ရွှေရောင်ဖြင့် ကနုတ်ပန်းအဝိုင်းပုံစံဘောင်ခတ်ထားပါသည်။

သည်သင်္ကေတက 'မြပုလဲနု' ဆိုတဲ့အမှတ်အသားတံဆိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုတံဆိပ်မျိုး တိုက်ကိုးဆယ့်ကိုးလုံးတွင် တပ်ဆင်ခဲ့ပြီးပါပြီ။

သည်တိုက်ကြီးက အလုံးတစ်ရာမြောက် တိုက်ကြီးဖြစ်ကာ သူမ၏ဆောက်လုပ်ရေးသက်တမ်း အနှစ်နှစ်ဆယ်မြောက်တိုက်ကြီးလည်း ဖြစ်နေခဲ့ပြန်ပါသည်။

မနေ့ကပင် အဆောက်အအုံ အင်ဂျင်နီယာက တိုက်နဲ့ပတ်သက်တဲ့ စာရွက်စာတမ်းအားလုံးကို သူမအား ပြန်လည်ပေးအပ်ခဲ့ပါသည်။

"လှလိုက်တာနော် မာမီ"

သားဖြစ်သူက မိခင်ဖြစ်သူ သူမနှင့်အတူ တိုက်ကြီးကို မော့ကြည့်ရင်း ကျေနပ်နှစ်သက်သလို ပြောနေပါသည်။

အမှန်မှာ သည်တိုက်ကြီးကို ဓါတ်လှေကားထည့်ကာ ဆယ်ထပ်တိုက်ကြီးအဖြစ် 'ဒေါ်မြပုလဲနု' ဆောက်ချင်ခဲ့တာပါ။

အောက်ဘက်တွင် show room နှင့် ဆိုင်ခန်းများဖွင့်ကာ Plaza ပုံစံအဖြစ်ထားပြီး အပေါ်ဆုံးထပ်တွေကို ရုံးခန်းတွေအဖြစ် ထားချင်ခဲ့ပါသည်။

သို့ပေမယ့် ကားပါကင်နေရာ အခက်အခဲကြောင့်ကွန်ဒိုပဲဆောက်လိုက်ရတာ ဖြစ်ပါသည်။

နေရာအကွက်အကွင်း ကောင်းလွန်းခြင်း၊ တည်ဆောက်ပုံအချိုးအစား ကျနမှန်ကန်ခြင်းနှင့် အခန်းဖွဲ့ပုံကောင်း





မွန်ခြင်းအပြင် သဘာဝအလင်းရောင်နှင့် လေဝင်လေထွက်တို ကို ဦးစားပေးဆောက်လုပ်ထားခြင်းတို့ကြောင့် တိုက်ပန္နက် ခတင်ကာချပြီးတည်းက အခန်းတွေကို ကြိုပို့ငွေစနစ်ဖြင့် ရောင်းနေခဲ့ရတာ ခုဆို အပေါ်ဆုံးအလွှာတွေပဲကျန်ပါတော့ သည်

သည်အလွှာတွေကိုလည်း 'ဒေါ်မြပုလဲနု' က နေချင်၍ အင်တိုက်အားတိုက် မရောင်းချဘဲ ထားခဲ့ တ ကျန်ခဲ့တာမျိုးပါ။

တိုက်အပေါ်ဆုံးထပ် လေသာဆောင်တွင်ပန်းပို ပျိုးကာ ပန်းခြံကြီးလုပ်ပြီး တိုက်လေးခန်းတွဲကြီး ဟာစ ကတစ်ခန်း၊ အစည်းအဝေးခန်းမက တစ်ခန်း၊ ကျန်နှစ်ခ သားအမိနှစ်ယောက်နေဖို့ စီစဉ်ထားပါသည်။

တကယ်လို့ သားအိမ်ထောင်ကျသွားတော့လည်း တစ်ခန်းပေးလိုက်လျှင် သားအမိနှစ်ယောက် မခွဲဘဲ အတူနေ လို့ရတာကြောင့် 'ဒေါ်မြပုလဲနု' ကိုယ့်စိတ်ကူးနဲ့ကိုယ်ကြည်နူး မိပါသည်။

သားဖြစ်သူ 'ခွန်းချို' ကတော့ သူမ၏ အကြံအစည်ကို မနှစ်သက်လှပါ။

"မာမီ နေချင်တာကတော့ ဟုတ်ပါပြီ... ဒါပေမဲ့ မာမီ အသက်က ငါးဆယ်နော်... ဒီ့ထက် ပိုငယ်လာမှာ မဟုတ်ဘူး ပိုကြီးလာဖို့ပဲ ရှိတာ... နေ့စဉ် အတက်အဆင်း မာမီ



www.burmeseclassic.com

www.burmeseclassic.com



မလား"

"လောလောဆယ်တော့ မာမီ ဆန္ဒဖြစ်သေးတာမှ

ာ်တာသားရယ်… နောက်ကိစ္စက နောင်ခါလာ နောင်ခါ

ဖြစ်ဂ ထားလိုက်ပါ… ခုလည်း ပြောင်းဦးမှာမှ မဟုတ်သေး

ချစ်ခွန်းချို' ခွန်းတုံ့မပြန်ဖြစ်ဘဲ ခေါင်းကိုသာ ညိတ်လိုက်သည်။

အမေဖြစ်သူ ငယ်စဉ်တည်းက ဆုံးပါးသွားခဲ့တာမို့ အဒေါ်ဖြစ်သူကို အမေအရင်းလို ခင်တွယ်နေရတဲ့ သူ့ဘဝမှာ အဒေါ်စကားသာ အဓိကပါ။

အဒေါ်ဖြစ်သူ ကိုယ်တိုင်က တူဖြစ်သော်လည်းတစ်နှစ်အရွယ်ပိစိကွေးလေးတည်းက စကာ ချူခြာသော 'ခွန်းချို' ကို မွေးခဲ့ရတာကြောင့် သားအရင်းလို ဖြစ်နေခဲ့ပါပြီ။

နာမည်ပေးတာကပင် ချစ်လွန်း၍ 'ချစ်ခွန်းချို' တဲ့။

သူများကလေးတွေ ငိုတာ ဘယ်လိုနေသည် မသိပါ။ သူ ငိုတာလေးကအစ နားထောင်လို့ကောင်းလှတာကြောင့် 'ခွန်းချို' လို့ နာမည်ပေးခဲ့တာတဲ့လေ။

မာမီရဲ့ညီမ ကျန်တဲ့အဒေါ်တွေက အကဲပိုတဲ့ မာမီ့ကို မဲ့ကြရွဲ့ကြသည်။ ဘယ်သူတွေ ဘယ်လို မဲ့မဲ့ရွဲ့ရွဲ့ မာမီသူ့ကို ကျွေးမွေးစောင့်ရှောက်ခဲ့တာ ခုဆို သူ့အသက်ပင် နှစ်ဆယ့်သုံး





ကျော်လို့ နှစ်ဆယ့်လေးထဲ ဝင်လာပြီဖြစ်သလို အင်ဂျင်နီယာဘွဲ့လည်းရခဲ့ပါပြီ။

မာမီ့ရဲ့ လုပ်ငန်းတွေနဲ့လည်း ထိတွေ့ရင်းနှီးနေခဲ့ပါပြီ။

ျငး

"တစ်နေ့ မာမီ အသက်ကြီးလာရင် ဒီလုပ်ငန်းဇ အားလုံးကို သားပဲ ဆက်ဦးစီးရမှာဆိုတော့ ခုတည်းက အရွယ်ရကြိုလေ့လာထားပါ"

ာ သီချင်းမျိုးကို

ဆို၍ မာမီလုပ်ငန်းရှိရာ site တွေထဲက်

ကြပ်သူအနေဖြင့် ဆင်းနေရတာ ခြောက်လခအော်တဲ့ဟာစ်တဲ့ Hip ပါပြီ။

သ်။

သားအမိနှစ်ယောက်တည်း နေသော့မှာ သူမ ဘယ်လိုမှလည်း မာမီက သူ့အလုပ်နှင့်သူ မအားလပ်သည်။ ကိုယ်တိုင်လည်း မအားလပ်တာကြောင့် တစ်ခါချင်းနဲ့ စကားပတ်ပြည့်လို့ပင် မျက်နှာချင်းဆိုင်မိကြသည် မဟုတ်နေသော သီ·

ခုကတော့ မာမီကိုယ်တိုင် ဖုန်းဆက် ခေါ်လိုက်ကြောင့် 'ခွန်းချို' ရောက်လာခဲ့ရတာဖြစ်ပါသည်။

မ

"ဒါပြီးရင် သား ဘယ်သွားမလဲ"

"ဆရာစံလမ်းထဲကို ပြန်သွားရမယ် မာမီ"

ဆရာစံလမ်းထဲက တိုက်က အချောကိုင်တဲ့အဆင့်ကိုရောက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

"မာမီကကော"

"ယုဇနအိမ်ယာမှာ ရှိမယ်"

ယုဇနအိမ်ယာပိုင်ရှင်က မြေကွက်ဝယ်ကာ ကိုယ့်ဖါသာကိုယ်ဆောက်ပြီး စိတ်တိုင်းမကျ၍ 'ဒေါ်မြပုလဲနဲ' ကို လာ ... ခဲ့တာဖြစ်ပါသည်။

... ရာအကွက်အကွင်းကောင်းသော်လည်း မြေကျဉ်း ... ဦးစားပေးကာ ဆောက်ခဲ့ရပါသည်။

ပတ်သ ... ဘက်မှကြည့်လျှင် နှစ်ထပ်တိုက်ပုံစံ ဖြစ် ... ပေးအပ် ... င်ဖြစ ... မင်းစားခန်းနှင့် မီးဖိုခန်းကို မြေအောက်ထဲ ... သူကို ... ၎်ထားတာမို့ အိမ်လေးက ပိုမိုစိတ်ဝင်စား ... စကားသာ ... ခဲ့ရပါသည်။

အဒေါ်မြ ... ရှင်တွေကလည်း 'ဒေါ်မြပုလဲနဲ' ကို ကျေးဇူး ... အရွယ်ပီစိကွေး ... မွေးခဲ့ရတာ ... ပ်ဆိုတာ ဒီလိုပါပဲ။

ငွေကြေးရင်းနှီးလုပ်ကိုင်ရသော အလုပ်ဖြစ်သော် ... ည်း တစ်ခါတလေ ပီတိပဲစားရသော အလုပ်မျိုးလည်း ရှိပါသေးသည်။

ငွေကြေးအကျိုးအမြတ်၊ ဘယ်လောက်မှ မရှိလှပေမယ့် ကိုယ့်လက်ရာ ကိုယ့်အိုင်ဒီယာကိုမှ နှစ်သက်သူတွေအတွက် ကျေကျေနပ်နပ်ဖြင့် ပီတိကိုသာ စားရကာ လုပ်ပေးခဲ့





စထရိုက်ဆန်တို့လို သူမအရွယ်နဲ့ လိုက်ဖက်ညီသော သီချင်းတွေကို နှစ်သက်တတ်သော်လည်း ဘရစ်တနီစပီးယား၊ ရှာကီရာ၊ ကိုင်လီ၊ တို့ကိုတော့ သိပ်မကြိုက်လှပါ။

ယခု ရုပ်ရှင်ရိုက်နေတဲ့ ဂျနီဖာလိုပက်ဇ်၏ သီချင်းကောင်းလေးတွေကိုလည်း နှစ်သက်တာ ရှိပါသည်။

သားအကြိုက်နှင့်တော့ မတူလှပါ။ သူမက အရွယ်ရလာပြီ မို့ အေးဆေးငြိမ်သက်ပြီး ခံစားမှုပေးသော သီချင်းမျိုးကို နှစ်ခြိုက်သည်။

သားက ခေတ်လူငယ်ဆိုတော့ အော်တဲ့ဟစ်တဲ့ Hip Hop သီချင်းတွေကို နားထောင်တတ်သည်။

သား နားထောင်တဲ့ သီချင်းတွေထဲမှာ သူမ ဘယ်လိုမှ ခံစားလို့မရတဲ့ ရက်ပ်သီချင်းတွေလည်း ပါသည်။

အမ်မီနမ်လို တစ်ဖက်နဲ့တစ်ဖက် သီချင်းနဲ့ စကားရည်လုပွဲကျင်းပနေသလို အဆက်မပြတ် ရေရွတ်နေသော သီချင်းမျိုးတွေပါ။

ဒိတ်အောက်နေသော အဖွားကြီးလို့ပဲ ဆိုချင်ဆို၊ သူမ ခံစားလို့မရတာ အမှန်ပါ။

အေးအေးဆေးဆေးရှိသော west life သီချင်းခွေတစ်ခွေရွေးပြီး အခွေများကိုယူကာ ကောင်တာရှိရာကိုလှမ်းအလာ ဆိုင်ရှေ့တွင် ကားတစ်စီးရပ်လာတာကို တွေ့လိုက်ရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကောင်တာမှ ကောင်မလေးက ဆိုင်တွင်းကို လှမ်းအော်တာ ကြားလိုက်ရပါသည်။

"အန်ကယ်တို့ ရောက်လာပြီ... သွားကြိုကြဦး"

သူတို့ဆိုင်ပိုင်ရှင် ရောက်လာ၍ ကြိုခိုင်းပုံ ရောက်ပါသည်။

ဝယ်ထားတဲ့ စီဒီပြားငါးချပ်အတွက် ငွေရှင်းပြီးထွက်အလာ ဆိုင်ပိုင်ရှင်ဖြစ်ဟန်တူသူနှင့် အဝင်ဝတွင် ဆုံမိကြပါသည်။

အမှတ်တမဲ့ပင် ကားဆီကိုလျှောက်အလာ နောက်ဘက်မှ ပြေးလိုက်လာသံနှင့်အတူ အမောတကောမေးသံကို ကြားလိုက်ရပါသည်။

"'နုနု' 'နုနု'... 'နုနု' မဟုတ်လားဟင်"

'နုနု'...။ သည်နာမည်ကို ခေါ်တဲ့သူ နည်းပါးသွားခဲ့ပြီပဲ။

လွန်ခဲ့တဲ့အနှစ်သုံးဆယ်လောက်က နာမည်ကိုခေါ်တဲ့သူသည် သူမနှင့်လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်ထဲက ရင်းနှီးကျွမ်းဝင်တဲ့သူပဲဖြစ်ရမည်။

ဘယ်သူများပါလိမ့်။

နေကာမျက်မှန်ကို ချွတ်ကာ လှည့်အကြည့် သူမ၏





နှလုံးနေရာမှ ဒိတ်ကနဲလှုပ်ရှားမှုကို သတိထားလိုက်မိပါသည်။

တစ်ဖက်မှ လူကိုယ်တိုင်လည်း သူမကဲ့ ကျေကျေနပ်နပ်ကြီးပြုံးကြည့်နေတာ တွေ့လိုက်ရပါသည်။

"'ကိုနိုင်' လေ 'နုနု' ရဲ့... မမှတ်မိတော့ဘူးလား"

ဖြူဖွေးသန့်စင်သော အသား၊ မြင့်မားသောအရပ်၊ ကျစ်လစ်သော ကိုယ်ခန္ဓာဖြင့် 'ကိုနိုင်' သည် 'နုနု' နှင့်တွေ့ဦးစကလိုပင် ချောမောခန့်ညားနေဆဲပါ။

"'နုနု' တစ်ယောက်တည်းလား... ဘယ်သူပါသေးလဲ"

သူမ တည်ငြိမ်စွာပင် ခေါင်းခါ ပြလိုက်ပါသည်။ 'ကိုနိုင်' ထားသွားခဲ့တဲ့ သူမရဲ့ဘဝမှာ ဘယ်သူက အနားမှာ ရှိနေနိုင်မှာလဲ။

ဒါတွေကို 'ကိုနိုင်' က ဂရုမထားမိတော့သလို သူမကို လိုက်လံပျူငှာစွာ ဆိုင်ထဲကို အတင်းခေါ်နေပါတော့သည်။

"ဒါ 'ကိုနိုင့်' ဆိုင်လေ... သမီးလေးနဲ့လည်း မိတ်ဆက်ပေးချင်သေးတယ်... 'နုနု' အချိန်ရမယ်ဆိုရင် ခဏလောက်ဝင်ပါဦးလား"

အတင်းကာရော ငြင်းလိုက်လျှင်လည်း ရိုင်းရာကျမှာစိုး၍ သူမ ဆိုင်ထဲကို တည်ငြိမ်စွာ ပြန်လျှောက် ဝင်လာခဲ့မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂

ဆိုင်က တိုက်အောက်ထပ် တစ်ထပ်လုံးကို ဖွင့်ထားခဲ့တာကြောင့် ကောင်တာ၏နောက်ဘက်တွင်သီးသန့် ဧည့်ခန်းလေးရှိနေခဲ့ပါသည်။

ထို ဧည့်ခန်းတွင် ကောင်မလေးတစ်ယောက်ထိုင်ကာ စာရင်းဇယားတွေ ကြည့်နေခဲ့တာကြောင့် 'ကိုနိုင်' က လှမ်းအသံပြုလိုက်ပါသည်။

"သမီး 'သံသာ' "

ထိုင်နေရာမှ လှမ်းကြည့်လိုက်တဲ့ ကောင်မလေးရဲ့





မျက်လုံးက 'ကိုနိုင့်' လို အဝန်းကျယ်ကျယ် ပြူးပြူးဝိုင်းဝိုင်းလေးပါ။

ထူထူအိအိ နှုတ်ခမ်းလေးနဲ့ဆိုတော့ ခြုံပြီးပြောရလျှင် ချစ်စရာကောင်းသူလေးတစ်ဦးပါပဲ။

"သမီးကို မိတ်ဆက်ပေးရဦးမယ်… ဒါ ဖေဖေ့မိတ်ဆွေ 'ဒေါ်နုနုနိုင်' တဲ့… မော်လမြိုင်ကပဲလေ"

သူမရဲ့နာမည်ကိုအကြား ကလေးမလေးတွေရဲ့ မျက်လုံးတွေက ပိုမိုတောက်ပလာကာ သူမကို ပိုမို၍သာ စူးစိုက်ကြည့်လာခဲ့ပါသည်။

'နုနုနိုင်' ဆိုတဲ့ သူမရဲ့အမည်သည် သူမအတွက် ထူးဆန်းနေပုံရပါသည်။

ဒါမှမဟုတ် ထိုနာမည်နဲ့ပတ်သက်ကာ တစ်စုံတစ်ခုကို သူမလေးသိထားပုံလည်းရပါသည်။

"ဟော သမီးက ဧည့်သည်ကို ငေးကြည့်နေလိုက်တာ ထိုင်ပါဦးလို့တောင် မပြောတော့ဘူးလား"

"ဟာ ဟုတ်ကဲ့ ဖေဖေ… လာ ထိုင်ပါ အန်တီ"

"ဖေဖေ့ သမီးကတော့ စံပဲ… လာ 'နုနု' ထိုင်လေ"

အဲကွန်းတပ်ထားတဲ့ အခန်းလေးက အေးမြနေသော်လည်း သူမရဲ့ရင်ထဲမှာ ဘယ်လိုမှကို မအေးချမ်းနိုင်ပါ။

ဒီလူပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က သူမရဲ့ အသည်းကို ပက်ပက်စက်စက်ခွဲပြီး သူမ တစ်ယောက်တည်းကို ရက်ရက်စက်စက် ချန်ထားရစ်ခဲ့တာ။

ခုတော့လည်း သူ ဘာအပြစ်မှ မလုပ်ထားသလို ဟန်ဆောင်တွေ ကောင်းနေလိုက်တာ။

ယောက်ျားတွေက ဒီလိုပဲလား။

သူမမှာဖြင့် အချစ်ဦးမို့ အသည်းနှလုံးတွေကွဲကြေကာ သေလုအောင် ခံစားခဲ့ရပါသည်။ ဒါတွေကို သူ နည်းနည်းမှ မသိဘူးတဲ့လား။

ဒါမှမဟုတ် တမင်ပဲ မသိဟန်ဆောင်နေတာလား။ သူမ စိတ်ထဲမှာ နာကြည်းစွာ ပြုံးလိုက်မိပါသည်။

"'နုနု' ဘာသောက်မှာလဲ… အရင်တုန်းကလို သံပုရာရည်ပဲလား"

ကြည့်စမ်း။ သူ သူမ ကြိုက်တာကို မမေ့သေးဘူးဆိုတဲ့သဘောနဲ့ တမင်ပြောလိုက်တာပေါ့လေ။

လုပ်မနေစမ်းပါနဲ့။

သူမ အရွယ်က စကားလုံးအနုအလှမှာ မိန်းမူးသာယာတော့မယ့်အရွယ်မှ မဟုတ်တော့တာပဲ။

ယောက်ျားတို့ရဲ့ ထုံးစံအတိုင်း ယခုအရွယ် 'နုနု' ကို အရင်တုန်းက 'နုနု' မှတ်ပြီး သိမ်းသွင်းချင်သေးလို့လား။





သူမ နှုတ်ခမ်းကိုတွန့်ကာ လှပစွာ ပြုံးလိုက်မိပါသည်။

ယခု သူမက ဟိုးအရင်တုန်းကလို ယောက်ျားတစ်ယောက်စွန့်ပစ်သွားယုံနဲ့ ရူးသိမ့်နေအောင် ငိုကြွေးကာ ကိုယ့်ကိုကိုယ် အဆုံးစီရင်ပစ်ဖို့အထိ မိုက်မဲစွာတွေးခေါ်တတ်တဲ့ ကောင်မလေးတစ်ယောက်မှ မဟုတ်တော့တာ။

ခု 'ကိုနိုင်' ရှေ့မှာ တည်ငြိမ်စွာ ထိုင်နေနိုင်တဲ့ သူမက လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ရူးရူးမိုက်မိုက် ကောင်မလေး 'နုနု' မဟုတ်တော့ပါ။

'မြဝုလဲနု' ဆိုတဲ့ နာမည်သစ်နှင့် ဆောက်လုပ်ရေးလုပ်ငန်းကြီးလုပ်နေတာကို 'ကိုနိုင်' မသိဘူးတဲ့လား။

အေးလေ။ မသိတာလည်း ဖြစ်နိုင်ပါသည်။ ဒါမှမဟုတ် ဖြစ်လာလိမ့်မည်ဟု အထင်တကြီး တွေးမထင်ထားတာလည်းဖြစ်နိုင်သည်။

ဟန်မပျက် 'ကိုနိုင့်' ကို လှမ်းပြောလိုက်မိပါသည်။

"'နု' သံပုရာရည် မသောက်တော့ဘူး 'ကိုနိုင်'… နက်စ်ကာဖီတစ်ခွက်ရရင် ရပါပြီ"

'ကိုနိုင်' က သူမကို အံ့ဩတကြီး လှမ်းကြည့်တာ တွေ့လိုက်ရပါသည်။

သူနဲ့ကွဲကွာစဉ်က 'နုနု' အသက်က နှစ်ဆယ်ကျော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါဦးမည်။

မိဘတွေပေးစားတဲ့ မန္တလေးက သူဌေးသမီး 'ရွှေစင်ဦး' ဖြင့် လက်ထပ်ခဲ့ရတာကြောင့်လည်း အချစ်ဦး 'နုနု' ကို မေ့ပစ်ခဲ့ရပါသည်။

သည့်နောက်ပိုင်း မန္တလေးရှိ ဇနီးသည်၏ မိဘများ လုပ်ငန်းကို ဦးစီးလုပ်ကိုင်ပေးရင်း ရန်ကုန်ကို ပြောင်းရွှေ့လာခဲ့တာ အနှစ်နှစ်ဆယ်တိုင်ခဲ့ပါပြီ။

ဇနီးသည်က ဗိုလ်ချုပ်ဈေးထဲတွင် ရွှေဆိုင်ဖွင့်ထားကာ သည်လုပ်ငန်းက သမီးဖြစ်သူ ဝါသနာပါ၍ ဖွင့်ပေးထားတဲ့ လုပ်ငန်းခွဲတစ်ခုပါ။

သူ့အနေနဲ့လည်း မန္တလေးက လုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲနေရဆဲပါ။

"ကာဖီ ရပါပြီ အန်တီ"

သမီးဖြစ်သူ ကာဖီလာအချ 'နုနု' နှင့် မိတ်ဆက်ပေးဖြစ်သည်။

"ဒါ 'ကိုနိုင့်' သမီးပဲ 'နုနု'... 'သံသာသာ' တဲ့... ဒီလုပ်ငန်းက သမီးအတွက် သီးသန့်ဖွင့်ပေးထားတာ... သမီးက ဂီတကိုအရမ်းဝါသနာကြီးတာ 'နုနု' ရဲ့"

"သမီးက ချစ်စရာလေးပဲ"

သူမ 'ကိုနိုင်' နဲ့တူသော ကောင်မလေးကို ပြုံးပြလိုက်





မိပါသည်။

'ကိုနိုင်' နဲ့တူတယ်ဆိုတည်းက 'ကိုနိုင့်' လို ငါးစိမ်းမြင် ငါးကင်ပစ်ကာ အမြင့်ကို မှန်းတတ်သူဟု စိတ်ထဲမှာ မှတ်ယူကောက်ချက်ချလိုက်မိပါသေးသည်။

" 'နုနု' ကော ဘယ်လိုလဲ... တစ်ယောက်တည်းပဲလား... 'ကိုနိုင်' ကြားတာတော့ အိမ်ကပေးစားတဲ့သူနဲ့ လက်ထပ်လိုက်ရတယ်ဆို "

"ဟုတ်ပါတယ်... ဒါပေမဲ့ 'နုနု' သူနဲ့တစ်လပဲ ပေါင်းခဲ့တယ်"

'ကိုနိုင်' ကော သူ့သမီးပါ သူမကို ငေးကြည့်နေကြတာ တွေ့ရပါသည်။

"ဘာဖြစ်လို့လဲ"

'ကိုနိုင့်' ရဲ့လေသံက အံ့ဩသံ။

"မချစ်လို့"

သူမရဲ့ လေသံက ပြတ်သားသံ။

"မချစ်တာနဲ့ပဲ 'နုနု' ရယ် ကိုယ့်ဘဝကိုယ် ဒီလိုပဲ နှစ်ခဲ့ရသလား"

သူမ နာကြည်းစွာ ပြုံးလိုက်မိပါသည်။

နှစ်တယ်ပဲဆိုဆို ပစ်တယ်ပဲဆိုဆို ကိုယ် မချစ်မနှစ်သက်တဲ့လူကို တစ်မိနစ်၊ တစ်စက္ကန့်လေးမျှပင် သူမ မပေါင်း



www.burmeseclassic.com

www.burmeseclassic.com

ချင်ခဲ့ပါ။ 'ကိုနိုင်' ကို မခံချင်စိတ်ဖြင့် အမေတို့အတင်းပေးစား၍ သာလက်ထပ်ခဲ့ရပေမယ့် 'ကိုထွန်းလှိုင်' ကို သူမ လုံးဝ မရှုံ့ခဲ့ပါ။

'ကိုထွန်းလှိုင်' သည် မြိတ်ဘက်မှဖြစ်ကာ အမေတစ်ခု သားတစ်ခုဘဝဖြင့် ကျိုကျိုတက် ချမ်းသာလှသော်လည်း ကပ်စေးနည်းလွန်းလှပါသည်။

ကိုယ့်မိန်းမကို လုံချည်လေးတစ်ထည် ဝယ်ပေးတာကို တောင် အမေကို အသိပေးရတဲ့ ယောကျ်ားမျိုးပါ။

သူမနဲ့ လက်ထပ်ခဲ့တာကလည်း သူမကို သဘောကျတာကနည်းနည်း သူ့အမေကြီးကို ပြုစုစောင့်ရှောက် စေခိုင်းတာကများများမို့ မြိတ်ကို လိုက်ပြီး တစ်လအကြာ သူမ မော်လမြိုင်ကို အပြီးပြန်လာခဲ့တာ ဖြစ်ပါသည်။

အမေရှိနေလျှင် သူ့ဘဝ ပြည့်စုံကုံလုံနေမှတော့ သူမ မလိုအပ်တော့တာ သေချာနေသည်။

သူမ ပြန်လာခဲ့တဲ့အတွက် တင်တောင်းခဲ့သော ပစ္စည်းတွေကို အမေ့ဆီမှာ ပြန်တောင်းသည်ဟု ကြားရပါသည်။ ထိုပစ္စည်းတွေကို သူမ လက်ဖျားလေးနဲ့ပင် မတို့ဖူးခဲ့ပါ။

သူမ အော့နှလုံးနာလှပါသည်။ အော့နှလုံးနာစိတ်ဖြင့် ထိုလူနှင့်လက်ထပ်ခဲ့တာ သူမ ရဲ့ ခါတ်ပုံတွေကို မီးတင်ရှို့လိုက်မိပါသည်။





သည့်နောက် သူမ ရန်ကုန်ကိုထွက်လာကာ အဒေါ်အိမ်တွင်နေရင်း နိုင်ငံခြားဘာသာသိပ္ပံ ဆက်တက်ဖြစ်သည်။

ပြန်မတွေးချင်သော်လည်း 'ကိုနိုင်' ကြောင့် ပြန်သတိရမိတာဖြစ်ပါသည်။

ဖြစ်နိုင်လျှင် ပစ္စုပ္ပန်ဘဝကလွဲ၍ အတိတ်ဆိုတာကို သူမ ပြန်မစဉ်းစားချင်တော့ပါ။


www.burmeseclassic.com

www.burmeseclassic.com

## ၄

"ဘာပဲဖြစ်ဖြစ် 'ကိုနိုင်' တို့ ကွဲခဲ့ကြတာ အနှစ်သုံးဆယ်ရှိခဲ့ပြီနော်... ဒီအချိန်မှာ 'နု' ကို လှလှပပ ပြန်တွေ့ရလို့ 'ကိုနိုင်' ဝမ်းသာပါတယ်"

"'နု' လည်း 'ကိုနိုင့်' လိုပါပဲ"

"အခု 'နု' က ဘယ်မှာနေတာလဲ"

"ကမ္ဘောဇရိပ်သာမှာပါ"

"တစ်ယောက်တည်းလား"

သူမ 'ကိုနိုင့်' ကိုလှမ်းအကြည့် 'ကိုနိုင်' က သူမအကြည့်ကို ရင်မဆိုင်ရဲသလို ခေါင်းငုံ့သွားပါသည်။





သူမနဲ့ 'ကိုနိုင်' နှစ်ယောက်တွင် တကယ်တမ်း အပြစ်ရှိသူက သူမမဟုတ်ပါ။ 'ကိုနိုင်' ပါ။ သည်တော့ 'ကိုနိုင်' အမြဲခေါင်းငုံ့နေရမှာပေါ့လေ။

"'နု' သားနဲ့ နှစ်ယောက်အတူနေကြတာပါ"

"'နု' မှာ သားရှိတယ် ဟုတ်လား... ဘယ်အရွယ်ရှိပြီလဲ"

'ကိုနိုင့်' ပုံစံက အလွန်အမင်း အံ့ဩနေတဲ့ ပုံစံမျိုးပါ။

"သားက နှစ်ဆယ့်လေးထဲ ရောက်နေပါပြီ"

"ဒါဆို သမီးလေးနဲ့ ရွယ်တူပဲပေါ့... ကျောင်းကောပြီးသွားပြီလား"

"ဘီအီး အီလက်ထရောနစ်နဲ့ ကျောင်းပြီးသွားပါပြီ"

"သမီးနဲ့အတူတူပါပဲလား... သမီးများ သိနေမလားဟင်"

'ကိုနိုင့်' သမီးက သူမ ကို စိုက်ကြည့်လာတာကြောင့် လှမ်းမေးလိုက်မိပါသည်။

"သမီးကလည်း ဘီအီးနဲ့ပြီးတာပဲလား"

"ဟုတ်ပါတယ် အန်တီ... အန်တီ့သားနာမည်ကဘယ်သူများလဲ မသိဘူး"

"'ချစ်ခွန်းချို' ပါ"

"ဪ 'ကိုချစ်ခွန်းချို' ကို... သမီးတို့ မြင်ဖူးကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

စာလည်းတော်ကာ ရုပ်လည်းချော သဘောကောင်း သူ တစ်ယောက်မို့ 'သံသာ' တို့အုပ်စုက မိန်းကလေးအများစု 'ကိုခွန်းချို' ကို စိတ်ဝင်စားမိကြပါသည်။

ဒါပေမဲ့ 'ကိုခွန်းချို' မျက်ဝန်းတွေ 'သံသာ' ဆီမှာပဲ ဝဲနေတာကိုလည်း သူမတို့အားလုံး သိထားကြပါသည်။

လက်စသတ်တော့ 'ကိုခွန်းချို' က ဒီ အန်တီရဲ့သား ဆိုပါလား။

ဘာပဲဖြစ်ဖြစ် 'သံသာ' 'ဒေါ်နုနု' ဆိုတဲ့ ဖေဖေ့ရဲ့အချစ်ဦး ကို စိတ်ဝင်စားမိပါပြီ။ ဖြစ်နိုင်လျှင် နောက်ထပ် တွေ့ချင်သေး တာကြောင့်လည်း ဖေဖေ့ကို ပြောလိုက်မိပါသည်။

"အန်တီကို ထမင်းစား မဖိတ်တော့ဘူးလား ဖေဖေ"

"ဟုတ်ပါရဲ့... 'ကိုနိုင်' တို့ စမ်းရေတွင်း လမ်းထဲမှာနေ တာ... 'နုနု' များ သိမလား မသိဘူး"

"ဘယ်နားကလဲ"

"ဘိုးဘွားရိပ်သာရှေ့က လမ်းလေးထဲမှာလေ"

သူမ ခေါင်းညိတ်ပြလိုက်မိပါသည်။

သူမ၏ မိတ်ဆွေတစ်ယောက်လည်း ထို လမ်းထဲမှာပဲ နေသည်။

ထိုမိတ်ဆွေ၏ အိမ်နှင့်ခြံက ဟိုးအောက်ဘက် ချောက်





ထဲမှာပါ။

" 'ကိုနိုင်' တို့တိုက်က အဝင်ဝနားမှာပါပဲ... 'ကိုနိုင့်' အမျိုးသမီး နဲ့လည်း မိတ်ဆက်ပေးရအောင် 'နုနု' ဘယ်နေ့များ အားမလဲမသိဘူး"

"ဘကြီးတကာ မိတ်ကျွေးစရာ မလိုပါဘူး 'ကိုနိုင်' ရယ် ခုလဲ တွေ့နေရပြီပဲ"

" 'နုနု' သားကိုလည်း 'ကိုနိုင်' တွေ့ဖူးချင်သေးတယ် လေ"

ပြောရင်း သမီးကိုလှမ်းအကြည့်သမီးမျက်ဝန်းကမျှော် လင့်မှုဖြင့် အရောင်များလက်ဖြာနေတာကို တွေ့လိုက်ရပါ သည်။

တစ်ဦးတည်းသော သမီးလေးမို့ စိတ်ချမ်းမြေ့စေချင် တာ မိဘမေတ္တာအစစ်အမှန်ပါ။

တကယ်ကိုလည်း 'သံသာ' ရင်ခုန်နေမိပါပြီ။

တစ်နေ့ 'ကိုခွန်းချို' နဲ့ ပြန်လည်ဆုံတွေ့ရလိမ့်မည်ဟု 'သံသာ' နည်းနည်းလေးမှ မျှော်လင့်မထားဖူးခဲ့ပါ။

ကျောင်းတွေပြီးသွား၍ သူလည်းသူ့လမ်းသူလျှောက် ကိုယ်လည်း ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ကြတာ နှစ်ဝက်ပင် ကျော်ခဲ့ပါပြီ။

သူငယ်ချင်းတွေကတော့ 'ကိုခွန်းချို' ကွန်ပျူတာရှင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုမှာ အလုပ်ဝင်နေတဲ့အကြောင်း သူမကို သတင်းလာပေးခဲ့ကြပါသည်။

သွားတွေ့ချင်ပေမယ့်လည်း သူမနှင့် 'ကိုခွန်းချို' တို့က ဘာမှမဟုတ်ခဲ့ကြပါ။

မျက်လုံးခြင်းဆုံ၊ ရင်ခုန်ယုံ အဆင့်နဲ့ပင် လမ်းခွဲခဲ့ကြတာပါ။

ခုတော့ ရေးကရေစက်ကြောင့် ပြန်ဆုံကြရတော့မည်ထင်ပါသည်။

"'နန' အဆင်ပြေမယ်ဆိုရင် မနက်ဖြန်ညနေ 'ကိုနိုင်' စီစဉ်လိုက်ရမလား"

သူမ ဘက်က အရေးကြီးတာ သိပ်မရှိလှပေမယ့် သားဆန္ဒကိုသူမမေးရဦးမှာမို့...

"ဒီလိုလုပ်လေ... 'နန' ဖုန်းပြန်ဆက်ရင်ကော"

"ကောင်းသားပဲ... သမီး Business ကဒ်လေးတစ်ကဒ်လောက် အန်တီ့ကိုပေးလိုက်ပါလား"

'သံသာ' နေရာမှထသွားကာ ကဒ်လေးတစ်ကဒ်ယူလာပြီး သူမကို လှမ်းပေးလာပါသည်။

ကဒ်ကို သူမ ဖတ်ကြည့်လိုက်မိပါသည်။

**သံသာသာ**

**B.E (Electricial)**





**ခွန်းချိုသံသာ တေးသံသွင်း**

ပေးပြီးမှ သူမလေးက ခေါင်းငုံ့နေတာကြောင့် သူမ သိပ်သည်းစွာ ပြုံးလိုက်မိပါသည်။

သားနာမည်နဲ့ သူမရဲ့နာမည်တွဲထားတဲ့ တေးသံသွင်းဆိုင်ပါလား။

သူမလေးရဲ့ရင်ထဲမှာ သားရှိနေတယ်ဆိုတာ သေချာသွားခဲ့ရပြီ။

ကဒ်လေးကို ပိုက်ဆံအိတ်ထဲထည့်ကာ ထိုင်ရာမှထရင်း နှုတ်ဆက်လိုက်မိပါသည်။

"'နန' ကို ခွင့်ပြုပါဦး 'ကိုနိုင်'"

"ဖုန်းဆက်လိုက်နော်"

"ဟုတ်ကဲ့ပါ"

သားအဖနှစ်ယောက်လုံး ကားနားအထိ လိုက်ပို့ပေးကြပါသည်။

သူမ 'သံသာသာ' ကို စိုက်ကြည့်ရင်း ပိုက်ဆံအိတ်ထဲမှ ကဒ်ကလေးတစ်ကဒ် ထုတ်ပေးလိုက်မိပါသည်။

"အဲ့ဒါ သား 'ခွန်းချို' ရဲ့ ကဒ်ပဲ... သမီးတို့ချင်း ခင်မင်ပြီးသားဆိုတော့ သမီး ဆက်ချင်ရင်လဲရတယ်"

'သံသာ' ကဒ်လေးကို တရိုတသေလှမ်းယူရင်း 'ဒေါ်နန' ကို ကြည်နူးစွာ ပြုံးပြလိုက်မိပါသည်။


www.burmeseclassic.com

www.burmeseclassic.com



စတွေ့တွေ့ခြင်းက ဖေဖေ့ရဲ့ အချစ်ဦးအနေဖြင့် 'သံသာ' ရင်ထဲတွင် မကြည်မလင်ရှိခဲ့သေးသော်လည်း ခုတော့ 'ကိုခွန်းချို' ရဲ့ အမေအနေဖြင့် 'သံသာ' လေးစားမိပါပြီ။

"ကဲ ခွင့်ပြုကြပါဦး"

နှစ်ယောက်လုံးကို နှုတ်ဆက်ပြီး ကားမောင်းထွက်သွားတော့ အလာ သူမ ရင်ထဲပေါ့ပါးနေသလို ခံစား ရပါသည်။

သည်လို ခံစားမှုမျိုးကို မခံစားရတာ အနှစ်သုံးဆယ် တိုင်ခဲ့ပါပြီ။

ဟိုး လွန်ခဲ့တဲ့အနှစ်သုံးဆယ်က 'ကိုနိုင်' က စင်ပေါ် က၊ အခု သူမက စင်ပေါ်ကိုပြန်ရောက်ခဲ့ပြီလား။

မောင်းရင်း တစ်ယောက်တည်း ကျေနပ်စွာ အော်ရယ် လိုက်မိပါသည်။

ကျွန်မ ခေါင်းထဲမှာလည်း အတွေးတွေနဲ့ ပြည့်နှက် ကာနေပါတော့သည်။



## ၃

'သံသာ' နှင့် တွေ့ချင်ပါတယ်ဆိုမှ 'ခွန်းချို' အလုပ်က လုံးဝမအားရအောင် ဖြစ်နေတာကြောင့် မာမီက 'ခွန်းချို' ရဲ့ ပြန်ကြားချက်ကို ပြန်စောင့်နေရတဲ့ အဖြစ်မျိုးပါ။

'သံသာ' ရဲ့ ကဒ်လေးကိုရကတည်းက 'ခွန်းချို' အံ့ သည်းသြဝမ်းလည်းသာမိပါသည်။

မာမီ့ကိုကြောက်ရ၍ စာပဲဖိကြိုးစားနေတဲ့ကြားက သူ့ရဲ့ရင်ထဲကို မကြာခဏလို တိုးဝင်လာတတ်တာ 'သံသာ' ရဲ့ လှပသောမျက်ဝန်းလေးနဲ့ နှုတ်ခမ်းလေးတစ်စုံပါ။ မိန်းက



www.burmeseclassic.com

လေးအုပ်စုငါးယောက်ထဲမှာကျန်လေးယောက်က စွာစိလန်၊ ဇတ်ဇတ်ကျဲ သည်းသည်းလှုပ် ကဲကဲပို တို့ ဖြစ်ကြပေမယ့် သူမလေးကိုတော့ တွေ့စဦးကပင် ရေခဲတုံးလေးအဖြစ် နာမည်ပေးမိပါသည်။

သူ့ရဲ့နှလုံးသားကို အေးချမ်းစေတဲ့သူ။

သူ့ရဲ့စိတ်တွေကို ငြိမ်းချမ်းစေတဲ့သူ။

ဒီလိုနဲ့ ကျောင်းတွေ ပြီးသွားသည်အထိ ရေခဲတုံးလေးနဲ့သူ ဓာတ်လမ်းမဆုံဖြစ်တော့ပါ။

သူ့ဘက်က အေးနေသလို၊ သူမဘက်ကလည်း အေးနေတာဆိုတော့ ပြန်ဆုံဖို့က ခက်သွားခဲ့ပါသည်။

သူငယ်ချင်းတွေကတော့ 'သံသာ'နဲ့သူ့ကို ပြန်လည်ကာ ဆုံဆည်းစေချင်ကြပါသည်။ ခက်တာ သူက မာမီ့အလုပ်ထဲတန်းဝင်ကာ လုပ်ခဲ့ရတာဆိုတော့ သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ် ပြတ်ခဲ့ရပါသည်။

တချို့က သင်္ဘောတက်၊ တချို့က နိုင်ငံခြားထွက်နှင့် 'သံသာ'နဲ့ ဆုံတွေ့ဖို့လမ်းက ပိုမို၍သာ ဝေးကွာနေခဲ့ရပါသည်။

ခု မာမီ ယူလာ၍သာ သူ 'သံသာ' ရဲ့ လုပ်ငန်းကို သိခွင့်ရခဲ့တာပါ။ 'သံသာ'က သူ့နာမည်နဲ့တေးသံသွင်းဆိုင် ဖွင့်ထားခဲ့တာ မဟုတ်ပါလား။





သူ သတိရသလို 'သံသာ'ကလည်း သူ့ကို သတိရနေတဲ့ပုံစံမျိုးပါ။

တေးသံသွင်းဆိုင် ဖွင့်ထားတာက အစ 'ခွန်းချိုသံသာ'တဲ့။

'ခွန်းချို'နဲ့ 'သံသာ'တို့ ပေါင်းစည်းရမယ့် နမိတ်သဘောများလား။

ပြန်လာတည်းက ကဒ်လေးကို တကြည့်ကြည့်နှင့်ပြုံးရွှင်နေသော သားရဲ့မျက်နှာကို ငေးကြည့်ကာ 'ဒေါ်မြပုလဲနု' အဓိပ္ပါယ်ပါပါ ပြုံးလိုက်မိပါသည်။

"ဘယ်လိုလဲ... မာမီ ဖုန်းဆက်လိုက်ရတော့မှာလား"

မာမီက ဖုန်းဆက်ချင်နေပေမယ့် 'ခွန်းချို' အလုပ်ကဆက်တိုက်ကို မအားပါ။

တိုက်တစ်လုံးက ယခုမှ စပြီး ပန္နက်ရိုက်တာဆိုတော့ 'ခွန်းချို' လွှဲထား၍ လုံးဝမရပါ။ ထိုအချိန်က အရေးကြီးဆုံးအချိန်မဟုတ်လား။

"'သံသာ'လေးကတော့ မာမီ့ရဲ့ဖုန်းကို မျှော်နေတော့မှာပဲ"

'သံသာ'သည်လည်း တကယ့်ကို မျှော်နေမိပါသည်။

ခုမှလည်း အရင်တုန်းက ရှေးလူကြီးတွေ ပြောခဲ့ကြတဲ့စကားအဓိပ္ပါယ်ကို ပိုမို၍သာသိလာခဲ့ပါသည်။

www.burmeseclassic.com

မိန်းမကြိုက်တော့ မှော်လိုက်တာ၊ ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာတဲ့။

အန်တီ 'သံသာ' တို့ဆိုင်က ပြန်သွားခဲ့တာသည် သုံးရက်ပင်တိုင်ခဲ့ပါပြီ၊ ခုချိန်ထိ ဖုန်းမဆက်သေးတော့ မအားလို့လား၊ ဒါမှမဟုတ် 'သံသာ' ကိုပဲ မတွေ့ချင်တော့လို့များလား။

မနက်ဆို ဖုန်းလေးကို အစိပ္ပါယ်မဲ့ ငေးကြည့်နေမိသည်။ ညညဆိုလည်း ဖုန်းသံများ ကြားရလေမလား မျှော်လင့်မိတာအမှန်ပါ။

ဖုန်းများပျက်နေလေမလား။ ဒါမှမဟုတ် ဓါတ်ခဲများကုန်နေမလား မကြာခဏ ဖွင့်ဖွင့်ပြီး နားထောင်ရတာလည်း အမောပါ။

လေးရက်မြောက်နေ့မှာတော့ 'သံသာ' စိတ်မရှည်ချင်တော့ပါ။ 'သံသာ' ယောကျ်ားတစ်ယောက်ရဲ့ လှည့်စားခြင်းကို ခံလိုက်ရပြီလား။

'သံသာ' ဘဝမှာ ပထမဦးဆုံး အကြိမ်အဖြစ် မျက်ရည်ကျမိပါသည်။ ဖုန်းကိုလည်း ပိတ်ထားလိုက်မိပါသည်။

သမီးဖြစ်သူ ဒီလို ခံစားနေရတော့ 'ဦးနိုင်အောင်' ကိုယ်တိုင်လည်း ကိုယ့်ကိုကိုယ် အပြစ်မကင်းသလို ခံစားနေရပါသည်။





သူသာ 'နုနု' ကို မဖိတ်ခေါ်မိလျှင် သမီးလေး ဒီလို ဖြစ်မလား။

ခန်းသည်ကလည်း သူ့ကို မျက်စောင်းခဲပါသည်။

"အချစ်ဦးဆိုတော့ ရင်နုန်ချင်တာလေ… ခုတော့ ဟိုက်ကြွသွားပြီ မဟုတ်လား"

"မအားလို့ နေမှာပါ 'ရွှေစင်' ရယ်"

"မအားရအောင် သူက ဘာမို့လို့လဲ"

'ကိုအောင်' နှင့်သူ လက်ထပ်စဉ်က 'နုနု' ဆိုတာ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ် ကောင်မလေးတစ်ယောက်ပါ။

အဖေမရှိတော့ဘဲ အမေဖြစ်သူ မုဆိုးမကြီးနဲ့ ညီအစ်ကိုမောင်နှမတွေ တစ်ပုံကြီးထဲက တစ်ယောက်သောသူသာပါ။ဒါကြောင့်လည်း 'ကိုအောင့်' အမေ 'ဒေါ်ခင်တင့်' က 'ရွှေစင်' နဲ့မှ သဘောတူခဲ့တာနေမှာ။

"ရုပ်ချောတာ ဗိုက်မပြည့်ဘူး သားရေ… အရေးကြီးတာ ဗိုက်ပြည့်ဖို့ပဲ… 'နုနု' လို ညီအစ်ကို မောင်နှမအများကြီးနဲ့ မိန်းကလေးတစ်ယောက်ကို သားလက်ထပ်လို့ကတော့ သားပဲ နွားဖြစ်သွားမှာ 'နုနု' ကို အမေမုန်းလို့ပြောတာ မဟုတ်ဘူးနော်"

ဖြူဖြူသွယ်သွယ် ချစ်စဖွယ်အပြုံးနဲ့ 'နုနု' ကို 'ဒေါ်ခင်တင့်' မမုန်းတာအမှန်ပါ။ ဒါပေမဲ့ သားတစ်ယောက်ကို ပေးလိုက်ရတဲ့အထိတော့ သဘောမကောင်းနိုင်ပါ။


www.burmeseclassic.com

www.burmeseclassic.com



'ရွှေစင်' တို့ မိဘတွေဆိုတာက ကိုယ့်ထက်အများကြီး ကို ကျိုကျိုတက်ချမ်းသာသော ရွှေကုန်သည်တွေပါ။

သားဖြစ်သူကို ပြည့်စုံသော ဘဝမှာသာ ရှင်သန်စေ ချင်ပါသည်။ ဒါကြောင့်လည်း သားဖြစ်သူ နောက်ဆုံးနှစ်ဖြေ အပြီးတွင် မပြောမဆို 'ရွှေစင်' နဲ့ လက်ထပ်ပေးခဲ့မိသည်။

'နုနု' အတွက် စိတ်မကောင်းပေမယ့်လည်း လူဆိုတာ အတ္တတွေချည်းမို့ သူ့သားအတွက် သူ စိတ်ချမ်းသာရသည်။ 'ရွှေစင်' ကဆို သားဖြစ်သူကို ချစ်လိုက်တာ နှုတ်ဖျားက 'ကို အောင်' ဆိုတာ ဘယ်တော့မှမချပါ။

သားဖြစ်သူ မော်လမြိုင်မှာနေလျှင် 'နုနု' နဲ့ ပြန်တွေ့ နေမှာစိုး၍ မန္တလေးကို ခေါ်သွားကာ သူမ ဖေဖေလုပ်ငန်းထဲ တွင် ဝင်လုပ်စေပါသည်။

၃ နှစ်သုံးဆယ်ကြာမှ 'နုနု' ဆိုတာ 'ရွှေစင့်' နားထဲ ပြန်ကြားလာရတာဖြစ်ပါသည်။

"ပြောပါဦး သူက ဘာမို့လို့လဲ"

"'နုနု' က ဘာလဲတော့ မသိဘူး... သူ့သား 'ခွန်းချို' ကတော့ 'မြပုလဲနု' ဆိုတဲ့ ကွန်စထရပ်ရှင်းမှာ ဒါရိုက်တာ တစ်ယောက်ပဲ"

'မြပုလဲနု' ဆိုသော နာမည်ကြီးဆောက်လုပ်ရေး 'ရွှေစင်' ကြားဖူးပါသည်။ 'ရွှေစင်' ရဲ့ မိတ်ဆွေတိုက်





'ဒေါ်မြပုလဲနု' ဆောက်ပေးခဲ့တာဖြစ်သည်။

တိကျမှန်ကန်သော အချိုးအစားနှင့် ခေတ်မီလှပသော ဒီဇိုင်းတွေကြောင့်လည်း 'ဒေါ်မြပုလဲနု' နာမည်ကြီးတာ ဖြစ်ပါ သည်။

"သူ့နာမည်က 'နုနုနိုင်' ပဲလား"

"'ကိုအောင်' နဲ့ပြောတော့ 'နုနု' လို့ပဲ ပြောတာပဲ... ဘာဖြစ်လို့လဲ"

'ဒေါ်မြပုလဲနု' ဆိုတာ သူမများ ဖြစ်နေလေမလား။

သမီးကပြောတော့ 'နုနု' မောင်းလာတဲ့ကားကြီးက နောက်ဆုံးပေါ် ပရာဒိုးကားကြီးတဲ့။ နေတာကလည်း ကမ္ဘာ ့ရိပ်သာမှာနေတာဆိုတော့ 'နုနု' ဆိုတာ 'ဒေါ်မြပုလဲနု' များ ဖြစ်နေလေမလား။

မှုက်ဝန်းထဲ လွှန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်က မြင်ဖူး ခဲ့တဲ့ အသားဖြူဖြူ အရပ်မနိမ့်မမြင့် ဇင်ယော်တောင် မျက်ခုံးလှ လှဖြင့် ကောင်မလေးကို မြင်ယောင်နေမိပါသည်။

'ရွှေစင်' ပစ္စည်းဥစ္စာမှာသာ 'နုနု' နဲ့ ယှဉ်ရဲပေမယ့် သာနဲ့ရုပ်ရည်မှာ 'နုနု' ကို လုံးဝ မယှဉ်ရဲပါ။

'ရွှေစင်' က အသားလဲမည်းကာ ရုပ်လဲဆိုးပြီး အတန်း ညာဆိုလည်း ဆယ်တန်းပင် မအောင်ပါ။

'ကိုအောင်' မန္တလေးကိုလာလည်ပြီးတည်းက 'ရွှေစင်'



www.burmeseclassic.com

www.burmeseclassic.com



သဘောကျခဲ့တာကြောင့်လည်း အကြောင်းမရှိ အကြောင်းရှာကာ မော်လမြိုင်ကို လာလာလည်သည်။

မိန်းကလေးတစ်ယောက် ယောကျ်ားလေးရှိတဲ့ အိမ်အလာများတော့ လူကြီးတွေလည်း မရိပ်မိဘဲနေပါ့မလား။

ကိုယ့်သ. . အခြေအနေ ရိပ်မိနေတဲ့ မေမေက 'ကိုအောင့်' အမေကို နားဖေါက်ခဲ့ရာမှ 'ရွှေစင်' 'ကိုအောင့်' ကို ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းပါ။

'ကိုအောင့်' ကို ပိုင်ဆိုင်ခွင့်မရခင်ကဆို 'ရွှေစင့်' ရင်တွေ ပူလိုက်ရတာ။

'ကိုအောင့်' အခန်းထဲက စာကြည့်စားပွဲပေါ်တွင် 'နုနု' ခါတ်ပုံလေးထောင်ထားတာ 'ရွှေစင်' အမြဲတမ်း တွေ့ရသည်။

'နုနု' ရဲ့ ပြုံးနေတဲ့ ခါတ်ပုံလေးကိုမြင်တိုင်း 'ရွှေစင်' အားငယ်သလို ခံစားရသည်။

ခုတော့လည်း ဒီအဖြစ်တွေက ဟိုးအဝေးကြီးမှာ ကျန်ရစ်ခဲ့ပါပြီ။

စလက်ထပ်ကာစက 'ကိုအောင်' ကိုယ်တိုင်လည်း 'နုနု' ကို လွမ်းဆွတ်စိတ်၊ သူ့မိခင်ကို နာကြည်းစိတ်ဖြင့် 'ရွှေစင့်' ကို ခပ်စိမ်းစိမ်း ဆက်ဆံခဲ့ပေမယ့်လည်း သမီးလေး 'သံသာ' ကို မွေးပြီးနောက်မှာတော့ 'ရွှေစင်' ကို မစိမ်းကားတော့ပါ။

'ရွှေစင်' လိုချင်တဲ့ဘဝကို 'ရွှေစင်' ရရှိခဲ့ပါပြီ။ ခု အနှစ်





သုံးဆယ်ကြာမှ 'ရွှေစင်' တုန်လှုပ်ရခြီးမှာလား။



www.burmeseclassic.com

www.burmeseclassic.com



# ၆

"သူ ချောတုန်းပဲလား သမီး"

ယောကျ်ားကွယ်ရာမှာ သမီးဖြစ်သူကို ကြိတ်ကာ မေးမိသည်။

"ချောတုန်းပဲ မေမေ... ဖေဖေ့ မိတ်ဆွေမို့လို့သာ အသက်ကိုသိရတာ... သူ့ပုံစံက အသက်သုံးဆယ်ကျော် လောက်ပဲထင်ရတယ် ပါးလေးတွေဆို ပြောင်ဝင်းနေတာပဲ"

'ရွှေစင်' တင်းတိတ်စွဲနေသော သူ့ပါးကိုကိုင်ကာ အားငယ်သွားရပါသည်။

နဂိုရုပ်က မလှရတဲ့ကြားထဲ အသက်ကြီးလာ၍ ဆံပင်



ကို နဖူးပြောင်သိမ်းလိုက်တော့ ပိုရင့်ရော် သွားရပါသည်။

"ခြေသဲရှည် လက်သဲရှည်ကို သူ ဝတ်လာတဲ့ ခရမ်းနုရောင် Twin ဆက်နဲ့ ဆင်တူဆိုးထားတာ... ဒေါက်ဖိနပ်ကလဲ ရှားရှားပါးပါး ခရမ်းနုရောင်လေး"

'ရွှေစင်' က ရင့်ရော်လာတဲ့ အသက်အရွယ်နဲ့လိုက်အောင် အရင့်အရောင်တွေ ရွေးဝတ်နေချိန် သူမကတော့ နုနုဖတ်ဖတ်လေးတွေ ဝတ်နေတုန်းပါလား။

"သားတောင် ဒီအရွယ်ရှိနေမှပဲ သူ့ယောကျ်ားကော ဟင်"

"တစ်လပဲ ပေါင်းခဲ့တယ်လို့ ပြောတာပဲ"

"တစ်လပဲ ပေါင်းယုံနဲ့ သူ ဒီလောက် ချမ်းသာသွားသလား"

မဖြစ်နိုင်ဘူးဟု 'ရွှေစင်' ထင်မိပါသည်။ 'နုနု' နဲ့သူတို့နဲ့ ဝေးကွာခဲ့ကြတာ အနှစ်သုံးဆယ်တိုင်အောင်ပဲ။ ဒီကြားထဲ 'နုနု' နောက်တစ်ယောက်နဲ့ ထပ်မတွေ့ဘူးဟု ဘယ်သူပြောနိုင်မလဲ။

ငါးရက်မြောက်နေ့မှာတော့ 'သံသာ' ဖုန်းပြန်ဖွင့်ဖြစ်သည်။

ဖုန်းဖွင့်လိုက်သည်နှင့် ကြားလိုက်ရသည်က အန်တီရဲ့ နူးညံ့ချိုသာသော အသံပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး 'သံသာ' လား အန်တီပါ"

"အန်တီ"

'သံသာ' ဝမ်းသာလွန်းစိတ်ဖြင့် လှုပ်ရှားသွားရပါသည်။

"သမီးတို့ဆီက ပြန်လာပြီးတည်းက အန်တီ ဖုန်းဆက်မလို့ပါဘဲ… သားအလုပ်က ဖြတ်မရတာနဲ့ အခုမှ ဆက်ဖြစ်တာ… 'ကိုနိုင်' များ စိတ်ဆိုးနေလား"

"ဟာ မဆိုးပါဘူး အန်တီရယ်… မအားကြလို့ပဲ ဥစ္စာ"

"ဒီနေ့ကတော့ သားကိုယ်တိုင်က လိုလိုလားလား ညနေမှာ သူအားမယ်လို့ပြောတယ်လေ သမီးတို့ဘက်ကအဆင်ပြေရဲ့လား"

"'သံသာ' တို့အလုပ်က 'ကိုခွန်းချို' လောက် မများပါဘူး"

ကိုယ်ပိုင်စီးရီး ထုတ်ချိန်တွင်သာ အဆိုတော်နဲ့ရက်ညှိရ၊ တီးဝိုင်းနဲ့ရက်ချိတ်ရ၊ ကြော်ငြာရိုက်ရနဲ့ အလုပ်ရှုပ်သလောက် စီးရီး သစ်မထုတ်ချိန်များတွင် ပုံမှန်အရောင်းအဝယ်ပဲ ရှိတတ်ပါသည်။

"သမီးကော သီချင်းမဆိုဘူးလား"

"'သံသာ' ဝါသနာပါ ပါတယ်… အဆိုသင်တန်းလည်းတက်ထားဘယ်… တစ်နေ့နေ့မှာတော့ ထုတ်ဖြစ်မယ်နဲ့တူပါတယ်"





"ဘယ်သူမှ အားမပေးရင်နေ အန်တီ့သားကတော့ အရင်ဆုံးအားပေးမယ့် သူပါပဲကွယ်… "

'သံသာ့' ရင်ထဲ ကြည်နူးချမ်းမြေ့ရပါသည်။

"ဒါနဲ့ သမီးတို့ ခြံနံပါတ် အန်တီ့ကို ပြောပြထားဦးလေ… အန်တီတို့ ညနေငါးနာရီလောက် အရောက်လာမယ်"

ခြံနံပါတ်ပြောပြပြီး အန်တီ့ဘက်က ဖုန်းချသွားခဲ့ပေမယ့် 'သံသာ့' ဘက်က အနားမနေနိုင်ပါ။ မေမေ့ဆီကို ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြရသည်။

ပြီးတော့ လိုအပ်တာတွေ မေးရသည်။ အန်တီ ဘာကြိုက်တတ်သလဲ 'သံသာ' မသိပေမယ့် ဖေဖေကတော့ သိနိုင်တာမို့ အပြင်ရောက်နေတဲ့ ဖေဖေ ဟဲန်းဒ်ဖုန်းကို ဆက်ရပြန်သည်။

"အရင်တုန်းကတော့ 'နုနု' က အသုတ်တို့ ဟင်းခါးတို့ကြိုက်တာပဲ"

ကျောက်ပွင့်သုတ်နှင့် ကြာဇံဟင်းခါးချက်ဖို့ အောင်ဆန်းကွင်းနားက City Mart ကို ကားမောင်းလာခဲ့မိပါသည်။

ကားမောင်းလာရင်းမှလည်း သူမကိုယ်သူမ ရက်သလို ခံစားမိပါသေးသည်။ ဘာဖြစ်လို့များ သူမ ဒီလောက် အောင် စိတ်တွေလှုပ်ရှားနေခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကသာ လှုပ်ရှားနေသည်၊ 'ကိုခွန်းချို' ကတော့ သူမကို သတိမှုရသေးရဲ့လား။

ခုန အန်တီ ပြောသွားတုန်းကတော့ 'သံသာ' စီးရီး ထွက်လျှင် တခြားသူ အားမပေးလျှင်နေ သူ့သားကတော့ အရင်ဆုံးအားပေးမှာပါတဲ့။

ဟုတ်ရဲ့လား 'ကိုခွန်းချို' ရယ်။ 'သံသာ' မှာသာ 'ကိုခွန်းချို' ကို သတိရနေမိတာပါ။ မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံးပွင့်တာ နဲ့ 'ကိုခွန်းချို' ကို အရင်ဆုံးသတိရတတ်လို့ 'သံသာ' ရဲ့ တေးသံသွင်းဆိုင်နာမည်ကိုပင် 'ခွန်းချိုသံသာ' လို့ ပေးထားတာပဲကြည့်ပါ။

အရင်တုန်းက 'သံသာ' သာ အဓိပ္ပါယ်နဲ့ပေးတယ်ဆိုတာ ဖေဖေတို့မသိကြပေမယ့် ခု အန်တီနဲ့ တွေ့ကြပြီးနောက်ပိုင်း ဖေဖေက မကြာခဏစတတ်ပါသည်။

"ငါ့ သမီး တေးသံသွင်းဆိုင် နာမည်ရွေးတာ ကောင်းလှချည်လားအောင်းမေ့ပါတယ် လက်စသတ်တော့ အဓိပ္ပါယ်နဲ့ ပေးထားတာကို"

"'ခွန်းချို' ဆိုတဲ့ နာမည်လေးက လှလို့ပေးထားတာကလွဲရင် ဘာမှမဆိုင်ပါဘူး ဖေဖေရာ"

"သေချာလို့လား"

ဖေဖေ 'သံသာ' ရဲ့ မျက်နှာကို စိုက်ကြည့်လာတဲ့အခါ





'သံသာ' မနေတတ်တော့ပါ။ မျက်နှာကိုဝှက်ကာ ဖေဖေ့ကို ထုရိုက်မိတတ်ပါသည်။ အဖေနဲ့ သမီးပေမယ့်လည်း ဖေဖေက 'သံသာ' ကို သူငယ်ချင်းတစ်ယောက်လို ရင်းနှီးချစ်ခင်စွာလည်း ပေါင်းတတ်ပါသည်။

တစ်ဦးတည်းသော သမီးလေးမို့ ဖေဖေတို့ဘယ်လောက် ချစ်မြတ်နိုးတယ်ဆိုတာကို 'သံသာ' သိထားသလို 'သံသာ' ကလည်း မိဘစိတ်ဆင်းရဲအောင် ဘယ်တုန်းကမှ မလုပ်ခဲ့ဘူးတာ ခုအရွယ်ထိတိုင်အောင်ပါ။

ကားမောင်းရင်းမှ 'ကိုခွန်းချို' ဘာ ကြိုက်တတ်သလဲ တွေးနေမိပြန်သည်။

ဆီပြန်ဟင်းတွေက ရိုးနေတာမို့ ရှမ်းဟင်းတွေဝယ်စားလျှင်ကော 'ကိုခွန်းချို' နှစ်သက်ပါ့မလား။ ဘာပဲဖြစ်ဖြစ် ဇီးတီးမတ်က အထွက် အနားက ရှမ်းဆိုင်က ကြက်ချဉ်စပ်နှင့် ဘောက်တောက်ကြော်နှစ်ပွဲ ဝယ်လိုက်သည်။

ညနေမှ စားမှာဆိုတော့ မိုက်ကရိုဝေ့ဗ် မီးဖိုထဲထည့်ထားလျှင် ပူနွေးနေနိုင်သည်။

ပြီးတော့ ဘာဟင်းထည့်လျှင် ကောင်းဦးမလဲ။

ဘဲကင်ဆိုလျှင်ကော အန်တီ နှစ်သက်ပါ့မလား။ သွေးတိုးရှိတယ်ဆိုပြီး စားပါ့မလား။

ကားပေါ်တက်ခါနီး မေမေ့ကို ဖုန်းဆက်မေးပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘဲကင်ထည့်ရင် ကောင်းမလား မေမေ"

တစ်ဖက်က မေမေ့ဆီက ဘာသံမှ ထွက်မလာပါ။

ဖေဖေ့ရဲ့ အချစ်ဦးလာမှာမို့ မေမေ သဝန်တိုနေပြီထင်သည်။

"မေမေ ဘယ်မှာလဲ"

"'ကိုမှာ' ဆီမှာ"

"ဟင် ဘာလုပ်နေတာလဲ"

ဒီအချိန် ရွှေဆိုင်မှာ ရှိရမှာကို မေမေ အလုပြင်ဆိုင်ဘာသွားလုပ်ပါလိမ့်။

"ဆံပင်လာပြင်တာလေ... သူနဲ့ယှဉ်ရင် မေမေ လှနေဖို့ မလိုဘူးလား... ပြီးရင် မျက်နှာပေါင်းလဲတင်ခဲ့ဦးမှာ"

"ဟာ ဒါဆို စားဖို့သောက်ဖို့ မေမေ ဘာမှ မစီစဉ်တော့ဘူးလား"

"သမီး စီစဉ်နေပြီပဲ... သမီးက မေမေ့ထက် ပိုတက်ကြွနေမှာပါ"

"မေမေ ဘာတွေပြောနေတာလဲ"

'သံသာ' မှန်တာပြောတော့ ငိုချင်လာပါပြီ။

'သံသာ' ရဲ့ပုံစံက ဒီလောက်တောင်မှပဲ ဖုံးဖိမရတော့ဘူးတဲ့လား။





"အလကား ပြောတာပါ... ဒီက ပြန်လာရင် မေမေ ဈေးဝယ်ခဲ့မယ်... ဘာဝယ်ခဲ့မလဲ..."

"ကျောက်ပွင့်သုတ်မယ်ဆိုတော့ ကြာဇံဟင်းခါးချက်မယ် မေမေ... ကြက်တစ်ကောင်လောက် ဝယ်ခဲ့ပေးပါ... ပြီးတော့ ငါးပုစွန်လည်း နည်းနည်းဝယ်ခဲ့ပေးဦးနော် မေမေ"

"အခု မေမေတို့ထမင်းပွဲက ဧည့်စပ်ထမင်းပွဲတော့ မဟုတ်သေးပါဘူးနော်"

"'သံသာ' အတွက်ကတော့ မဟုတ်သေးပါဘူး... မေမေ့ဘက်ကသာ ဟုတ်နေသလိုလိုနဲ့ အလှတွေ စွတ်ပြင်နေပြီး"

"ဒီအချိန်မှာ မေမေလှဖို့လိုမယ်ဆိုတာ သမီး သိရဲ့သားနဲ့"

"မေမေက ဖေဖေ့ကို ပိုင်ဆိုင်ထားတဲ့သူပဲ... မလိုတော့ပါဘူး"

သမီး ဒီလိုပြောလိုက်တော့လည်း 'ဒေါ်ရွှေစင်' ရင်အေးသွားရပါသည်။

ဟုတ်ပါသည်။

'ကိုအောင်' က သူမရဲ့ ခင်ပွန်းပဲလေ...။ ဒါပေမဲ့ 'နုနု' နဲ့ယှဉ်လိုက်ရင် သူမလည်း မလှလာရင်တောင် အရုပ်ဆိုးတာကို မမြင်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အပြန် 119 စတိုးဆိုင်ကိုဝင်ကာ အိမ်နေရင်းဝတ်ဖို့ အင်္ကျီဝင်ဝယ်လိုက်ဦးမည်။

သမီးပြောတော့ 'နုနု' ဝတ်ထားတာက Ready made တဲ့။ သူမရဲ့အင်္ကျီအားလုံးက ချုပ်ဝတ်ထည်တွေချည်းပဲ ဖြစ်နေသည်။

အိမ်နေရင်းလည်း လှတပတလေး ဖြစ်ချင်နေသည်။

'ကိုအောင်' မြင်လျှင် သူမကို ဘယ်လိုများ ပြောမည်မသိပါ။

ဘယ်လိုပဲဖြစ်ဖြစ် သည်နေ့အဖို့တော့ 'ရွှေစင်' လှချင်နေတာအမှန်ပါ။



၇

မေဘယ်လ်လိုင်း ပန်းဆီရောင် နှုတ်ခမ်းဆိုးဆေးတင်ပြီးသည်နှင့် မှန်ကိုအပြီးသတ် လည်ပြန်ကာ လှည့်ကြည့်မိလိုက်ပါသည်။

ပခုံးထိ ဖွဖွရွရွ ကောက်ထားတဲ့ ဆံပင်ကို ပြင်သစ်ဆံထုံး ခပ်ဖွဖွထုံးကာ တစ်ဖက်အနားသတ် ခေါက်သွင်းထားတဲ့ ဆံပင်အစပ်တွင် စိန်ကလစ်လှလှကို ထိုးလိုက်မိပါသည်။

ပန်းဆီရောင် နှစ်ထပ် Twin ဆက်အင်္ကျီက သူမရဲ့ကိုယ်ခန္ဓာအချိုးအစားကို ပိုမိုလှပစွာ ပုံဖော်ပေးထားသလို


www.burmeseclassic.com

www.burmeseclassic.com



ကိုးရီးယားစိန်မိုက်ကယ် ပန်းဆီရောင်လုံချည်ပျော့ကလည်း သူမရဲ့ အသားဝင်းဝင်းကို ပိုဝင်းလက်စေပါသည်။

ပလက်တီနမ်ဖြင့် လုပ်ထားသော ပန်းရောင်စိန်နာ ကပ်နှင့်လည်ဆွဲကို ဆင်တူဝတ်ထားပြီး လက်ခလယ်တွင် ပုလဲ ပန်းရောင်ကို စိန်ပန်းရောင်သေးသေးလေးတွေ သုံးဆင့်ဝန်း ရံထားသော လက်စွပ်ဝတ်ပြီးတဲ့အခါမှာတော့ သူမရဲ့အလှပြင် ဆင်ခြင်း လက်စသတ်သွားပါသည်။

ရေမွှေးဆွတ်ကာ အခန်းပြင်ကို ထွက်အလာ အခန်းထဲ က ထွက်လာသော 'ခွန်းချို' က ပြုံးကာ လှမ်းပြောပါသည်။

"မာမီ ဒီလိုပြင်ဆင်ထားတာ အရေးမကြီးဘူး... အားလုံးက အမေ မထင်ဘဲ အစ်မထင်နေကြတာ ခက်တယ်"

လုပ်ငန်းကြီးကြီးမားမား လုပ်နေသူမို့ ဘယ်နေရာ ကိုမှ ပြီး စလွယ်သွားလို့ မဖြစ်တာအမှန်ပါ။ သည်တော့လည်း အထိုက်အလျောက် သူ့နေရာနဲ့သူ ဝတ်ရစားရတာ အကျင့်လို ဖြစ်နေပါပြီ။

"မာမီ့ကိုသာ ပြောနေတာ...သားကကောဒီနေ့လောက် ပြင်ဆင်ထားတာ ဘယ်တုန်းကရှိခဲ့ဖူးလို့လဲ"

"အဟဲ နည်းနည်းပါ"

'ခွန်းချို' က ရှက်ရယ်ရယ်မိရင်း ဧည့်ခန်းဝတွင်ချိတ် ထားသောမှန်ထဲမှ သူ့ပုံရိပ်ကို စိုက်ကြည့်လိုက်မိပါသည်။





မနက်ကတင် 'တိုနီထွန်းထွန်း' တွင် ဝင်ညှပ်လာခဲ့ သော ဆံပင်တိုတိုတိက သူ့မျက်နှာချောချောကို ပိုမို၍သာထင် ရှားပေါ်လွင်စေပါသည်။

အသားပျော့ပျော့ထူထူ အသားရောင်ရှပ်လက်ရှည်၊ စ တိုင်လ်ဘောင်းဘီအနက်ရောင်အရှည်ဖြင့် နာရီအကောင်းစား တစ်လုံးသာပတ်ထားပေမယ့်လည်း လုပ်ငန်းရှင်ဆိုသောဂုဏ် ...ဒ်နှင့်အညီ 'ခွန်းချို' ပုံစံကသပ်ရပ်သားနားကာ မွန်ရည်ချော ...နေရပါသည်။

'သံသာ' ကော ဘယ်လိုပုံစံဖြစ်နေပြီလဲ။

ကျောင်းမှာတုန်းကတော့ နဖူးပေါ်ဆံပင်ထူထူလေးချ ...ာ ပခုံးထိယုံဆံပင်ဘိုတိုလေးကို ကတ္တီပါခေါင်းစည်းထူထူ လေးတွေဖြင့် မြင့်မြင့်လေးစုချည်ထားတတ်ပြီး ကြိုးသိုင်း ...က်မြင့်ဖိနပ်ထူထူလေးတွေ ရောင်စုံစီးကာ သူမက ထင်ရှား ပေါ်လွင်နေတတ်တာ အမှန်ပါ၊

အပေါ်လွင်ဆုံးက 'သံသာ' ရဲ့ လှပသော မျက်ဝန်း ...ားတွေပါ။

ထိုမျက်ဝန်းလေးတွေကို မြင်ရတိုင်း 'ခွန်းချို' ရင်ခုန် ...ပ်ရှားမိသည်၊

သူ့သူငယ်ချင်းအုပ်စု၊ ကိုယ့်သူငယ်ချင်း အုပ်စုဖြင့် ...တ်သွားဖြတ်လာ အမြဲတွေ့ရတိုင်း 'ခွန်းချို' နှင့် 'သံသာ'



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်းဆုံမိကြသည်။ ရင်ခုန်ဖူးကြသည်။

ပညာရေးနှင့် ပတ်သက်လျှင် စည်းကမ်းတင်းကြ
လွန်းလှသော မာမီ့ကြောင့် ရှေ့မတိုးရဲခဲ့ပေမယ့် 'ခွန်းချို' ရဲ
နှလုံးသားကို ပထမဦးစွာလှုပ်ရှားစေခဲ့တာ 'သံသာ' ပါ။

အလုပ်ခွင်ထဲဝင်ကာ အလုပ်လုပ်နေသော်လည်းအချိန်
အားရလျှင် သတိရမိတတ်တာ 'သံသာ' ကိုပါ။

'သံသာ' ကကော သူ့လိုပဲ အလုပ်လုပ်နေပြီလား။

ဒါမှမဟုတ် ပြည့်စုံကြွယ်ဝသော မိဘရဲ့အရိပ်အောက်
မှာ ငြိမ်းအေးချမ်းသာစွာ နေနေပြီလား။

သူငယ်ချင်းတွေနဲ့တွေ့လျှင် 'သံသာ့' အကြောင်း စုံ
စမ်းဖို့ စိတ်ကူးမိခဲ့ပေမယ့် အလုပ်အများဆုံးသူက သူငယ်ချင်း
တွေ မဟုတ်ဘဲ သူကိုယ်တိုင် ဖြစ်နေခဲ့တာကြောင့် အလုပ်ထဲ
မှာ သံသရာလည်နေဆဲ မထင်မှတ်တဲ့ မာမီ့ဆီက 'သံသာ့'
Business ကဒ်ပြားရရှိခဲ့ပါသည်။

ညည်တော့မှ 'သံသာ' တေးသံသွင်းဆိုင် ဖွင့်ထားတာ
သိလိုက်ရသည်။

ဖွင့်ထားတဲ့နာမည်လေးကလည်း 'ခွန်းချိုသံသာ' တဲ့
သူ့နာမည်နဲ့ 'သံသာ့' နာမည် နှစ်ခုပေါင်းလေး။

သူ့ကိုသတိရ၍ 'သံသာ' သူ့နာမည်ကိုပါ,ပါအောင်
တွဲဖွင့်ထားတာများလား။





'သံသာ့' ရဲ့ ကဒ်လေးကိုရပြီးတည်းက တွေ့ချင်ဖုန်း
ဆက်ချင်ပေမယ့် သူ့ဘက်ကအလုပ်တွေက floor ခင်းနေတဲ့
အလုပ်၊ ပန္နက်ချနေတဲ့အလုပ်နဲ့မို့ ကဒ်လေးရပြီး ငါးရက်
မြောက်နေ့မှ 'သံသာ' တို့ အိမ်ကိုသွားဖို့စီစဉ်ဖြစ်သည်။

သူ့ကိုတွေ့ရင် 'သံသာ' ဘယ်လိုနေမလဲ။

သူ ကိုယ်တိုင်လည်း 'သံသာ့' ကို တွေ့လိုလှပါပြီ။

သည်အသိဖြင့် ကားသော့ကိုအယူ...

"မာမီ့ကားပဲ ယူသွားရအောင်"

မာမီက သူမရဲ့ကားသော့ကို လှမ်းပေးပါသည်။

'ခွန်းချို' ရဲ့ကားက Mark II နက်ပြာရောင်ဖြစ်ကာ
မာမီ့ရဲ့ ကားကတော့ ပရားဒိုးခဲငွေရောင်ကြီးပါ။

"ဘယ်ကို မောင်းရမလဲ မာမီ"

"နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့က စမ်းရေတွင်း
လမ်းပဲ... သား သိတယ်မဟုတ်လား"

နှင်းဆီကုန်းဘိုးဘွားရိပ်သာကို သူ သိပါသည်။

ကမ္ဘာအေးလမ်းတလျှောက် မောင်းအလာ မာမီက
သူ့ကိုလှမ်းပြောပါသည်။

"နောက်ဆို ဒီလမ်းတွေ ကျိုင့်ဖြစ်မလားပဲ"

"ဘာဖြစ်လို့လဲ"

မာမီက ဘာမှမပြောဘဲ ပြုံးနေမှ သူ့ကိုစနေတာမှန်း



www.burmeseclassic.com

www.burmeseclassic.com

သူ ရိုပ်မိလိုက်ပါသည်။

"ကောင်မလေးက ချစ်စရာလေးပါပဲ… မာမီ့ကို စကားပြောတာလည်း မွန်မွန်ရည်ရည်လေးနဲ့"

ဘယ်မိန်းကလေးနဲ့မှ မပတ်သက်စေချင်တဲ့ မာမီ့ရဲ့ နှုတ်ဖျားကထွက်လာတဲ့ စကားဆိုတော့လည်း 'ခွန်းချို' စိတ်အေးရပါသည်။

စမ်းရေတွင်းလမ်းထဲကို ဝင်လာပြီး ညာဘက်ကိုမချိုးခင် 'သံသာ' တို့ရဲ့ တစ်ထပ်တိုက်ပုလေးကို တွေ့လိုက်ရပါသည်။

ခြံထဲတွင် ဆန်နီစူပါဆလွန်း ခဲပုပ်ရောင်နှင့် ဆန်နီပစ်ကပ် နီညိုရောင်လေးနှစ်စီး ရပ်ထားတာကို တွေ့လိုက်ရ၍ ဟွန်းအတီး ခြံစောင့်ဖြစ်ဟန်တူသူက ခြံတံခါးကို ပြေးလာဖွင့်ပေးပါသည်။

တိုက်ရှေ့တွင် ကားအရပ် 'ခွန်းချို' ရင်ထဲ လမင်းလေး သာသွားခဲ့ရပါသည်။

တိုက်ဝတွင်ရပ်ကာ ဆီးကြိုနေသူက 'ခွန်းချို' ရင်ထဲက တိတ်တခိုးမျှော်လင့်နေခဲ့တဲ့ 'သံသာ' ပါ။

'သံသာ' ဘေးတွင်ရပ်ကာ ပြုံးနေသူက 'သံသာ့' ဖခင်ပဲဖြစ်ရပါမည်။ 'ဒေါ်သာ့' လို မျက်ဝန်းမျိုးအပြင် 'သံသာ့' လို အသားဝင်းဝင်းကိုပါ ပိုင်ဆိုင်ထားပါသည်။



## ၈

"လာ 'နုနု'… ကိုယ် ပြောထားတည်းက 'ရွှေစင်' ကလည်း တွေ့ချင်နေတာ… ဒါ 'နုနု' ရဲ့သားလား"

ကားပေါ်ကဆင်းရင်းမှ သူမ ခေါင်းညိတ်ပြလိုက်မိပါသည်။

တစ်လက်စတည်း 'ကိုနိုင့်' အပေါ်တွင် ရပ်နေသော ...န်းမကိုလည်း လှမ်းကြည့်လိုက်မိပါသည်။

ပုံသွင်းထားပုံရသော ဆံပင်၊ မဲညစ်ညစ်အသားအရည်...ွင် ညိုမြော့မြော့ဘလောက်စ်အကျီကို ပါတိတ်လုံချည်အညို


www.burmeseclassic.com

www.burmeseclassic.com

နဖြင့်တွဲဝတ်ထားတဲ့ မိန်းမက 'ကိုနိုင့်' ကို သူမလက်ထဲက မရမကလုယူသွားတဲ့ မိန်းမတဲ့လား။

နမြောလိုက်တာ 'ကိုနိုင်' ရယ်...။

ပါးစပ်က ဖွင့်ဟချင်လောက်အောင် မိန်းမက အရုပ်ဆိုးအကျည်းတန်လှပါသည်။

သို့ပေမဲ့ ထိုမိန်းမနဲ့ဆန့်ကျင်စွာ 'ကိုနိုင်' ကော 'သံသာ' ပါ ချောမောကြပါသည်။

"သားက လူချောပဲကွ"

ဧည့်ခန်းတွင်းရှိ ဆိုဖာတွင်ဝင်အထိုင် 'ကိုနိုင်' က လှမ်းပြောတာဖြစ်ပါသည်။

"အဖေတူတာတော့ မဖြစ်နိုင်ဘူး... အမေတူတာပဲဖြစ်ရမယ်"

"'ကိုနိုင့်' သမီးလေးလည်း ဘာထူးလို့လဲ... 'ကိုနိုင်' မှ 'ကိုနိုင်' ပါပဲ"

'သံသာ' ခေါင်းငုံ့ကာ ပြုံးနေမိပါသည်။ မတွေ့ခင်က တွေ့ချင်စိတ်ဖြင့် ရင်ခုန်လှုပ်ရှားရသလောက် တွေ့ရပြန်တော့လည်း 'သံသာ' ရှက်နေမိပါသည်။

"သမီး 'သံသာ' နဲ့ 'မောင်ခွန်းချို' တို့က မေဂျာအတူတူပဲဆို"

"ဟုတ်ကဲ့ပါ"





'ခွန်းချို' ခေါင်းညိတ်ရင်း 'သံသာ့' ကို ပြုံးအပြ 'သံသာ' ပြန်ပြုံးပြလိုက်မိပါသည်။

"ကဲ ဧည့်သည်တွေလည်း ဗိုက်ဆာနေတော့မယ် 'ကိုအောင်' ထမင်းစားခန်းထဲခေါ်လေ"

"ဟုတ်သားပဲ... လာ 'နနု' ကော သား 'ခွန်းချို' ပါ... 'နနု' ဖုန်းဆက်တည်းက 'ရွှေစင်' ကော 'သံသာ' ပါ မနားမနေ ချက်နေကြတာ"

စားပွဲပေါ်တွင် ဟင်းခွက်တွေက မနည်းမနောပါ။

"အားနာစရာ 'ကိုနိုင်' ရယ်... 'နနု' တို့အတွက် ဒီလောက်မလိုပါဘူး"

"အားနာစရာ မလိုပါဘူးရှင်... နေ့တိုင်းလည်း ဒီလိုပဲ ချက်နေရတာပါ... 'ကိုအောင်' က အကောင်းကြိုက်လေ... "

'ရွှေစင်' တမင်ပြောလိုက်တာ ဖြစ်ပါသည်။

ခုချိန်မှာ သူမ ဘာကြီးဖြစ်နေနေ တစ်ချိန်ကသူမဘယ်လောက်ဆင်းရဲခဲ့တယ်ဆိုတာ 'ရွှေစင်' အသိပဲ မဟုတ်လား။

ပြုံးတုံ့တုံ့အမူအယာဖြင့် 'နနု' ကို လှမ်းအကြည့် 'နနု' သူမကို 'ရွှေစင်' နှက်လိုက်တယ်ဆိုတာ ချက်ချင်း သိလိုက်မိပါသည်။

"သိတယ် သိတယ်... 'ကိုနိုင်' အကောင်းကြိုက်လွန်းလို့ အပုပ်နဲ့တွေ့သွားတာ 'နနု' မှတ်မိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒူးရင်းသီးကြိုက်သူမို့ နှစ်ယောက်သား ကျောင်းက အပြန် 'ကိုနိုင်' ဒူရင်းသီးတစ်လုံး ဝယ်စားသည်။

ဆိုင်ကပေးတာကိုမယူဘဲ အကောင်းဆုံးတစ်လုံးလို့ ထင်တဲ့ဟာကို ရွေးယူလာကာ ခွဲစားမှ အပုပ်ကြီးဖြစ်နေတာကို 'နုနု' မှတ်မိပါသေးသည်။

"ဟုတ်တယ်နော်... တချို့က အပြင်က ဘယ်လောက် လှနေနေ အထဲမှာပုပ်ချင်ပုပ်နေတတ်တာ"

'ရွှေစင်' လှမ်းပြောလိုက်တာ ဖြစ်ပါသည်။

"တချို့ကျတော့ အပြင်ပုပ်အတွင်းလဲပုပ်ပဲ... မနေ့က 'နုနု' မင်္ဂလာဈေးနားရောက်တာနဲ့ ပန်းသီးဆင်းဝယ်တာ... တံဆိပ်တွေကပ်ထားတော့ အကောင်းပဲထင်တာပေါ့... ဘယ် ဟုတ်ပါ့မလဲ... အနာတွေကိုဖုံးပြီး အပြင်က တံဆိပ်ကပ်ထား တာလေ"

ကလေးတွေနဲ့ 'ကိုနိုင်' က 'နုနု' တို့နှစ်ယောက်ရဲ့စစ်ပွဲ ကို မရိပ်မိကြဘဲပြုံးနေကြပါသည်။

'ကိုနိုင်' နဲ့ လက်မထပ်ခင် 'ရွှေစင်' မန္တလေးမှာ ဘယ် လောက်ပွေခဲ့၊ ရှုပ်ခဲ့တယ်ဆိုတာ 'နုနု' မကြားတာလိုက်လို့။

'ရွှေစင့်' မိဘတွေက သူ့သမီးကို မထိန်းနိုင်တော့၍ မော်လမြိုင်ကိုပို့ကာ 'ကိုနိုင်' နဲ့ နီးစပ်စေချင်တာ တစ်ရပ်ကွက် လုံးအသိ။





'နုနု' လည်း အသိ။

"ပစ္စည်းကောင်းဆိုတာက အမြဲသုံးဖူးဝယ်ဖူးတဲ့လူမှ ရွေးတတ်ကြတာ... တစ်ခါတလေ ဝတ်ဖူးယုံနဲ့ ပစ္စည်းရဲ့ချို့ ယွင်းချက်ကို ဘယ်လိုမှ မသိနိုင်ဘူး"

သည်တစ်ခါတော့ မိခင်ဖြစ်သူနှင့် 'ဒေါ်နုနု' တို့ရဲ့ စစ်ပွဲကို 'သံသာ' ကော 'ခွန်းချို' ပါ ရိပ်မိလိုက်ကြပါသည်။

'ဦးနိုင်အောင်' ကိုယ်တိုင်လည်း ဇနီးဖြစ်သူကို လှမ်း ကြည့်လိုက်မိပါသည်။

'ရွှေစင်' ဘာတွေ ပြောနေတာပါလိမ့်။

"'ရွှေစင်' တို့က ဟိုးငယ်ငယ်လေးတည်းက ပန်းသီး တို့ဘာတို့ အမြဲဝယ်နေကြလေ"

'ရွှေစင်' တမင် အလှဆုံးအပြုံးကို ရွေးချယ်ပြုံးကာ ပြောလိုက်မိသည်။

ထိုအချိန်တုန်းက ပန်းသီး မပြောနဲ့ သရက်သီးတောင် အပိုဆာဒါးအနေနဲ့ သူမ ဝယ်စားနိုင်ခဲ့လို့လား။

ရုပ်ကလေးနဲ့ ပညာလေးရှိတာကလွဲလို့ သူမမှာ ဘာ ရှိခဲ့လို့လဲ။

သူမတို့နေခဲ့တဲ့ ပျဉ်ထောင်အိမ်တန်းလေးကို 'ရွှေစင်' ခုချိန်ထိတိုင် မြင်ယောင်နေပါသေးသည်။

'ကိုအောင့်' ကို စိတ်ဝင်စားကာ အပိုင်ယူချင်နေသူမို့


www.burmeseclassic.com

'ကိုအောင်' နဲ့ ပတ်သက်သမျှ 'ရွှေစင်' အကုန်သိချင်ခဲ့သည်။ အကုန်လိုက်စုံစမ်းမိခဲ့သည်။

'ကိုအောင်' နဲ့သူမတို့ ဘယ်လောက်အထိ ချစ်ခဲ့ကြတာကိုသိ၍လည်း 'ကိုအောင်' ပေးသလိုအနေဖြင့်သူမရဲ့လက်ထဲကို ဖိတ်စာရောက်အောင် ပေးခိုင်းခဲ့ပါသေးသည်။

ဒါကိုတောင် သူမ စိတ်မနာနိုင်ဘဲ 'ကိုအောင်' နဲ့ ပြန်ဆက်ဆံနေတာကိုလည်း အံ့ဩမိပါရဲ့။

"အန့်တီ ဟင်းတွေ ထည့်စားပါဦး… အန့်တီက အသုတ်ကြိုက်တတ်တယ်ဆိုလို့ ကျောက်ပွင့်သုတ်လေးသုတ်ပေးထားတာ"

"အန့်တီ အသုတ်မကြိုက်တော့ဘူး သမီး… ငယ်ငယ်တုန်းက ကြိုက်ခဲ့တာတွေ ကြီးလာတော့ ကြည့်တောင် မကြည့်ချင်တော့ဘူး"

မရိုင်းဘူးဆိုလျှင် အန်တောင်အန်ချင်တယ်ဆိုတဲ့ စကားကို ထည့်ပြောမိလိမ့်မည်ဟု ထင်မိပါသည်။

သည်လောက်ထိ 'ကိုနိုင်' ကို စိတ်နာသည်။ အခုလဲ မကောင်းတတ်၍ လာခဲ့ရတဲ့ သူမကို 'ကိုနိုင်' မိန်းမက နှိပ်ကွပ်နေတာ သားပါလာခဲ့၍ အံကြိတ်ကာ သည်းခံနေရတဲ့ သူမရဲ့ ရင်ထဲမှာ ဘယ်လောက်အထိ ဆူပွက်နေသလဲ သူမပဲ သိပါသည်။





အချစ်ဆိုတာ ထာဝရတည်မြဲ နေတတ်တယ်လို့ 'ကိုနိုင်' မိန်းမက ထင်မြင်နေဟာလား။ ဒါဆိုလျှင် သူမ အမှားကြီးမှားသွားတာသေချာသည်။

ခုချိန်မှာ 'နုနု' ရဲ့စိတ်ထဲ 'ကိုနိုင်' အပေါ် အချစ်ထက် အမုန်းပဲ ရှိသည်။

မုန်းလွန်း၍ စတွေ့တည်းကကို တစ်စစီ ဆွဲဖြဲချင်နေတာ။ လူလိမ္မာလုပ်ချင်လွန်း၍ သည်းခံနေခဲ့တာကို 'ကိုနိုင်' မိန်းမက ခါတ်ဆီ လာလောင်းပေးနေလေသည်။

နဂိုတည်းက သူမရဲ့ အသည်းနှလုံးက ခြောက်သလောင်းကာ အလိုလိုနေရင်း မီးထဲလောင်ချင်နေတာပါ။ ဒီလို ဓါတ်ဆီလာလောင်းလို့ကတော့ ဟုန်းကနဲထထောက်ရန် အကြံဖြင့် နေရာမှအထ…

"မာမီ"

သားမျက်နှာက တောင်းပန်သလို သူမကို ငေးကြည့်နေတာတွေ့ရပါသည်။

'သံသာ' ကို တွေ့ရလို့ ကြည်နူးမယ် မကြံရသေးမာမို့ကြောင့် ပျက်ဆီးရတော့မယ်ထင်သည်။

'သံသာ' ကိုယ်တိုင်လည်း သူတို့ရဲ့ပွဲလေးကို အပျက်ခံချင့်တာကြောင့် ပြေရာပြေကြောင်း ဝင်ပြောလိုက်ပါသည်။

www.burmeseclassic.com



"အန်တီ အသုတ်မစားချင်ရင်လဲ ဒီပြင် ဟင်းတွေရှိပါတယ်... ဒီကြက်ချိုချဉ်ကြော်လေး မြည်းကြည့်ပါဦးလား... သီဟိုဠ်စေ့လေးတွေက ကျွတ်ရှနေတာပဲ"

သနားစရာသားနဲ့ 'သံသော' မျက်နှာကြောင့်သာ သုမစိတ်ကိုလျှော့ကာ နေရာမှာ ပြန်ထိုင်လိုက်မိပါသည်။

ဒါပေမဲ့ စိတ်ထဲမှာတော့ လုံးဝကို မကြည်လင်တော့ပါ။

ဟန်လုပ်ကာ မျက်နှာကို ပြုံးထားရလေသည်။ စိတ်ထဲမှာ ဒီနေရာက အမြန်ဆုံး ထွက်ခွာချင်နေပါပြီ။

ထမင်းစားသောက်ပြီး ညခုနစ်နာရီလောက်တွင် ပြန်လာခဲ့ကြပါသည်။



၄

ကားကိုသာ မောင်းလာခဲ့သော်လည်း 'ခွန်းချို' တစ်ယောက် နောက်ခန်းတွင် ငြိမ်သက်စွာပါလာခဲ့သော မာမီ့ကို မကြာခဏ လှမ်းကြည့်နေပါသည်။

မာမီက အရှေ့ဘက်ကိုမကြည့်ဘဲ ဘေးဘက်ကိုသာ အခ်ိပ္ပါယ်မဲ့ ငေးမောကာ ပါလာခဲ့ပါသည်။ သူ့ဘဝ တစ်သက်တာမှာ မာမီ ဒီလောက် ရုပ်ပျက်ဆင်းပျက် စိတ်တိုတာ တစ်ခါမှ မတွေ့ခဲ့ရဖူးပါ။

မာမီ အရမ်းကို စိတ်ထိခိုက်ခံစားခဲ့ရသည် ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

'သံသာ' အမေပြောခဲ့တဲ့ စကားတွေကလည်း အနှောင့်အသွားမလွတ်တာကို 'ခွန်းချို' သတိထားမိသည်။

'ခွန်းချို' ငယ်ငယ်တုန်းက မာမီတို့ အရမ်းဆင်းရဲခဲ့တယ်ဆိုတာကို 'ခွန်းချို' လည်း သိထားပါသည်။

သည်လိုဘဝကနေ လွတ်မြောက်ဖို့ မာမီ အရမ်းကို ကြိုးစားခဲ့ရတယ်ဆိုတာလည်း 'ခွန်းချို' သိသည်။

ဒါပေမဲ့ 'သံသာ့' အမေ ဒီလိုကြီး ပြောလိုက်တာကတော့ တော်တော့်ကို ခံရခက် လှပါသည်။

'ခွန်းချို' တစ်ဖက်မှာ တွေးနေချိန် 'သံသာ' တို့အိမ်မှာလည်း အကြီးအကျယ် ပြဿနာတက်နေကြပါသည်။

"တကယ်ဆို 'ရွှေစင်' ဒီလို မပြောသင့်ဘူးလို့ 'ကိုအောင်' ထင်တယ်… 'နုနု' က 'ကိုအောင့်' ဧည့်သည်ပဲ… 'ရွှေစင်' လေးစားသင့်တာပေါ့…"

"ဘာ လေးစားရမှာလဲ…ကိုယ့်လင်ရဲ့ ငယ်ချစ်ဟောင်းကို အိမ်လာလည်ခွင့် ပေးတာတောင် အတော်လွန်လှပြီ…"

"ဒါတွေ ပြီးခဲ့ပြီပဲ… သူလည်း 'ကိုအောင့်' ဆီကို မိတ်ဆွေတစ်ယောက်လိုလာတယ်… ကိုယ်လည်း မိတ်ဆွေတစ်ယောက်လို ပြန်ဧည့်မခံသင့်ဘူးလား… ဘာပဲပြောပြော 'နုနု' ကကိုယ့်အိမ်ကိုလာတဲ့ ဧည့်သည်တစ်ယောက်ဆိုတာတော့





'ရွှေစင်' သိထားသင့်တာပေါ့"

"ဟုတ်သားပဲ မေမေ… ဖေဖေ့ကိုလည်း မေမေ ပိုင်ဆိုင်ခွင့်ရနေပြီပဲ… မေမေ သူတစ်ဖက်သားကို ဘာလို့ အနိုင်ကျင့်ချင်ရတာလဲ"

"အိုအေ… သူ့ဟာတစ်ချိန်က ငါ့လင်ကို ကြိုက်ခဲ့ဖူးတာတော့အမှန်ပဲ… ဒီတော့ ဘယ်မှာ[illegible] ငါ ကြည်ဖြူနိုင်ပါ့မလဲ"

"အဲ့ဒါတွေက ဖေဖေ ပြောသလို ပြီးခဲ့ပြီပဲ… သူ့မှာလည်း 'ကို ခွန်းချို' လို သားကြီးတောင် ရှိနေမှပဲ မေမေရယ်… အားနာစရာ"

'သံသာ့' မှာ ကြားထဲက မျက်နှာပျက်ရပါသည်။

ရှားရှားပါးပါး 'ကိုခွန်းချို' နဲ့ ပြန်ဆုံရတဲ့အချိန်လေးမှာ သူမ ပျော်ရွှင်ကြည်နူးချင်ပါသည်။

ခုတော့ သူမ စိတ်ကူးယဉ်ထားတာတွေ ပျက်စီးရပါတော့မည်။

စိတ်မကောင်းသလို အိပ်ခန်းထဲကို ဝင်လာကာ အိပ်ရာပေါ်ကိုအလှဲ ဖေဖေပါ လိုက်ဝင်လာကာ သူမရဲ့ စားပွဲဘေးမှာ ဝင်ထိုင်လိုက်ပါသည်။

"သမီး စိတ်မကောင်းဖြစ်နေသလား"

"ဟုတ်တာပါ ဖေဖေရယ်… တကယ်ဆို 'ကိုခွန်းချို' တို့



www.burmeseclassic.com

www.burmeseclassic.com



သားအမိမှာ အပြစ်မရှိကြပါဘူး...”

“ဒါဆို သမီး ဖုန်းဆက်ပြီး တောင်းပန်လိုက်ပါလား”

ဖုန်းဆက်ရအောင်ဆိုတော့လည်း ဘယ်ကဘယ်လို ဆက်ရမှန်းမသိပါ။

‘သံသာ့’ ရင်ထဲမှာ ကြေကွဲဝမ်းနည်းနေတာပဲ သိပါသည်။ ဒီလိုနဲ့ပဲ ‘သံသာ’ နဲ့ ‘ကိုခွန်းချို’ တို့ ဝေးကြရတော့မှာလား။

ထိုနေ့ညက ‘သံသာ’ အိပ်ယာစောစော ဝင်ဖြစ်ပါသည်။

‘သံသာ့’ ရဲ့မျက်နှာ မကြည်လင်မှန်းသိ၍ ဖေဖေကော မေမေပါ စကားသိပ်မပြောကြပါ။ တစ်အိမ်လုံးလည်း တိတ်ဆိတ်ငြိမ်သက်နေပါသည်။

တိတ်ဆိတ်ငြိမ်သက်မှုကို မခံစားနိုင်သလို ‘သံသာ’ ပြူတင်းပေါက်အနားကိုလျှောက်အလာ မမျှော်လင့်ဘဲ ဖုန်းသံမြည်လာပါသည်။

‘သံသာ့’ ရင်တွေ အဆမတန် အခုန်မြန်လာကာ ဖုန်းကိုပြေးအကိုင်...

“ ‘သံသာ’ လား”

တစ်ဖက်က အသံကိုအကြား ‘သံသာ’ စိတ်ပျက်သွားရပါသည်။





“ပြော...”

မကျေမနပ်အသံကြီး ထွက်အသွား...

“ဘယ်လိုဖြစ်နေတာလဲ ‘မိသာ’ ရယ်... နင်အိမ်မှာ ပြဿနာဖြစ်ထားလို့လား”

မေးလိုက်ကာမှ ငိုချင်ရက်လက်တို့ဆိုသလို ‘သံသာ့’ ရဲ့ ငိုသံကြီး ထွက်လာပါတော့သည်။

“ငါ သိပ်စိတ်ညစ်တာပဲ ‘မိထား’ ရယ်”

“ဘာလဲ ‘ကိုခွန်းချို’ နဲ့ အဆင်မပြေလို့လား”

သူငယ်ချင်းအရင်းကြီးမို့ ‘ကိုခွန်းချို’ တို့သားအမိ အိမ်လာလည်မည့်အကြောင်းကို ‘ထားထား’ အား အသိပေးထားပြီးပါပြီ။

ယခု ‘ထားထား’ ဖုန်းဆက်တယ်ဆိုတာလည်း ထိုအကြောင်းပဲ မေးမယ်ဆိုတာ ‘သံသာ’ အသိ။

ဒါပေမဲ့ ‘သံသာ့’ မှာ ဖြေစရာမရှိပါ။

“ ‘ကိုခွန်းချို’ နဲ့ ပြဿနာမတက်ပါဘူး”

‘သံသာ’ ညနေက အကြောင်းကို အကျဉ်းချုံးကာ ‘ထားထား’ အား ပြောပြလိုက်ပါသည်။

“ဒါဆို နင်တို့အမေ လွန်တာပေါ့ဟယ်... ‘ကိုခွန်းချို’ ကို အားနာစရာ”

“အေး အဲ့ဒါကြောင့်လည်း ငါ စိတ်ညစ်နေရတာပေါ့...



www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း ဖေဖေ့ကို ပိုင်ဆိုင်ပြီးမှပဲ ဘာ မာန်တက်နေစရာ လိုလဲ"

"နင် 'ကိုခွန်းချို' ဆီ ဖုန်းဆက်ဖြီး တောင်းပန်လိုက်ပေါ့"

"ဖေဖေကလည်း ငါ့ကို ဒီအတိုင်းပဲ ပြောတယ်... ဒါပေမဲ့ ငါ မဆက်ချင်ပါဘူး 'မိထား' ရယ်... ငါတို့ဘက်က အလွန်ဖြစ်နေတာကို"

"မဆက်ရင် နင် ဒီလိုပဲနေတော့မှာလား.... 'ကိုခွန်းချို' ကို မေ့ပစ်နိုင်လို့လား"

မမေ့နိုင်၍ 'ကိုခွန်းချို' နာမည်နဲ့ ဆိုင်ဖွင့်ထားတာကိုပဲ ကြည့်ပါ။

"ငါ စဉ်းစားပါဦးမယ် 'မိထား' ရယ်... ဒါပဲ မဟုတ်လား"

"အေး အေး သိပ်လဲ စဉ်းစားမနေပါနဲ့ဦး... အဆင်ပြေမှာပါ"

အဆင်ပြေဖို့ဆိုတာ 'သံသာ့' ဘက်က ဖုန်းစဆက်မှသာဖြစ်မှာမို့ 'သံသာ' ဖုန်းလေးကိုကိုင်ကာ 'ကိုခွန်းချို' နံပါတ်ကို နှိပ်လိုက်မိပါသည်။



## ၁၀

ပြန်လာပြီးတည်းက မာမီ စကားတစ်လုံးမှ မပြောဘဲ သူ့အခန်းထဲ တန်းဝင်သွားတာကြောင့် 'ခွန်းချို' တစ်ယောက်တည်း ငေါင်နေရပါသည်။

ဒီလိုဖြစ်လာမယ်မှန်းသာ ကြိုသိလျှင် သူ 'သံသာ'တို့ဆီကိုမသွားဘဲ နေလိုက်ရကောင်းသား။

ခုတော့ ချောင်းပေါက်မယ့်လမ်းလေးပင် ရေခမ်းသွားပေါ့ပြီ။

သူ 'သံသာ့' ကို ဘယ်လိုဆက်သွယ်ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com

ဆက်လိုက်ပေါ့"

လူကြီးတွေဘယ်လိုပဲဖြစ်နေနေ လူငယ်ချင်းပြေလည်သွားတဲ့အတွက် 'ဦးနိုင်အောင်' လည်း ကျေနပ်နေမိပါသည်။

တကယ်ဆို ခုလိုကိစ္စမျိုး မဖြစ်သင့်ပါ။

သူ့မိန်းမဘက်က အလွန်မို့ 'နုနု' ကို တောင်းပန်ဖို့ 'ဦးနိုင်အောင်' ဆုံးဖြတ်လိုက်သည်။



၁၁

"သြော် 'ကိုနိုင်' ရယ်... အချင်းချင်းတွေပဲ တောင်းပန်ဖို့မလိုပါဘူး... 'မရွှေစင်' ပြောတာလည်း မှားတာမှမဟုတ်တာ... 'နုနု' တို့ အရင်တုန်းက ဆင်းရဲခဲ့တာလဲ အားလုံးအသိပဲဥစ္စာ... 'နုနု' တို့ ဆင်းရဲလို့ 'ကိုနိုင်' တောင် 'မရွှေစင်' ကို ရွေးချယ်ခဲ့တာပဲ မဟုတ်ဘူးလား"

မှန်တာပြောတော့လည်း 'ကိုနိုင်' ငြိမ်နေမိပါသည်။

'ရွှေစင့်' ကို သူ ရွေးချယ်ခဲ့တာ မဟုတ်ပါ။ အမေ ရွေးချယ်ခဲ့တာပါ။ အမေ့စကားကို မလွန်ဆန်နိုင်၍ သူ 'နုနု'


www.burmeseclassic.com

www.burmeseclassic.com

ကို ရွှန့်ပစ်ခဲ့ရတာပါ။

"ကိုယ် 'နုနု' ကို တောင်းပန်ပါတယ်... ကိုယ့်လက်ထက်မှာ 'နုနု' ကို စွန့်ပစ်ခဲ့မိပေမယ့် ကလေးတွေ လက်ထက်မှာတော့ ကိုယ်တို့လို သူတို့ကို မဖြစ်စေချင်ဘူး... စိတ်ချမ်းသာစေချင်တယ်... 'နုနု' သဘောကကော"

"ဘာကိုလဲ"

"ကိုယ့်သမီးနဲ့ 'နုနု' ရဲ့သားကိစ္စကိုပါ... သူတို့လူငယ်ချင်း မေတ္တာမျှနေကြတယ်"

"ဟုတ်လား... 'နုနု' လည်း မသိပါလား"

"'နုနု' သိရင် ကန့်ကွက်မှာစိုးလို့ 'မောင်ခွန်းချို' က မပြောတာလားမှ မသိတာ"

"ကန့်ကွက်စရာလား 'ကိုနိုင်' ရယ်... သားက အရွယ်ရောက်နေပြီးတဲ့ ယောကျ်ားလေးတစ်ယောက်ပဲ... သူ သဘောကျ နှစ်သက်တယ်ဆိုရင် 'နုနု' ဘက်ကလည်း သဘောတူကြည်ဖြူပေးရမှာပေါ့"

"ဝမ်းသာလိုက်တာ 'နုနု' ရယ်... ကလေးတွေများကြားရင် ဘယ်လောက် ဝမ်းသာလိုက်ကြမလဲ... 'မောင်ခွန်းချို' ဟာ တည်ကြည်ဖြောင့်မတ်တဲ့ ကလေးတစ်ယောက်ပါ"

"'သံသာ' ကလည်း ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ 'ကိုနိုင်' ရယ်"





"ဒါဆို 'နုနု' ကန့်ကွက်စရာ မရှိဘူးပေါ့နော်"

"ဩော် 'ကိုနိုင်' ကလည်း ဒီလောက် အရေးကြီးတာကို 'နုနု' ကနှောက်နှေးနိုင်ပါ့မလား... သားလာရင် မေးကြည့်ရဦးမယ်... သူ ဘယ်ဟိုတယ်မှာ မင်္ဂလာဆောင်ချင်သလဲလို့"

"ကိုယ့်အတွက်ကတော့ 'နုနု' သဘောတူတာနဲ့ကို ကျေနပ်ပါပြီ... ကျန်တဲ့ကိစ္စတွေကတော့ ကလေးတွေနဲ့တိုင်ပင်ပြီး စီစဉ်ကြတာပေါ့ မကောင်းဘူးလား"

"ကောင်းပါသတဲ့ရှင်... ဒါပေမဲ့ 'နုနု' တို့က သားရှင်ဆိုတော့ မင်္ဂလာပွဲအတွက် ကုန်ကျစရိတ်ကို တာဝန်ယူပါရစေ"

"မဟုတ်တာ 'နုနု' ရယ်... ကိုယ်တို့လည်း တစ်ဝက်ကျခံပါ့မယ်... 'သံသာ' က ကိုယ်တို့ရဲ့ တစ်ဦးတည်းသော သမီးလေးပဲဥစ္စာ"

"လုံးဝခွင့်မပြုနိုင်ဘူး... 'နုနု' တစ်ယောက်တည်း တာဝန်ယူရမှ ခွင့်ပြုမှာ"

"ကဲပါ 'နုနု' သဘောပါ"

တစ်ဖက်က ဖုန်းချသွားမှ သူမ ပြုံးလိုက်မိပါသည်။

**ကိုယ့်လက်ထက်မှာ 'နုနု' ကို စွန့်ပစ်ခဲ့မိပေမယ့် ကလေးတွေလက်ထက်မှာတော့ ကိုယ်တို့လို သူတို့ကို မဖြစ်စေချင်ဘူး စိတ်ချမ်းသာစေချင်တယ်တဲ့...**

'ဒေါ်မြပုလဲနု' ကျယ်လောင်စွာ အော်ရယ်လိုက်မိပါ


www.burmeseclassic.com

www.burmeseclassic.com



သည်။

ပြောတတ်လိုက်တဲ့ စကား။ သိတတ်လိုက်တဲ့ အဖေ။

သူ့သမီးလက်ထက်မှာကျတော့ 'နုနု' လို ဖြစ်မှာစိုးလို့တဲ့။

သူ့ကြောင့်မို့ 'နုနု' ကျခဲ့ရတဲ့မျက်ရည်တွေ၊ သူ့ကို မခံချင်စိတ်ဖြင့် အမေတို့ပေးစားခဲ့တဲ့လူကို မချစ်မနှစ်သက်ဘဲ ယူခဲ့ရတာတွေ ဒါတွေကို သူဘာနဲ့ အလျှော်ပေးမှာလဲ။

သူ အလျှော်ပေးလို့လဲ 'နုနု' က ကြေစတမ်းလား။

'ဒေါ်မြပုလဲနု' အေ ါရယ်ကာ အခန်းထဲမှာ လမ်းလျှောက်နေမိပါသည်။ သူမမှာဖြင့် သားဖြစ်သူ 'သံသာ' ကို စိတ်မဝင်စားမှု စိုးရိမ်နေလိုက်ရတာ။

ခုလို ဆိုတော့လည်း ဘာ စိတ်ပူစရာလိုတော့လို့လဲ။

ချက်ချင်းပင် ဟဲန်းဒ်ဖုန်းကိုကိုင်ကာ သားဖြစ်သူထံ ဖုန်းလှမ်းဆက်လိုက်ပါသည်။

"သားလား"

"ပြော မာမီ… ဘာဖြစ်လို့လဲ"

'သံသာ' တို့အိမ်က ပြန်လာပြီးတည်းက 'ခွန်းငြိ' နဲ့ မာမီ သိပ်မဆုံဖြစ်ပါ။

မာမီက သူ့အလုပ်နဲ့သူ ရှုပ်နေသလို၊ 'ခွန်းချို' ကလည်း မာမီ မသိအောင် 'သံသာ' နဲ့ ဇာတ်လမ်းဖြစ်နေတာမို့





မာမီ့ကို ရှောင်နေမိတာလည်းပါပါသည်။

"ခုနပဲ 'ကိုနိုင်အောင်' ဖုန်းဆက်တယ်…"

"'သံသာ' တို့ အဖေလား"

"အင်းလေ… သားရဲ့ ယောက္ခမကြီးပေါ့"

"မာမီကလည်း"

"မဟုတ်လို့လား"

'ခွန်းချို' ငြိမ်နေမိပါသည်။ ဒါဆို 'သံသာ' နဲ့ကိစ္စကို မာမီသိသွားပြီပေါ့။ မာမီ သဘောတူပါ့မလား။

"သားက မာမီ့ကို ဘာလို့ ကြိုမပြောတာလဲ"

"မာမီ စိတ်ဆိုးနေတုန်း အောင်းမေ့လို့ပါ"

"အံမယ်လေး သားရယ်… အလုပ်ကြီးအကိုင်ကြီးလုပ်နေပြီး ဒီလောက်အသေးအဖွဲ့လေးကို စိတ်ဆိုးနေလို့ဖြစ်ပါ့မလား…"

"'သံသာ' ကလည်း မာမီ့ကို တောင်းပန်ချင်လို့တဲ့"

"မလိုပါဘူး သားရယ်… 'သံသာ' လေးနဲ့ မာမီနဲ့တောင် အေးအေးဆေးဆေး စကားမပြောရသေးဘူး…သားအားရင် ခေါ်လာခဲ့ဦးလေ"

"သားမနက်ဖြန်အားတယ် မာမီကော…"

'ဒေါ်မြပုလဲနု' က မနက်ဖြန်အတွက် ရေးဆွဲထားသော အစီအစဉ်တွေကို ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ဘယ်က မျက်စေ့လည်လာတာလဲ…"

'အန်တီယု' တို့ကျောင်းက တစ်နေ့လုံးကျောင်းမို့ ညနေဘက်တွင် 'အန်တီယု' ပြန်ရောက်နေပါပြီ။

"ဒီဘက်က ဖြတ်မောင်းရင်း 'အန်တီယု' ကို သတိရတာနဲ့ ဝင်လာတာ… 'ဘိုဘို' နဲ့ 'နိုနို' ကော… ဒီမှာ သူတို့အတွက် ဝယ်လာတာ"

ကားပေါ်တွင်ပါလာသော ဆိုနီဂိမ်းစက်ကိုအပေး…

"အဲ့ဒီ ဂိမ်းဆိုင်ပဲ သွားနေကြမှာပေါ့… ဘယ်လိုလဲ… မင်းကော 'မမနု' နဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဘာဖြစ်လို့လဲ"

"သိဘူးလေ… သူ့စိတ်က တစ်မျိုးရယ်"

'အန်တီယု' ပုံစံက မာမီ့ကို ကျေနပ်ပုံမပေါ်ပါ။

"တလောလေးက မာမီ့ရဲ့မိတ်ဆွေ 'ဦးနိုင်အောင်' ဆိုတာ ထမင်းစားဖိတ်လို့ သွားခဲ့ရသေးတယ်"

"'ကိုနိုင်အောင်' ဟုတ်လား… ဘယ်မှာတွေ့တာလဲ"

'အန်တီယု' ရဲ့ အသံက တအံ့တသြ ပုံစံမျိုးပါ။

"ဒီ ရန်ကုန်မှာပဲ… ဇော်သံသွင်းဆိုင်ဖွင့်ထားတယ်"

"ဘုရားမရေ… မန္တလေးကနေ ဒီ ရန်ကုန်ကို ဘယ်လိုများ ရောက်လာပါလိမ့်… အဲ့ဒီ ထမင်းစားပွဲကိုကော မင်း မာမီ သွားခဲ့သလား"





"သွားခဲ့တယ်လေ… ကျွန်တော်လည်း ပါတယ်… အဲ့ဒီ 'ဦးနိုင်အောင်' ရဲ့ သမီးက ကျွန်တော်နဲ့ ကျောင်းအတူတူ ပြီးထားတာ… 'သံသာ' တဲ့"

"ဘုရားတော့ ပွင့်တော့မှာပါပဲ… 'မမနု' က 'ကိုနိုင်အောင်' ကို ဒီလောက် နာကြည်းထားတာ"

'ကိုနိုင်အောင်' နဲ့ ကွဲပြီးနောက် အမေပေးစားတဲ့လူကို 'မမနု' လက်ထပ်ခဲ့ရပါသည်။

မချစ်မနှစ်သက်ဘဲ လက်ထပ်ခဲ့ရတဲ့သူဆိုတော့ 'မမနု' ရဲ့ အိမ်ထောင်သက်တမ်းက တစ်လခန့်ပဲ ခံသည်။

အိမ်ထောင်ပျက်ပြီးနောက် 'မမနု' သည် ရန်ကုန်က အဒေါ်အိမ်မှာ ပြောင်းနေခဲ့သည်။ စာမေးပွဲလည်း ဆက်ဖြေခဲ့သည်။

ဘွဲ့ရပြီးနောက် နိုင်ငံခြားဘာသာဆက်တက်ချိန်တွင် 'မျိုးကျော်လွင်' ကို ပြန်တွေ့ခဲ့ရတာဖြစ်ပါသည်။

'မျိုးကျော်လွင်' က တောင်ကြီးမှာနေတုန်းက 'မမနု' ရဲ့ ငယ်သူငယ်ချင်းပါ။

ဖခင်ဖြစ်သူက အစိုးရအရာထမ်းမို့ နယ်စုံပြောင်းရသည်။

တောင်ကြီးမှာ အတော်လေးကြာအောင် နေရသည်။

'မမစု' ခုနစ်တန်း၊ 'မမနု' က ငါးတန်းနှင့် 'ယုယု'



www.burmeseclassic.com

www.burmeseclassic.com

သုံးတန်းရောက်တဲ့နှစ်တွင် အဖေကားမှောက်ကာ ရုတ်တရက် ဆုံးပါးသွားခဲ့လေသည်။

မောင်လေး 'သုသု' (သုတ) က တစ်တန်းပဲ ရှိပါသေးသည်။ 'သုတ' အောက်မှာတော့ 'အုအု' နဲ့ 'လုလု' ရှိပါသေးသည်။

ကလေးတွေကလည်း တစ်ပုံတခေါင်းကြီး။ အားကိုးစရာ ယောကျ်ားကလည်း မရှိတော့ဘူးဆိုတော့ အမေသည် သူ့ဇာတိရပ်ရွာ မော်လမြိုင် ပြန်ပြောင်းခဲ့ရရှာသည်။

ကလေးတွေ တစ်ပြုံတမကြီးကို တတ်စွမ်းသမျှ ရှာဖွေကျွေးမွေးခဲ့ရသည်။

နောက်ကြောင်းများကို ပြန်သတိရနေရာမှ သက်ပြင်းအချ 'ခွန်းချို' က နေရာမှထ၍ပြင်နေပါပြီ။

"ပြန်တော့မလို့လား"

"ပြန်တော့မယ် 'အန်တီယု'... မာမီ့ဆီကို ဘာမှာဦးမလဲ"

"မမှာတော့ပါဘူးကွယ်... သူလည်း သူ့အလုပ်နဲ့သူ အားတာမှမဟုတ်တာ"

"ဟုတ်တယ် 'အန်တီယု' ရဲ့... တစ်ခါတလေ တစ်ပတ်ပြည့်လို့တောင် တစ်ယောက်နဲ့တစ်ယောက် ဆုံဖြစ်ကြတာမဟုတ်ဘူး... ဒါပေမဲ့ မနက်ဖြန်တော့ မာမီနဲ့ ဆုံစရာရှိတယ်"





"ဘာအတွက်လဲ"

" 'သံသာ' နဲ့ပေးတွေ့ဖို့"

"ဟို 'ကိုနိုင်အောင်' သမီးလေးဆိုတာလား"

"ဟုတ်တယ်"

"ဖြစ်ပါ့မလားကွယ်"

'အန်တီယု' ပုံစံက ခါးခါးသီးသီးပါ။

သူ့အစ်မအကြောင်းကို သူ ကောင်းကောင်းသိသည်။ 'ကိုနိုင်အောင်' ကို ဒီလောက် မုန်းတာ သူ့သမီးကို သူ လက်ခံပါ့မလား။

" 'အန်တီယု' တော့ ဖြစ်မယ် မထင်ပါဘူးကွယ်"

စိတ်ပျက်သလို ခေါင်းကိုအခါ...

"ဘာလို့ မဖြစ်ရမှာလဲ 'အန်တီယု' ရဲ့... မာမီ 'သံသာ' ကို တွေ့ပြီးသားပါ ပိုင်ပါတယ်"

"အေးလေ... ပိုင်ရင်လဲ ပြီးတာပါပဲ... 'အန်တီယု' က စိုးရိမ်လို့ပြောတာပါ"

"မာမီက ကျွန်တော့်ကို ချစ်ပါတယ်"

ထိုစကားကို 'ခွန်းချို' ယုံကြည်ပါသည်။ မာမီ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူ အသိဆုံးပဲ မဟုတ်ပါလား။

သူ စိတ်ဆင်းရဲအောင် မာမီ လုပ်မည်ဟု မထင်ပါ

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

"လာ သမီး လာ လာ..."

'ခွန်းချို' မျှော်လင့်ထားသလို မာမီသည် 'သံသာ' ကို ကောင်းမွန်စွာပဲ ဆီးကြိုခဲ့ပါသည်။

သားအမိနှစ်ယောက်တည်းပေမယ့်လည်း ကျယ်ဝန်းသော ခြံကြီးအလယ် နှစ်ထပ်တိုက်လှလှကြီးကို ငေးမောကြည့်ကာ 'သံသာ' စိတ်အားငယ်မိပါသည်။

ဒါတောင် 'သံသာ' တို့ကိုယ်တိုင်လည်း ပြည့်စုံကြွယ်ဝနေသူတွေပါ။





ရန်ကုန်မှာ လုပ်ငန်းနှစ်ခု၊ တိုက်နှစ်တိုက်၊ ကားနှစ်စီးပိုင်ထား တဲ့အပြင် မန္တလေးတွင်လည်း လုပ်ငန်းခွဲတွေ များစွာရှိပါသေးသည်။

ဒီလောက် ချမ်းသာတဲ့ 'သံသာ' တို့ကိုပင် သိမ်ငယ်စေအောင် 'အန်တီနု' ရဲ့ကြွယ်ဝမှုက ပိုမို၍ သာလွန်ကဲနေပါသည်။

တစ်နေ့ကမှ ဖေဖေက 'သံသာ' ကို ပြောပြခဲ့ပါသည်။

"'ဒေါ်မြပုလဲနု' ဆိုတာ 'နုနု' ပဲ... တစ်နေ့က ဖေဖေ့သူငယ်ချင်း ကန်ထရိုက်တစ်ယောက်နဲ့တွေ့လို့ ကန်တော်ကလေးဘက်က တိုက်တစ်တိုက်ကို ဆောက်ချင်လို့ သွားညှိတာ ဟိုဘက်က 'ဒေါ်မြပုလဲနု' နဲ့ပဲဆောက်ချင်တယ်လို့ ပြောလိုက်တယ်တဲ့... 'ဒေါ်မြပုလဲနု' ဆိုတာ ဘယ်သူလဲလို့ ဖေဖေကမေးလိုက်တော့ ရန်ကုန်မြို့ရဲ့နာမည်ကြီး ကံထရိုက်တာတွေထဲမှာ တစ်ဦးအပါအဝင်ပဲတဲ့...

ခုနောက်ပိုင်း အဲ့ဒီကန်ထရိုက်တွေကို သူ့သား 'ခွန်းချို' နဲ့လွှဲထားပြီး သူက လုပ်ငန်းကြီးတွေ လုပ်နေတာတဲ့... အဲ့ဒီအကြောင်းတွေကို 'နုနု' ဖေဖေ့ကို ဘာမှမပြောပြခဲ့ဘူး"

"ပြောပြရအောင်လည်း ဖေဖေနဲ့ 'အန်တီနု' နဲ့က ေ. ားပြောချိန်မှ သိပ်မရခဲ့တာ"

အိမ်ကို ထမင်းစားဖိတ်ခဲ့ရာမှာလည်း မေမေနှင့်စကားပြော အဆင်မပြေ၍ အန်တီစောစောပြန်သွားခဲ့တာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ခု 'ဒေါ်မြပုလဲနှ' ဆိုတာသိမှ မေမေက နှောင်တတွေ ရနေခဲ့လေသည်။

"အေးလေ သူ အရင်က ဘယ်လောက်ဆင်းရဲဆင်းရဲ ခုချိန်မှာ သူက ဂင်ပေါ်ရောက်နေတာဆိုတော့ မေမေ့စကား တွေအတွက် အခံရခက်နေမှာပေါ့… သမီးလေးကလည်း 'မောင်ခွန်းချို' နဲ့ ပတ်သက်နေပြီဆိုတော့ မေမေပဲ အလျှော့ပေး လိုက်ပါမယ်"

'သံသာ' 'ဒေါ်မြပုလဲနှ' ဆီ သွားတွေ့ရမည်ဆို၍ မေမေ က အန်တီ့အတွက် သစ်သီးခြင်းတစ်ခြင်း လက်ဆောင်ထည့် ပေးလိုက်ပါသည်။

ထို သစ်သီးခြင်းထဲတွင် တစ်လုံးလျှင် သံပုရာသီးနီး ပါးကြီးသော ကီလိုစပျစ်သီး၊ နိုင်ငံခြားပန်းသီးနှင့် အစေ့မပါ သော ယိုးဒယားဆန်းကစ်သီးတွေကို အပြည့်ထည့်ကာ ပလပ် စတစ်ပါးနှင့် ဖုံးအုပ်ထား၍ ခြင်းကြီးက လှပနေပါသည်။

ထို ခြင်းကြီးကို စားပွဲပေါ်အတင် အန်တီက 'သံသာ့' ကို မနှစ်မြို့သလို လှမ်းပြောပါသည်။

"ဘာဖြစ်လို့ ဒါတွေ ဝယ်လာခဲ့ရတာလဲ သမီးရယ်… အန်တီတို့အိမ်မှာက သားအမိ နှစ်ယောက်တည်း ရှိတဲ့ဥစ္စာ"

"မေမေ ဝယ်ပေးလိုက်တာပါ အန်တီ… ဒါကလဲ





မေမေ့လက်ဆောင်ပါ"

သောင်းကျော်တန်ပါတိတ် သုံးထည်ပါ။ သား 'ခွန်း ချို' မျက်နှာကြောင့် အမေဖြစ်သူကို ဖါးနေတာဖြစ်ရပါမည်။

သူတို့သမီးကို သူတို့ အတော်ချစ်ကြပုံရပါသည်။

အေးလေ။ သူတို့ချစ်လေ သူမအတွက် ပိုကောင်းလေ ပေါ့။

"သမီး ထမင်းစားပြီးမှ ပြန်ရမယ်နော်"

"ဟုတ်ကဲ့ပါ မေမေ"

'သံသာ့' ရဲ့စကားသံကြောင့် သူမရဲ့ရင်ထဲ စူးရှရှဖြစ် သွားခဲ့ရပါသည်။

မေမေ ဆိုပါလား။ ဘာဆိုင်လို့ မေမေ ခေါ်ရတာလဲ။ ဘာလဲ 'ခွန်းချို' သင်ပေးထားတာလား။

စူးရှပြင်းထန်သော မျက်ဝန်းဖြင့် 'ခွန်းချို' ကို လှမ်း အကြည့် သားက အမေဖြစ်သူရဲ့မျက်ဝန်းကို ရင်မဆိုင်ဝံ့သလို ခေါင်းငုံ့ထားတာ တွေ့ရပါသည်။

ရင်ထဲတွင် မာန်ဟုန်ပြင်းစွာ ဒေါသဖြစ်ရပါသည်။

'ကိုနိုင်' နဲ့ဟန်လုပ်ကာ သားရေးသမီးရေး ပြောခဲ့ပေ မယ့်လည်း သားဖြစ်သူ ဒီလောက် လျှင်လျှင်မြန်မြန် ချစ်သွားခဲ့ လိမ့်မည်ဟု မထင်ခဲ့မိပါ။

ခုတော့ သူမ မသိတဲ့အချိန်မှာ သားဖြစ်သူ မျှော်မှန်း


www.burmeseclassic.com

www.burmeseclassic.com

သွက်ခဲ့ပုံရပါသည်။

ဘာပဲဖြစ်ဖြစ် ခုချိန်မှာ လူလိမ္မာပဲ ဖြစ်ချင်တာကြောင့် မျက်နှာကို ဟန်မပျက်ပြုံးကာ သားဖြစ်သူကို ပြောလိုက်ရပါသည်။

"သမီး ထမင်းမစားချင်သေးဘူးဆိုရင် သား ခြံထဲကို လိုက်ပြလိုက်ပါလား"

"ဟုတ်သားပဲ… 'သံသာ' လာလေ"

'သံသာ' 'ခွန်းချို' နောက်က လိုက်လာကာ ခြံထဲကို ရောက်မှ အသက်ကို ပြင်းပြင်းရှူလိုက်မိပါသည်။

ချစ်သူကို ချစ်စိတ်နှင့်သာ ချစ်သူအိမ်ကို လိုက်လာခဲ့ရသော်လည်း 'သံသာ့' ရင်မှာ မပျော်ရွှင်လှပါ။

တစ်စုံတစ်ခု မှားယွင်းသွားမှာ စိုးရိမ်စိတ်ဖြင့် 'ဒေါ်မြပုလဲ' ရှေ့မှာ အသက်ကိုပင် ရဲရဲမရှူမိအောင် သတိထားနေနေဖြစ်ပါသည်။

'ခွန်းချို' ချစ်သူရဲ့ အဖြစ်ကိုကြည့်ကာ လက်ကိုဆွဲရင်း နှစ်သိမ့်လိုက်မိပါသည်။

" 'သံသာ' စိုးရိမ်နေတာလား… မာမီက ဒီလောက် အဆိုးကြီးမဟုတ်ပါဘူး"

"ဩော် ကိုရယ်… ဖေဖေ့ဘက်ကရော မေမေ့ကပါ အပြစ်လုပ်ထားမိတော့ သူတို့ရဲ့သမီးအနေနဲ့ မစိုးရိမ်ဘဲနေပါ





မလား… ကိုသာ 'သံသာ့' နေရာမှာဆိုရင်ကော စိုးရိမ်မှာပဲ မဟုတ်လား"

"အဲ့ဒီလို စိုးရိမ်နေတယ်ဆိုတည်းက ကို့ကို ချစ်လို့ မခွဲချင်လို့ ဟုတ်တယ်မဟုတ်လား"

"အံမယ်လေး လိပ်ပဲကိုယ့်ဘက်ကိုယ် ယက်တတ်တယ် အောင့်မေ့နေတာ… ကိုကလည်း ဘာထူးလို့လဲ"

"ဟုတ်တယ် ဒီလိပ်က ဟိုလိပ်ထက်ဆိုးတယ်… ကိုယ့်ချစ်သူကို ကိုယ့်ရင်ခွင်ထဲ မရောက်ရောက်အောင် ဆွဲသွင်းမှာ"

ပြောရင်း 'ခွန်းချို' 'သံသာ့' ရဲ့ ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲအသွင်း…

"အို လွှတ်ပါ… ဟိုမှာ အန်တီ မြင်သွားရင် ဘယ်လိုလုပ်မလဲ"

'သံသာ' စိုးရိမ်သလို အပေါ်ဘက်ကိုမော့အကြည့် သူမ ခန်းဆီးကြားမှ ကြည့်နေရာမှ ခန်းဆီးကို အသာဆွဲချလိုက်မိပါသည်။

"အန်တီ မဟုတ်ဘူး မေမေ… 'သံသာ့' ရဲ့ ဒုတိယ မေမေ"

'ခွန်းချို' 'သံသာ့' ကို ပိုတိုးကာအဖက်…

"ကဲပါ ဖယ်ပါ… ဟိုမှာ မေမေ မြင်သွားရင် မကောင်းဘူး"


www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ မကောင်းရမှာလဲ… 'သံသာ့' က ကိုယ့်ချစ်သူ ပဲဥစ္စာ ပြီးတော့ မကြာခင် လက်ထပ်တော့မယ့် ဇနီးလောင်း"

"သူ့ကို ဘယ်သူက ယူမယ်ပြောသေးလို့တုန်း"

"ဟော့ဒီ မျက်လုံးလေးတွေက"

"သူတို့က ဘာပြောနေလို့လဲ"

"ရှင့်ကို ကျွန်မ ချစ်တယ်တဲ့… ရှင် ကျွန်မကို လက်ထပ် ယူပါတဲ့… "

"ဟွန်း 'သံသာ' ကဖြင့် သူ့ကို စကားမတတ်တဲ့ သာ လိကာကြီး မှတ်နေတာ… ကြက်တူရွေးကြီးဖြစ်နေတာကိုး"

"ကြက်တူရွေးကြီးက လှောင်အိမ်ထဲ ဝင်ပါရစေတဲ့… 'သံသာ' ဆိုတဲ့ အချစ်လှောင်အိမ်ထဲမှာ နေပါရစေတဲ့"

"သိပ်ပိုတာပဲ… အရင်တုန်းကဖြင့် သူ့ကိုစကားတောင် ပြောတတ်ပါ့မလားလို့"

"အရင်တုန်းက မပြောခဲ့ရတဲ့စကားတွေ ရင်ထဲမှာ စု ဘူးကြီးလို စုထားတာ… အခုက စုဘူးကြီးကို ဖောက်လိုက် တာ"

"ဘယ်လောက်ရလဲ"

"တစ်ထောင့်ငါးရာ"

ချစ်သူကို မျက်စောင်းခဲကာ ကျယ်ဝန်းလှသော ခြံကြီး ကို လှည့်ပတ်ကြည့်လိုက်မိပါသည်။





"ကိုတို့ ဒီမှာနေတာ ကြာပြီလား"

"ကိုယ်ဆယ်တန်းရောက်တဲ့ နှစ်တည်းကဆိုတော့ကြာ ပြီပေါ့"

"ဒီအရင်ကကော"

"ဒီအရင်က စမ်းချောင်းမှာနေတာ"

ထိုအကြောင်းကို 'ခွန်းချို' ပြန်မပြောချင်သလို နှုတ် အဆိတ် အိမ်ဖေါ်မလေး 'မတင်' သူတို့နားကိုလျှောက်လာတာ တွေ့လိုက်ရပါသည်။

"အစ်ကိုလေးတို့ကို ထမင်းစားဖို့ မေမေကြီးကခေါ် ခိုင်းလိုက်ပါတယ်"

"အေး အခုပဲ လာခဲ့မယ်လို့ ပြောလိုက်"

"'သံသာ' သွားရအောင်"

ချစ်သူခေါ်၍သာ လိုက်ခဲ့ရပေမယ့် 'သံသာ့' ရင်ထဲမှာ အကျဉ်းထောင်ထဲ ပြန်ရောက်ရသလို ခံစားရပါသည်။

အထူးသဖြင့် 'ဒေါ်မြပုလဲနု' ၏ ခြသေ့်မျက်ဝန်း အောက်မှာ 'သံသာ' သိုးငယ်တစ်ကောင်လို ပြားဝပ်ရှိ့ကျိုးစွာ ခံစားနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

"ဘယ်လိုလဲ သမီး... ပြေလည်ခဲ့ရဲ့လား"

ညခုနစ်နာရီခန့်သာသာတွင် 'သံသာ' အိမ်ကို ပြန်ရောက်လာခဲ့ပါသည်။

'ကိုခွန်းချို' ကိုယ်တိုင် ပြန်ပို့ပေးခဲ့တာ ဖြစ်ပါသည်။ 'ကိုခွန်းချို' ကားလေး ခြံရှေ့က ထွက်သွားသည်နှင့် မေမေက ဆီးကြိုကာ မေးလိုက်တာ ဖြစ်ပါသည်။

"ပြေလည်ပါတယ် မေမေရဲ့... ဘာဖြစ်လို့လဲ... "

"ကြော် ပြဿနာဖြစ်ထားခဲ့ဖူးတော့ ပြဿနာထပ်ဖြစ်





မှာနိုးလို့ပါ... မေမေ လက်ဆောင်ပေးလိုက်တာတွေကိုကော သူ လက်ခံခဲ့ရဲ့လား"

"လက်ခံပါတယ်"

"သမီးအပေါ်ကော ပြေပြေလည်လည်၊ ဆက်ဆံရဲ့လား"

"ဆက်ဆံပါတယ်"

ထမင်းစားပွဲတွင် 'ကိုခွန်းချို' က သူ့အမေကို အရင်ဦးချကာ 'သံသာ' ပန်းကန်ထဲကို ဟင်းထည့်ပေးတာ အန်တီက ပြုံးကြည့်နေတာ တွေ့ရပါသည်။

တကယ်တမ်း ဆက်ဆံကြည့်လျှင် အန်တီသည် မျက်နှာထားတင်းကာ ခပ်တည်တည်နေတတ်တာကလွဲ၍ နူးနူးညံ့ညံ့ဖြင့် ချစ်စရာကောင်းသူ တစ်ယောက်ပါ။

ဒီလို နူးညံ့မှုတွေကို ပျောက်ကွယ်အောင် ဖန်တီးခဲ့တာ ဖေဖေများလား။

ပြန်ကာနီး အန်တီက 'သံသာ့' ကို လှမ်းပြောပါသည်။

"မကြာခင်လာရက်ရွေးဖို့ သမီးဖေဖေဆီကို အန်တီ ဖုန်းဆက်လိုက်ပါမယ်"

ထိုအချိန် အန်တီ့မျက်ဝန်းလေးတွေက နူးညံ့ကာ အန်တီ့အသံကလည်း သိမ်မွေ့နေပါသည်။

'သံသာ' ကျေးဇူးတင်ရပါသည်။ အန်တီသာ နှင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုလျှင် 'သံသာ' ကော 'ကိုခွန်းချို' ပါ စိတ်ညစ်ကြရမှာ သေချာသည်။

"ကို မပြောဘူးလား... မာမီက သဘောကောင်းပါတယ်ဆို"

ကားပေါ်ကိုအရောက် 'ကိုခွန်းချို' က လှမ်းပြောတာ ဖြစ်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ပထမအဆင့် အောင်မြင်သည်ဟု 'သံသာ' ရင်မှာ ခံစားရပါသည်။

"သူတို့ခြံက ဘယ်လိုလဲ ကျယ်လား... တိုက်ကကော မေမေတို့ထက် ပိုလား"

'သံသာ' ခေါင်းညိတ်လိုက်ပါသည်။ 'သံသာ' တို့ တိုက်က 'ဒေါ်မြပုလဲနု' တို့ ခြံထဲက အစေခံတန်းလျားထက်ပင် သေးပါသေးသည်။

လူနှစ်ယောက်တည်းသာ နေသည်ဆိုသော်လည်း ဒရိုင်ဘာ၊ ဒရဝမ်၊ မာလီ အပြင် ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးလုပ်သူ စသည်ဖြင့် အစေအပါးကပဲ ခြောက်ယောက်၊ ခုနစ်ယောက်ခန့် ရှိပါသည်။

တိုက်အောက်ထပ် တစ်ထပ်လုံးကို ဧည့်ခန်း၊ ထမင်းစားခန်း၊ စာကြည့်ခန်း၊ စတိုခန်းတို့ဖြင့် ဖွဲ့စည်းထားကာ အပေါ်ထပ်တွင် ဘုရားခန်း၊ အိပ်ခန်း၊ ဧည့်သည်ခန်း





ဖွဲ့ထားတာကြောင့် တစ်အိမ်လုံးက သန့်ရှင်းသပ်ရပ်ကာပြောင် လက်တောက်ပနေရပါသည်။

"သူ ဘယ်လိုနည်းနဲ့ ဒီလို ချမ်းသာသွားတာလဲ မသိဘူးနော်"

မေမေက ဖေဖေ့ကို လှမ်းပြောနေတာ ဖြစ်ပါသည်။

"သူ့ ယောကျ်ားနဲ့လည်း သူ တစ်လပဲ ပေါင်းခဲ့တာ မဟုတ်လား... တစ်လတည်းနဲ့ ဟိုက ဒီလောက်များများလျှော် ကြေးပေးမယ် မထင်ပါဘူး"

"မင်းကလည်းကွာ စပ်စုလိုက်တာ"

ဘာပဲပြောပြော သမီးလေးမျက်နှာ ရှိနေသေး၍ ငြိမ်နေလိုက်ရသော်လည်း 'ဒေါ်ရွှေစင်' ရဲ့ ရင်ထဲမှာတော့ 'နုနု' ဆိုသော 'မြပုလဲနု' ရဲ့ အကြောင်းတွေကို သိချင်နေမိပါသည်။

တစ်သက်လုံးအကြောနှင့် နေလာခဲ့ရာမှ မကြာရတော့ ရင်ထဲမှာ အောင့်သီးအောင့်သက်နှင့် ခံရခက်နေမိလေသည်။

ထိုအချိန် 'ဒေါ်မြပုလဲနု' ကတော့ အလုပ်တွေ ရှုပ်နေချိန် ဖြစ်ပါသည်။

သူမ၏ရှေ့တွင် အိမ်ရှိ အိမ်ဖော်အားလုံး မတ်တပ်ရပ်နေကြရလေသည်။ ဒရိုင်ဘာ၊ မာလီ၊ ဒရဝမ် ပါဆိုတော့ အားလုံးခုနစ်ယောက်တိတိ။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မြပုလဲနု' အိမ်ဖော်မလေး 'မတင်' ကို လက်ယပ်ခေါ်ကာ ခုနက 'သံသာ' ယူလာသော သစ်သီးခြင်းကြီးကို ယူခိုင်းလိုက်ပါသည်။

"အားလုံး အညီအမျှ ဝေပေးလိုက်"

အားလုံးက မယုံရဲသလို သူမကို ငေးကြည့်နေတာကြောင့် သူမ ပြုံးလိုက်မိပါသည်။

"ယူကြလေ ဘာဖြစ်လို့လဲ"

"ဟို မမ အတွက် ယူလာတာဆိုတော့ "

"မမ မစားချင်လို့ ပေးတာပဲကွယ်... စားကြပါ"

"အစ်ကိုလေးအတွက် မထားတော့ဘူးလား မမ"

"သားအတွက်က ရှိနေပြီးသားပဲကွယ်... ယူသွားကြ စားကြ... ပြီးရင် 'မတင်' က မေမေကြီး အခန်းထဲကို တက်လာခဲ့နော်"

ပြောပြီးပြီးချင်း အပေါ်ထပ်ရှိ သူမ အခန်းရှိရာကို လျှောက်လာခဲ့လိုက်ပါသည်။

သား 'ခွန်းချို' က 'သံသာ' ဆီက အပြန်တွင် ဆိုဒ်ထဲကိုဝင်မည်ဟု မှာသွားတာကြောင့် တော်တော်နှင့်ပြန်လာဦးမည် မထင်ပါ။

ကုတင်ပေါ်တွင်ရှိသော ပါတိတ်သုံးထည်ကိုယူကာ ဖြန့်ကြည့်လိုက်ပါသည်။





မဆိုးပါ။ တစ်ထည်ကို ရေချိုးခန်းက ခြေသုတ်ဖုန်မှာခင်းမည်။ နောက်တစ်ထည်က အိမ်သာအခန်းဝက ခြေသုတ်ဖုန်မှာအုပ်ကာ နောက်ဆုံးတစ်ထည်ကိုတော့ ကုတင်ဘေးက ခြေသုတ်ဖုန်မှာ အုပ်လိုက်မည်။

သူ့အစီအစဉ်ကို 'မတင်' က ကြားတော့ တအံ့တသြဖြစ်နေလေသည်။

"မေမေကြီး ဒါက"

ဟိုအစ်မပေးတာပဲ ပြောမည်အပြု...

"ငါ ခိုင်းတာလုပ်စမ်းပါ 'မတင်' ရယ်... ရော့ ဒီတစ်ထည်ကိုယူသွား... ဒါ အိမ်သာအခန်းဝက ခြေသုတ်တဲ့နေရာမှာထား... ဒါက ရေချိုးခန်းအဝမှာ... ဒါက ငါ့ရဲ့ကုတင်ဘေးမှာ"

အိမ်ရှင်မို့လို့သာ မလွန်ဆန်ဝံ့၍ လုပ်ပေးနေရသော်လည်း လှပအရောင်စိုနေသော ပါတိတ်လေးတွေကိုကြည့်ကာ 'မတင်' နှမြောနေမိပါသည်။

မေမေကြီး မျက်နှာကလည်း ကျေနပ်သော အပြုံးတွေဖြင့် ဝေဆာနေပါသည်။

မေမေကြီး ဘာဖြစ်နေတာပါလိမ့်။ ဒီ ပါတိတ်တွေကို လက်ဆောင်ပေးသွားသော အစ်မသာသိသွားလျှင် ဘယ်လောက်ခံစားရရှာမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မေမေကြီးက အိမ်သာအခန်းဝရှိ ခြေသုတ်ဖုန်ကို အားရပါးရနင်းရင်း လှမ်းပြောပါသည်။

" 'မတင်' ငါ့ရဲ့ ဟန်းဒ်ဖုန်း ယူလာခဲ့စမ်း"

'မတင်' မေမေကြီး ကုတင်ဘေးရှိ စားပွဲပေါ်မှ ဟန်းဒ်ဖုန်းကို ယူလာကာ တရိုတသေအပေး 'ဒေါ်မြပုလဲ' နံပါတ်တစ်ခုကို ပြုံးရွှင်စွာ ကောက်နှိပ်လိုက်မိပါသည်။



၁၄

"သမီး 'သံသာ' လား... သမီး မေမေနဲ့စကားပြောချင်လို့ပါ"

ရုတ်တရက် ဖုန်းသံမြည်လာကာ မမျှော်လင့်ဘဲ အန်တီ့ရဲ့အသံကြောင့် 'သံသာ' နှလုံးခုန်သံ ချက်ချင်းမြန်လာပါသည်။

"ဟုတ်ကဲ့ အန်တီ... ခဏလေးနော်"

'သံသာ' ဖုန်းကိုလက်ဖြင့်အုပ်ကာ မေမေ့ကို လေသံတိုးတိုးဖြင့် ပြောလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန့်တို့ဆီက ဖေဖေ"

"ဘာတဲ့လဲ"

"မသိဘူး"

သားအဖနှစ်ယောက် လေသံတိုးတိုးဖြင့် စကားပြောနေကြတာကို 'ဒေါ်ရွှေစင်' က မော့ကာ ငေးကြည့်နေပါသည်။

"ဟုတ်ကဲ့ 'နိုင်အောင်' ပါ"

" 'နုနု' ပါ 'ကိုနိုင်'... ပထမဆုံးပြောချင်တာ သစ်သီးခြင်းနဲ့ ပါတိတ်လုံချည်တွေ ကိစ္စပါ... ကျေးဇူးတင်ပါတယ်လို့ 'မရွှေစင်' ကို ပြောပေးပါနော်... အဆင်လေးတွေကလည်းလှ... အရောင်လေးတွေကလည်းစိုဆိုတော့ 'နုနု' အရမ်းကိုသဘောကျတယ်"

ပြောရင်း ပါတိတ်လုံချည်စနှင့် သူ့မခြေထောက်မှ ရေများကို ပွတ်တိုက်နေမိပါသည်။

"ဒုတိယကိစ္စက ကလေးတွေကိစ္စပါ... 'သံသာ' ကို 'နုနု' ရဲ့ သမီးလေးတစ်ယောက်လို ချစ်ပါတယ်... သမီးတောင်းဖို့ 'နုနု' ဘယ်နေ့လောက်များ လာခဲ့ရပါ့မလဲ"

'နိုင်အောင်' ဖုန်းပြောနေရင်းမှ လက်သီးကိုဆုပ်ကာ မိုးပေါ်ကိုဝမ်းသာအားရ ထောင်လိုက်မိပါသည်။

"ဘာတဲ့လဲဟင် ဖေဖေ"

'သံသာ' ဘေးကနေ စိတ်လှုပ်ရှားစွာ ငေးကြည့်နေပြီး





မှ တိုးတိတ်စွာအမေး ဖေဖေက လက်မထောင်ပြပါသည်။

ဒီလိုဆို အောင်မြင်တဲ့ သဘောပေါ့။

"ဝမ်းသာလိုက်တာ"

ကြည်နူးစိတ်ဖြင့် မျက်ရည်ဝဲကာ ကို့ကို သတိရလိုက်မိပါသည်။

ကို ကြားရလျှင်လည်း ဝမ်းသာမှာအမှန်ပါ။

"ဒီ ဆန်းဒေးမှာ စေ့စပ်ပေးပြီး ရှေ့လထဲမှာ မင်္ဂလာဆောင်ရင်မကောင်းဘူးလား"

"မိန်းမ ကိုယ့်ကို ပြက္ခဒိန်ယူပေးစမ်း"

'နိုင်အောင်' ဖုန်းကိုပိတ်ကာ မိန်းမဖြစ်သူကို လှမ်းအော်လိုက်မိပါသည်။

ခုချိန်မှာ သမီးလေးစိတ်ချမ်းသာဖို့က အရေးအကြီးဆုံးပါ။ ပြီးတော့ 'နုနု' အပေါ် သူ စွန့်ပစ်ထားခဲ့တဲ့ အကြွေးရှိသည်၊ ဒီတစ်ခါ 'နုနု' ရဲ့ ဆန္ဒကို ဖြည့်ဆည်းချင်တာလည်း ပါသည်။

သည် တနင်္ဂနွေက ရက်ရာဇာဖြစ်ကာ နေ့ကောင်းလည်းဖြစ်တာကြောင့် ဇနီးဖြစ်သူကို ပြောလိုက်ပါသည်။

" 'နုနု' က ဒီတနင်္ဂနွေမှာ သမီးကို လာတောင်းမလို့တဲ့"

"ဟုတ်လား... 'ရွှေစင်' ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

ပထမပိုင်း မပြေမလည်ဖြစ်နေရာမှ ပြန်လည်ကာ ပြေလည်သွားသည်ဆိုတော့ 'ဒေါ်ရွှေစင်' စိတ်ချမ်းသာရသည်။

"သမီး သဘောကကော"

မေးစရာပင်မလိုအောင် သမီးမျက်နှာက ပြုံးယောင်သမ်းနေသည်မို့ 'နိုင်အောင်' ခေါင်းညိတ်ကာ လက်ခံလိုက်မိပါသည်။

"'ကိုနိုင်' တို့ဘက်က ကန့်ကွက်စရာ မရှိပါဘူး"

"ဒါဆို 'နုနု' တို့ဘက်က လူကြီးစုံရာခေါ်လာပြီး သမီးလေးကို လာတောင်းရမ်းပါမယ်… မင်္ဂလာဆောင်မယ့်နေ့ကိုတော့ အဲ့ဒီနေ့မှာပဲ ရွေးလိုက်ကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်… သမီးလေးကိစ္စကို အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးတဲ့အတွက် 'နုနု' ကို 'ကိုနိုင်' အရမ်းကျေးဇူးတင်ပါတယ်"

"အိုး ဒီလူနဲ့ဒီလူ ပြောစရာလိုလို့လား 'ကိုနိုင်' ရယ်"

"ပြောရပါပြီလား 'နုနု' ရယ်… တကယ်ဆို 'ကိုနိုင်' ဟာ 'နုနု' ကို စွန့်ပစ်သွားခဲ့တဲ့ယောကျ်ားတစ်ယောက်ပါ… ဒါကို 'နုနု' က ဗွေမယူဘဲ သမီးကိစ္စကို အားကြိုးမာန်တက်ဆောင်ရွက်ပေးတယ်ဆိုတော့ 'ကိုနိုင်' ရင်ထဲ ဘယ်လောက်ခံစားရမလဲ"

"ဒါတွေဟာ ပြီးဆုံးခဲ့ပါပြီ 'ကိုနိုင်'… ခုချိန်မှာ သမီးလေးနဲ့သား 'ခွန်းချို' တို့ စိတ်ချမ်းသာဖို့သာ အဓိကအရေးကြီးဆုံး မဟုတ်လား"

'နုနု' မမြင်ရမှန်းသိပေမယ့် 'နိုင်အောင်' ခေါင်းညိတ်နေမိပါသည်။

ဟုတ်ပါသည်။ ခုချိန်မှာ သမီးလေးနဲ့ သား 'ခမောင်ခွန်းချို' တို့ စိတ်ချမ်းသာဖို့ကအဓိကပါ။

"'ကိုနိုင်' သဘောတူတယ်ဆိုရင် ဒီ တနင်္ဂနွေ မနက်ဆယ်နာရီတိတိ 'နုနု' တို့ အရောက်လာခဲ့မယ်နော် 'ကိုနိုင်'"

"ကောင်းပါပြီ 'ဒေါ်မြမုလဲနု'"

'ကိုနိုင့်' ရဲ့ ခေါ်သံကြောင့် 'နုနု' အံ့သြသွားရပါသည်။ သူမရဲ့နာမည်အသစ်ကိုပင် 'ကိုနိုင်' သိနေပါရောလား။

"အံ့သြသွားလား 'နုနု'… 'ကိုနိုင်' 'နုနု' ကို တမင်ဂုဏ်ပြုပြီးခေါ်လိုက်တာပါ… ခေါ်ထိုက်ပါတယ်နော်"

"'ကိုနိုင်' ဘယ်လိုခေါ်ခေါ် 'နုနု' ဟာ 'နုနု' ပါပဲ"

"ဒါပေမဲ့ ခုချိန်မှာ 'နုနု' ဟာ အရင်တုန်းက 'နုနု' မဟုတ်တော့ဘူးလေ… 'ကိုနိုင်' ဂုဏ်ပြုသင့်တာပေါ့"

သူမ သဘောကျစွာ ရယ်မောလိုက်မိပါသည်။ 'ကိုနိုင်' သိနေသားပဲလေ။

"ကဲပါ… တနင်္ဂနွေနေ့မနက်ကျမှ တွေ့ကြမယ်နော်…




www.burmeseclassic.com

www.burmeseclassic.com

'ကိုနိုင်'"

သူမ ဖုန်းကိုပိတ်ကာ လေသာဆောင်ကို ထွက်လာခဲ့လိုက်ပါသည်။

လက ပြည့်ပြည့်ဝဝကြီးကိုသာကာ သူမတို့ခြံကြီး တစ်ခြံလုံးကို လင်းနေစေပါသည်။

ထိုလပြည့်ညမှာပဲ ကောင်မလေးတစ်ယောက် အချစ်အတွက်သူ့ကိုယ်သူ နိဂုံးချုပ်ဖို့ ကြိုးစားခဲ့ဖူးပါသည်။

အမေအတွေ့စောရှသော သူမဘဝခုလို ဆက်လက်ရပ်တည်နေနိုင်ခဲ့တာပါ။

အမေသာမတွေ့ရင် ခုချိန်ဆို သူမ အရိုးပင် ဆွေးနေလောက်ပါပြီ။

လူ့ဘဝဆိုတာ ဆန်းကြယ်လွန်းလှပါသည်။

တစ်ချိန်က ချစ်သူ ဖြစ်ခဲ့ဖူးတဲ့သူက မကြာလှသောအချိန်မှာသူမနဲ့ ခမည်းခမက် ဖြစ်ရဦးတော့မည်။

သူမရဲ့ အသည်းနှလုံးကို ရက်ရက်စက်စက် ခွဲခြေတက်နင်းသွားခဲ့တဲ့ မိန်းမက သူ အချစ်ဆုံးသားရဲ့ ယောက္ခမဖြစ်ရဦးတော့မည်။

သူမ သဘောကျသလို ပြုံးလိုက်မိပါသည်။

ပြုံးရင်းမှ အားရပါးရ ရယ်မောလိုက်မိပါသည်။



## ၁၅

ကိုယ့်အဖြစ်ကိုယ် မယုံကြည်နိုင်သလို 'ခွန်းချို' မှန်ထဲကို ပြန်ကြည့်လိုက်မိပါသည်။

မှန်ထဲတွင် 'ခွန်းချို' ၏ လှပချောမောသော ရုပ်သွင်က သန့်ပြန့်ကြည်လင်စွာ ပေါ်လွင်နေပါသည်။

'သံသာ' တို့အိမ်ကိုသွားကာ စေ့စပ်ရမှာမို့ စွတ်စွတ်ဖြူသော ရှပ်အင်္ကျီလက်ရှည်ပေါ်တွင် တိုက်ပုံအင်္ကျီအဖြူကို ထပ်ဝတ်ကာ ပိုးပုဆိုး အဝါနုရောင်အစင်းကို ဝတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မာမီက 'ခွန်းချို' နှင့်ဆင်တူ အဝါနုရောင် ပိုးပြောင် လက်ရှည်၊ အဝါနုပေါ် အစိမ်းနုနှင့် အညိုရောင်ပန်းခက်များ ပါသော ခင်းမယ်လုံချည်၊ အဝါနုရောင်ပုဝါလေးဖြင့် စိန်နှင့် ရွှေဝါရောင်ပုလဲတစ်ဆင်ဆာကို လည်ပခြုံ ထည့်စွာ ဝတ်ထား သောမာမီသည် 'ခွန်းချို' အမြင်မှာ လှပနုနယ်လွန်းလှပါသည်။

သည်လိုလှပနုနယ်လွန်းသော မာမီလို လုပ်ငန်းရှင် တစ်ယောက်ကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့ပေမယ့် မာမီသည် 'ခွန်းချို' ကိုချစ်စိတ်ဖြင့် သူ့နှလုံးသားတံခါးကို အသေပိတ်ထားခဲ့ပါသည်။

ကိုယ်တိုင် ချစ်သူတွေ့လာတော့မှ မာမီ့ဘဝကို 'ခွန်းချို' ကိုယ်ချင်းစာမိပါသည်။

သူ 'သံသာ' ကို လက်ထပ်လိုက်လျှင် မာမီ အထီးကျန် ဆန်သွားမှာလား။

သည်အတွေးများဖြင့် မာမီ့ကို ခပ်ငေးငေးအကြည့် မာမီက ပြုံးကာမေးလာပါသည်။

"ဘာဖြစ်လို့ မာမီ့ကို ငေးကြည့်နေရတာလဲ"

"မာမီက အရမ်းချောတာကိုး"

"ဟား ဟား ဟား မာမီက 'သံသာ' နဲ့ သဘောတူ လိုက်လို့ သားကမာမီ့ကို ဖါးပြီးပြောနေတာလား"

"မဟုတ်ပါဘူး... သား တကယ်ပြောတာပါ"





"ထားပါတော့ကွယ်... လူကြီးတွေရောက်လာပြီ သွား ကြရအောင်"

မာမီ့ဘက်က နာမည်ကြီး ဆောက်လုပ်ရေး လုပ်ငန်း ရှင်ကြီးနှစ်ဦး၊ ရပ်ကွက်လူကြီးသုံးဦးနှင့် 'ခွန်းချို' တို့သားအမိ ပါ ကားနှစ်စီးဖြင့် စမ်းရေတွင်းလမ်းကိုအရောက် 'သံသာ' တို့ မိသားစုက အိမ်ဝမှဆီးကြိုကြပါသည်။

"ကြွကြပါ... ကြွကြပါ"

သည်တစ်ခါတော့ 'ဒေါ်ရွှေစင်' မှုမနေနိုင်တော့ပါ။ ပထမတစ်ခါ သူ့ကြောင့်သမီးလေးစိတ်ဆင်းရဲခဲ့ရတာကြောင့် သည်တစ်ခါတော့ 'နုနု' ကို ပြာပြာသလဲ နှုတ်ဆက်လိုက်မိပါ သည်။

"သား 'ခွန်းချို' ကော 'နုနု' ပါ ဒီဘက် ကြွကြပါ"

ဆိုဖာဆက်တီနှစ်စုံ ချထားတာမို့ ဧည့်သည်နှင့်ဧည့် ခန်းကအနေတော်ရုံပါပဲ။

'သံသာ' က နို့နှစ်ရောင် ဇာဝမ်းဆက်ကိုဝတ်ထားကာ စိန်နဲ့နီလာနားဆွဲနှင့်အတူ ဆံပင်ကိုနောက်ဘက်တွင် ကပိုကရို ပုံစံလေးထုံးဖွဲ့ထားတာကြောင့် ဖြူဝင်းသောလည်တိုင်လေးက ပိုပေါ်လွင်ကာ ပိုချစ်စရာကောင်းနေရပါသည်။

'သံသာ' ကလည်း သန့်ပြန့်သားနား မွန်ရည်သော ချစ်သူကို ခိုးကြည့်နေဆဲ 'ဒေါ်မြပုလဲနု' ၏ နှုတ်ခွန်း


www.burmeseclassic.com

www.burmeseclassic.com

ကိုအကြည့် 'နုနု' က သူမအား လှမ်းပြောပါသည်။

"မင်္ဂလာပွဲကို ရှေ့လကုန်မှာ သတ်မှတ်ပါတယ်… 'မရွှေစင်' တို့ဘက်က ကန့်ကွက်စရာများ ရှိသေးလား"

"မရှိပါဘူး ရှင်"

"သားရှင်တစ်ယောက်အနေနဲ့ မင်္ဂလာပွဲအတွက် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူပါရစေ"

"ကျွန်မတို့ကလည်း တစ်ဦးတည်းသော သမီးလေးဆိုတော့ ကုန်ကျစရိတ်ကို တစ်ဝက်ကျခံချင်ပါတယ်"

"မဟုတ်တာ 'မရွှေစင်' ရယ်… ဒါ ကျွန်မတာဝန်ပါ… တကယ်လို့ 'မရွှေစင်' တို့ ဆန္ဒရှိမယ်ဆိုရင်တော့ မန္တလေးမှာလဲ တစ်ပွဲထပ်လုပ်လို့ ရပါသေးတယ်"

"ဟုတ်တယ်… အဲ့ဒါ မကောင်းဘူးလား 'ရွှေစင်'… သမီးကောသဘောတူတယ် မဟုတ်လား"

"ဖေဖေတို့ သဘောပါ… သမီးတို့က အရေးမကြီးပါဘူး"

'သံသာ' 'ခွန်းချို' ရှိရာကို လှမ်းကြည့်ကာ ပြောလိုက်တာဖြစ်ပါသည်။

"ဒါဆိုရင်လဲ ရန်ကုန်ကိစ္စကို ကျွန်မတာဝန်ယူလိုက်ပြီနော် 'မရွှေစင်'"

"'ဒေါ်မြပုလဲနဲ့' သဘောပါပဲရှင်"





ပြေပြေလည်လည် ညှိနှိုင်းပြီးသွားပြီဆိုတော့ 'ခွန်းချို' ကော 'သံသာ' ပါ စိတ်အေးသွားကြရပါသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုတော့လဲ 'ဒေါ်မြပုလဲနု' က မဆိုးရှာပါဘူး... သူ့သားကိုလည်း အတော်ချစ်ပုံရတယ်နော်"

စည့်သည်တွေ ပြန်သွားပြီးနောက် လင်မယားနှစ်ယောက် အဝတ်အစားလဲကာ ပြောနေကြတာဖြစ်ပါသည်။

" 'နုနု' က အဲ့ဒီလိုကောင်းလေ... ကိုယ့်မှာ မျက်နှာပူရလေပဲ"

" 'ကိုအောင့်' ထက်တောင် 'ရွှေစင်' က ပိုဆိုးသေးတာ"

"ဘာဖြစ်လို့လဲ"





'နိုင်အောင်' ဘာမှ နားမလည်သလို ဇနီးသည်ကို စိုက်ကြည့်လိုက်မိပါသည်။

" 'ရွှေစင်' ပြောပြရင် 'ကိုအောင်' စိတ်မဆိုးရဘူးနော်"

"ပြောပါ"

" 'ရွှေစင်' တို့ မင်္ဂလာဆောင်ကို 'နုနု' တက်ဖြစ်အောင်တက်ပါ 'ကိုအောင်' က ပို့ခိုင်းလိုက်တာဆိုပြီး 'ရွှေစင်' ဖိတ်စာပို့ခိုင်းခဲ့သေးတာ"

"ဟုတ်လား... ရက်စက်လိုက်တာ 'ရွှေစင်' ရယ်... 'နုနု' ဘယ်လောက် ခံစားရရှာမလဲ"

"အဲ့ဒီအချိန်က 'ရွှေစင့်' ရင်ထဲမှာ သူ့ကိုနိုင်ချင်တာပဲသိတာကိုး 'ကိုအောင့်' ရဲ့... သူ အခုလို သမီးလေးအပေါ် အရမ်းကောင်းတာတွေ့ရတော့ 'ရွှေစင်' နောင်တရမိပါတယ်"

'နိုင်အောင်' ကိုယ်တိုင်လည်း 'နုနု' အတွက် စိတ်မကောင်းသလို ငြိမ်နေမိပါသည်။

ဘာပဲဖြစ်ဖြစ်လေ။ ခုချိန်မှာလည်း 'နုနု' က သူ့ဘဝနဲ့သူ ဖြစ်နေခဲ့ပြီပဲ။

"စိတ်မကောင်းစရာတွေ စဉ်းစားမနေပါနဲ့တော့... တကယ့်တကယ် မင်း 'နုနု' ကို လေးစားတယ်ဆိုရင် သူ ဖြစ်ချင်တဲ့ သူ့သားရဲ့ မင်္ဂလာပွဲကို ဖြစ်မြောက်အောင်လုပ်ပေးဖို့ တာဝန်ပဲရှိတယ် မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်ကဲ့ပါ ‘ကိုအောင်’… ဒီ ကိစ္စတွေကို သမီးလေးကို လုံးဝမသိစေချင်ဘူး… သူ သိရင် ‘ရွှေစင့်’ ကို အရမ်းအထင်သေးသွားမှာ”

တခြားလူ အထင်သေးတာထက် သမီးလေးအထင်သေးသွားမှာကို ‘ရွှေစင်’ အရမ်းစိုးရိမ်လှပါသည်။

“အေးပါ… ကိုယ်တို့နှစ်ယောက်မပြောရင် သမီးလည်း ဘယ်လိုသိနိုင်မှာလဲ… ဟိုမှာ သမီး လာနေပြီ”

သမီးလုပ်သူ အခန်းထဲကို ဝင်လာတာတွေ့ရ၍ လင်မယားနှစ်ယောက် ပြောလက်စစကားကို ရပ်ပစ်လိုက်ကြသည်။

‘ဒေါ်ရွှေစင်’ သမီးမျက်နှာကို စိုက်ကြည့်ရင်း ကြည်နူးစွာပြောလိုက်မိပါသည်။

“သမီးလေး ပျော်နေလား”

‘သံသာ’ မေမေ့မျက်နှာကို လှမ်းကြည့်ကာ ရှက်နေသည့်ကြားမှ ခေါင်းညိတ်ပြလိုက်ပါသည်။

“အန်တီက သူ့သားကို တော်တော်ချစ်တယ်နော် မေမေ”

“မေမေတို့လည်း သမီးကို မချစ်လို့လား”

ချစ်ခဲ့လို့သာ သမီးလေးဆန္ဒကို ဖြည့်ဆည်းပေးခဲ့ကြတာ ဖြစ်ပါသည်။

“ ‘ဒေါ်မြပုလဲနု’ က တိုက်ခန်းကော ကားပါ လက်ဖွဲ့





ဘာဆိုတော့ မေမေတို့ဘက်က ငွေနဲ့လုပ်ငန်းကိုပဲ လက်ဖွဲ့ရတော့မှာပေါ့… အခု သမီးလုပ်နေတဲ့ တေးသံသွင်းလုပ်ငန်းကြီးနဲ့ ငွေသားသိန်းတစ်ရာကို မေမေတို့လက်ဖွဲ့မယ်”

“ ‘ကိုခွန်းချို’ ရဲ့ လုပ်ငန်းရှိနေပြီပဲ… ‘သံသာ့’ အတွက် မလိုပါဘူး မေမေရယ်”

“သမီးဝါသနာပါလို့ လုပ်ထားတဲ့ လုပ်ငန်းပဲ… သမီးပဲ ဆက်လုပ်ရမှာပေါ့… ဘာလဲ အိမ်ထောင်ပြုပြီးတာနဲ့ အလုပ်မလုပ်ရတော့ဘူးလို့ ‘မောင်ခွန်းချို’ က ပြောထားလို့လား…”

“ဟင့်အင်း သူက ဘာမှမပြောပါဘူး… ‘သံသာ့’ သဘောပါပဲ သူကတောင် ဗွီစီဒီတွေခေတ်စားနေလို့ ‘သံသာ့’ ကို ထုတ်ခိုင်းနေသေးတာ”

“သမီးရဲ့လုပ်ငန်းကို ‘မောင်ခွန်းချို’ ကလည်း စိတ်ဝင်စားတယ်ဆိုတော့ ကောင်းတာပေါ့ကွယ်… နောက်ပိုင်း အသံသွင်းစတူဒီယိုပါထောင်နိုင်ရင် ပိုတောင်ကောင်းသေးတယ်”

‘ဦးနိုင်အောင်’ အားတက်သရော ပြောလိုက်မိတာ ဖြစ်ပါသည်။ သူတို့သမီးယူမယ့်လူက အရည်အချင်းရှိသူ အဆင့်အတန်းမြင့်သူမို့ ‘ဦးနိုင်အောင်’ ကော ‘ဒေါ်ရွှေစင်’ ပါ စိတ်ချမ်းသာကြပါသည်။

“ ‘သံသာ’ လာတာ ဒါတွေ မေမေတို့ကို အပ်ထားချင်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဒိုတိုက်ခန်းသော့၊ ကားသော့နှင့် စိန်တစ်ဆင်အော
ဘူးကို 'သံသာ' က လာပေးခြင်းပါ။

"မဟုတ်တာ သမီးကလည်း… ရှေ့လထဲမှာပဲ လက်
ထပ်တော့မယ်ဥစ္စာ… သမီးပဲ ယူထားလိုက်ပါ… ပြီးတော့ သမီး
တို့ စိတ်ကြိုက်ပဲဟာယ်ကိုရွေးပါလို့လည်း 'ဒေါ်မြပုလဲနု' က
မှာသွားသေးတာ… သမီး 'မောင်ခွန်းချို' နဲ့ တိုင်ပင်ပြီးပြီလား"

"မတိုင်ပင်ရသေးပါဘူး မေမေ… 'သံသာ' ကတော့
မင်္ဂလာဆောင်အတွက် ကုန်ကျမယ့်ပိုက်ဆံတွေကို နှမြော
တယ်… မင်္ဂလာဆွမ်းပဲကျွေးပြီး မဖွံ့ဖြိုးသေးတဲ့ဒေသမှာ စာ
သင်ကျောင်းတစ်ကျောင်းဆောက်ပြီး လှူမလားလို့"

"အိုကွယ်… မိန်းကလေးတစ်ယောက်အတွက် မင်္ဂလာ
ဆောင်တယ်ဆိုတာ တစ်သက်မှာတစ်ခါပဲ ဆောင်ရတာ…
မေမေတော့ သမီး ဆန္ဒကို သဘောမတူပါဘူး… 'ဒေါ်မြပုလဲနု'
လည်း ဘယ်လိုနည်းနဲ့မှ သဘောတူနိုင်မှာ မဟုတ်ပါဘူး"

'ဒေါ်ရွှေစင်' ပြောသလိုပင် သား 'ခွန်းချို' ၏ စကားကို
'ဒေါ်မြပုလဲနု' ခါးခါးသီးသီး ငြင်းဆန်လိုက်မိပါသည်။

"မာမီ လုံးဝသဘောမတူဘူး 'ခွန်းချို'… သား လှူချင်
တယ်ဆို မာမီ ပေးလှူမှာပေါ့… အလှူနဲ့မင်္ဂလာဆောင်နဲ့ မရော
ထွေးစေချင်ဘူး မာမီ့မှာ သားတစ်ယောက်ပဲရှိတာ… ဒီသားရဲ့
မင်္ဂလာဆောင်ကိုမှ မာမီ ကြီးကြီးကျယ်ကျယ် လုပ်မပေးနိုင်ရင်





မာမီ ဘာဖြစ်သွားမလဲ မိဘဝတ္တရားထဲမှာ ထိမ်းမြားခြင်းလျှင်
ဆိုတာလည်းပါတယ်… မာမီ မိဘ ဝတ္တရားကျေပွန်ချင်တယ်"

တင်းတင်းမာမာ ပြောလာသော မာမီ့စကားသံများ
ကြားမှာ 'ခွန်းချို' ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ပါ။

"'သံသာ့' ကိုလည်း ပြောလိုက်… မာမီ သဘောမတူ
ဘူးလို့ မာမီ ဖြစ်ချင်တာ အကောင်းဆုံးဟိုတယ်မှာ အကောင်း
ဆုံးမင်္ဂလာပွဲကို ကျင်းပပေးချင်တာ"

နောက်ဆုံး မာမီ့ရဲ့ဆန္ဒအတိုင်းပင် ရန်ကုန်မြို့ရဲ့
အကောင်းဆုံးဟိုတယ်ကို ရွေးဖြစ်ကြသည်။

ထိုနေ့က လှပစွာပြုံးနေသော မာမီ့ရဲ့အပြုံးသည် 'ခွန်း
ချို' တွေ့ဖူးသမျှထဲတွင် အလှပဆုံး ဖြစ်နေခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၁၇

"ဒါ သားနဲ့ 'သံသာ' တို့ဆင်တူဝတ်ဖို့ မာမီကိုယ်တိုင် အမရပူရက လှမ်းမှာပေးတာ"

အဖြူခံပေါ်တွင် ရောင်စုံပန်းပွင့်များနှင့် ကြိုးကြိုး ချိတ်ဖောက်လုပ်ထားသော လုံချည်ဆင်တူက လှပကြွရွ၍နေပါ ချေသည်။

'သံသာ' မိခင်က မန္တလေးကမို့ အဝတ်အစားကို သူတို့တာဝန် ယူပုံရစေဟု ကမ်းလှမ်းတာကိုပင် ငြင်းပယ်ကာ မာမီကိုယ်တိုင် ဒီဇိုင်းရွေးပြီး မှာပေးခဲ့တာပါ။





"ရှိတာမှ ဒီ သားလေးတစ်ယောက်တည်းမို့ ကျွန်မ စိတ်တိုင်းကျ ဆင်ပေးပါရစေရှင်..."

ဒီ စကားတစ်ခွန်းတည်းနဲ့တင် 'သံသာ' ရဲ့ အမေ သည် မာမီ့ကို လက်မြှောက်အလျှော့ပေးကာ မာမီ့စိတ်တိုင်းကျ လုပ်ခွင့်ပေးခဲ့ရပါသည်။

"သား 'ခွန်းချို' ကလည်း အသားဖြူတော့ ဘာဝတ် ဝတ်လိုက်တယ်... သမီး 'သံသာ' ကလည်း အသားဖြူတော့ မာမီ့ရဲ့စိတ်ကူးနဲ့တင် အတော့်ကို ကြည့်လို့ကောင်းနေရပြီ"

တစ်နေ့တစ်နေ့ ဆောက်လုပ်ရေး အလုပ်ဟူသမျှ မန်နေဂျာနဲ့လွှဲထားကာ 'ခွန်းချို' အတွက် ဈေးဝယ်ထွက်နေရတာကိုပဲ မာမီ ပျော်မွေ့နေလေသည်။

'ခွန်းချို' တို့နေမည့် ကွန်ဒိုတိုက်ခန်းလုံးတွင်လည်း မာမီ ဝယ်ဖြည့်ထားသော ပစ္စည်းတွေဖြင့် ပြည့်ကျပ်နေပါပြီ။

'သံသာ' ကပင် နောက်ဆုံးပေါ် ပစ္စည်းတွေကို ကြည့်ကာ 'ခွန်းချို' အပေါ်ထားတဲ့ မာမီ့ရဲ့မေတ္တာကို အံ့ဩ၍နေပါသည်။

"အန်တီက ကို့ကို အရမ်းချစ်တာပဲနော်... ကို့ဖေဖေ ရှိခဲ့ရင်လည်း ကို့ကို အရမ်းချစ်မှာပဲ... ကို ဘယ်အရွယ်တည်းက ကို့ဖေဖေဆုံးသွားတာလဲ"

"ကို တစ်နှစ်အရွယ်လောက်တည်းက ဆုံးသွားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆို အန်တီ အရမ်းသနားစရာ ကောင်းမှာပဲ နော်... ကိုးဆယ်နှစ်အရွယ်ဆို အန်တီ့အသက်က ငယ်ငယ်လေးပဲ ရှိဦးမှာပေါ့"

'ခွန်းချို' မိဘတွေဆုံးစဉ်က မာမီ့အသက်က နှစ်ဆယ် ကျော်ကျော်လေးပဲ ရှိပါဦးမည်။

ဘွဲ့လွန်တက်ရင်း တစ်ဖက်ကလဲ အလုပ်လုပ်ကာ 'ခွန်းချို' ကို ပြုစုစောင့်ရှောက်ခဲ့ရတာ ဖြစ်ပါသည်။

ဘာပဲဖြစ်ဖြစ် 'ခွန်းချို' အတွက်ကတော့ မာမီဟာ အမေရင်းပြီးလျှင် ဒုတိယအမေပါပဲ။

သည်အမေရဲ့ စေတနာ၊ မေတ္တာဟူသမျှကို 'ခွန်းချို' မပယ်ရှားချင်ပါ။

"အန်တီဟာ တစ်ခါတစ်ခါ မျက်နှာထားတင်းတင်းနဲ့ နေတတ်တာကလွဲရင် ကို့ကို အရမ်းချစ်တာပဲနော်"

"ကို့ကိုတင် မကပါဘူး... ခုဆိုရင် 'သံသာ့' ကိုပါ ချစ်နေခဲ့ပြီပဲ"

'ခွန်းချို' နဲ့အတူ 'သံသာ' ပါ,ပါလာတိုင်း ပျူပျူငှာငှာ ဆီးကြိုတတ်တဲ့ အန်တီ့ရဲ့ အပြုအမူတွေက 'သံသာ့' ရင်ကိုပါ ငြိမ်းအေးစေပါသည်။

"သမီးနော်... မင်္ဂလာဆောင်ရမယ့်ရက်က နီးနီးလာ ပြီ... အနေအထိုင် အသွားအလာ ဂရုစိုက်... အိပ်ရေးလည်း





အပျက်မခံနဲ့... အစားအသောက်ကိုလည်း ဂရုစိုက်... တော် ကြာ မင်္ဂလာဆောင်ခန်းမထဲရောက်မှ မျက်နှာလေးချောင်ပြီး အလှပျက်တာမျိုး အန်တီ အဲ မေမေက မမြင်ချင်ဘူး"

"ဟုတ်ကဲ့ပါ မေမေ"

'သံသာ' ဝမ်းသာကြည်နူးစွာဖြင့် ခေါင်းညိတ်လိုက်မိ ပါသည်။

အန်တီက သူမကိုယ်သူမ မေမေဟု သုံးနှုန်းလိုက်တာ 'သံသာ' ကို အသိအမှတ်ပြုကာ လက်ခံလိုက်တာမျိုးပဲ မဟုတ် ပါလား။

'သံသာ' ကြည်နူးဝမ်းသာ စိတ်ဖြင့် မျက်ရည်အဝဲ မာမီက 'သံသာ' ခေါင်းကိုပုတ်ကာ တိုးညှင်းစွာပြောနေပါ သည်။

"သမီးကို မေမေ ချစ်ပါတယ်ကွယ်"

ပြောပြီးပြီးချင်း အခန်းထဲက ဖြည်းညှင်းစွာ ထွက်ခွာ သွားသော မာမီ့ ကျောပြင်ကိုငေးကြည့်ကာ 'ခွန်းချို' ရင်ထဲမှာ အမျိုးအမည်မဖော်ပြတတ်သော ခံစားမှုတွေဖြင့် ကျန်ရစ်ခဲ့ရပါ သည်။

'သံသာ့' ကို မေမေ ချစ်တယ်ဆိုတာ ရိုးရိုးပြောတာ လား၊ ဆန်းဆန်းပြောတာလား 'ခွန်းချို' ဝေခွဲ၍မရပါ။ 'ခွန်းချို' လိုပင် 'သံသာ' ကိုယ်တိုင်လည်း မာမီ့စကားအတွက် ဝေခွဲမရ



www.burmeseclassic.com

www.burmeseclassic.com



သလို၊ ခံစားနေရရှာပါသည်။

သည်လို ခံစားမှုတွေဖြစ်အောင် လုပ်လိုက်သူက 'အန်တီအု' ပါ။

'အန်တီအု' က မာမီ့ရဲ့ ပဉ္စမမြောက် ညီမဖြစ်ကာ အရုပ်ဆိုးဆိုးသူဌေးတစ်ယောက်နဲ့ လက်ထပ်ပြီး ပုဇွန်မွေးမြူရေးလုပ်ငန်းဖြင့် ချမ်းသာနေသူ တစ်ယောက်ပါ။

'သံသာ' နှင့်အတူ ဒဂုံစင်တာကိုအသွား 'အန်တီအု' နဲ့ ဆုံခဲ့ရတာပါ။

ကားကိုပါကင်တွင်ထိုးကာ ဒဂုံစင်တာထဲကိုဝင်အလာ၊ အပေါ်ထပ်မှ ဆင်းလာသော 'အန်တီအု' က 'ခွန်းချို' ကို အရင်စတွေ့သွားတာဖြစ်ပါသည်။

" 'ခွန်းချို' မဟုတ်လား"

"ဟော် 'အန်တီအု' "

ရန်ကုန်တွင် အတူနေကြတာမှန်သော်လည်း မာမီ့ရဲ့ တားမြစ်မှုကြောင့် အဒေါ်တွေနဲ့ 'ခွန်းချို' သိပ် မဆုံဖြစ်ပါ။

မာမီကိုယ်တိုင်လည်း သူ့ညီအစ်ကို မောင်နှမတွေနဲ့ သိပ်ပတ်သက်တာ မတွေ့ရပါ။

"သူလေးလား... မင်းနဲ့လက်ထပ်မှာ"

"ဟုတ်ပါတယ် 'အန်တီအု'...'သံသာ' ဒါ ကိုယ့်ရဲ့ အဒေါ်အငယ် 'ဒေါ်အုအုနိုင်' တဲ့... 'အန်တီအု' အောက်မှာ 'အန်





တီလု' တစ်ယောက်ပဲ ရှိတော့တယ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် အန်တီ... သမီးက 'သံသာ' ပါ"

"အချောလေးပါလားကွယ်... ကြည့်စမ်း ကိုယ့်တူ အရင်းခေါက်ခေါက် ရှိနေတာတောင် အဒေါ်အိမ် တစ်ခေါက်လာဖေါ်တောင်မရဘူး... ဘာလဲ မမကြီး က မသွားရဘူး တ... ထားလို့လား"

"မဟုတ်ပါဘူး 'အန်တီအု' ရဲ့... အလုပ်တွေ များနေလို့ပါ"

"ထားပါတော့... ကိုယ့်အစ်မအကြောင်း ကိုယ် မသိတာမှမဟုတ်တာ... ကဲ တွေ့တုန်းဆုံတုန်း 'အန်တီအု' လိုက်ကျွေးမယ်... ဘာစားကြမလဲ... အအေးသောက်မလား... ခုလဲ Pearl Harbour (ပုလဲဆိပ်ကမ်း) က အအေးသောက်ပြီး ထွက်လာတာ"

'အန်တီအု' ၏ ဘေးတွင် ဆယ်နှစ်ကျော်အရွယ် သမီးနှစ်ယောက်ပါလာတာ တွေ့ရပါသည်။

"ဒါ 'မူမူ' နဲ့ 'ကြူကြူ' လား... အတော်တောင် ကြီးလာကြပြီပဲ"

'ခွန်းချို' စတွေ့ကာစက အကြီးမ 'မူမူ' က ငါးနှစ်ကျော်ကျော် အငယ်မလေး 'ကြူကြူ' က သုံးနှစ်ကျော်ပဲရှိပါ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား…"

'သံသာ' ခေါင်းညိတ်ပြလိုက်မိပါသည်။

"ဒါဆို ပြီးနေပြီပဲ"

ထိုနေ့ကစကားသည် သည်နေ့အဖို့မှာတော့ စိုးရိမ်စရာလိုလို စိတ်မချစရာလိုလို၊ ဘာလိုလိုဖြင့် 'သံသာ' ရဲ့စိတ်တွေ လေးလံနေမိပါသည်။

ဖြစ်နိုင်လျှင်တော့ မင်္ဂလာနေ့ရက်ကို အမြန်ဆုံးရောက်ကာ အမြန်ဆုံးသာပြီးဆုံးစေချင်ပါတော့သည်။



## ၁၈

မနက်ပိုင်း တရားရုံးတွင် လက်ထပ်အပြီး၊ သနေပိုင်းတွင် ဧည့်ခံပွဲလုပ်ရမည်မို့ မိုးလင်းတည်းက အလုပ်ရှုပ်နေကြပါသည်။

ဟောင်ကောင်ပိုးအဝါနုရောင်လက်ရှည်၊ အနီပေါ် အဝါရောင်ကြိုးကြိုးချိတ်လုံချည်ဖြင့် မာမီသည် ခါတိုင်းထက်ကို လှပသားနားနေရပါသည်။

ခါတိုင်း ရယ်ဒီမိတ်အကျီတွေဖြင့်သာ မြင်နေကြမှုလို မြန်မာဆန်ဆန် ဝတ်လိုက်သောအခါ၊ အချိုးအစားကျန


www.burmeseclassic.com

www.burmeseclassic.com


သူတောင် ကိုယ့်ကို မချစ်လို့ စွန့်ပစ်သွားနိုင်သေးတာ သူမကဘာလို့ တစ်ဖက်လူဝမ်းသာအောင် မျက်ရည်ကျပြနေရမှာလဲ။

ဘယ်သူမှမသိအောင် အိမ်ကိုတိတ်တိတ်လေး ပြန်လာကာ အိပ်ယာထဲတွင် လူးလှိမ့်ကာ ရှိုက်ငိုလို့နေမိပါသည်။

ရှိုက်ငိုရင်းမှ မခံစားနိုင်တော့သလို လမ်းထိပ်ကွမ်းယာဆိုင်က ဝယ်လာသော ဆေးပုလင်းကိုယူကာ လက်ထဲကို သွန်အထည့်...

"အမိုက်မ..."

အမေရောက်လာကာ သူမ လက်ထဲက ပုလင်းကို အဝေးသို့ လွှင့်ပစ်လိုက်ပါသည်။

"နင် မရှက်ဘူးလား... ကိုယ့်ကို စွန့်ပစ်သွားခဲ့တဲ့လူရဲ့ မင်္ဂလာဆောင်ကို သွားခဲ့ရအောင်... ပြီးတော့ ဟိုကနောက်လူနဲ့ ပျော်ရွှင်နေချိန် ညည်းက သေပြချင်သေးလို့လား... ညည်း မာနမရှိဘူးလား... အရှက်မရှိဘူးလား"

"မာနက အသည်းမကွဲဘူး အမေ... ခုက ကျွန်မ အသည်းတွေကွဲကြေနေတာ... ဒီလို အသည်းနဲ့ ကျွန်မ ဘယ်လို အသက်ဆက်ရှင်ရမလဲ"

ပြောရင်း 'နုနု' ရှိုက်ကြီးတငင်အငို၊ သူမ ၏အောက်မှ 'ယုယု' က လှမ်းအော်ပါသည်။





"အဲ့ဒါဆိုလည်း 'မမနု' သူ့ကို ရအောင်ယူပါတော့လား... ခုမှ ငိုနေလဲ အလကားအရှုံးပေးနေတာပဲ"

မင်္ဂလာဆောင်က ပြန်လာတဲ့ 'ယုယု' ရဲ့ သူငယ်ချင်းတွေကတစ်ဆင့် 'မမနု' ကို မင်္ဂလာဆောင်မှာတွေ့လာကာ မျက်ရည်ကျနေတဲ့အကြောင်း 'ယုယု' ပြန်ကြားလာပြီးပါပြီ။ အမေ့ကိုလည်း ပြန်တိုင်ပြောပြီးပါပြီ။

"အေးလေ... ညည်း မင်္ဂလာဆောင်သွားပြီး မျက်ရည်ကျပြနေတာ ညည်း မရှက်ပေမယ့် ကျုပ်တို့ ရှက်တယ်... သူတို့တောင် ကျုပ်တို့ကို မညှာဘဲ ဒါမျိုး မျက်နှာပြောင်တိုက်ရဲသေးတာ ကျုပ်တို့ကလည်း ပြန်ပြီး မျက်နှာပြောင်တိုက်ပြမယ်... ညည်း 'မောင်ထွန်းလှိုင်' လက်ထပ်ရမယ်"

'ကိုထွန်းလှိုင်' က မြိတ်ဘက်မှ စက်လှေသူဌေးဖြစ်ကာ 'ကိုထွန်းလှိုင်' ၏ စက်လှေဖြင့် သယ်လာသောပစ္စည်းတွေကို အမေက ဒိုင်ခံရောင်းပေးရသူ ဖြစ်ပါသည်။

အသားညိုညို ပိန်ပိန်ပါးပါးဖြင့် 'နုနု' ကို လှမ်းလှမ်းကြည့်တတ်သော မျက်လုံးတွေကို 'နုနု' မနှစ်သက်ပါ။

သို့ပေမဲ့ အမေသည် အမေတစ်ခု သားတစ်ခုဖြစ်သော 'ကိုထွန်းလှိုင်' ကို 'နုနု' နှင့် ကြိတ်ကာ သဘောတူနေသူ ဖြစ်ပါသည်။

အမေ့ကိုပိုင်နေလေတော့ 'ကိုထွန်းလှိုင်' မော်လမြိုင်


www.burmeseclassic.com

www.burmeseclassic.com

ကိုရောက်တိုင်း 'နုနု' တို့အိမ်ကို ရောက်လာတတ်ကာ တစ်ခါ တလေ ညပါအိပ်တတ်ပါသည်။

ညအိပ်လေတိုင်း တကြိုကြိုဖြင့် သွားကြိတ်နေတတ်သော 'ကိုထွန်းလှိုင်' ရဲ့ သွားကြိတ်သံကို ကြားရတိုင်း 'နုနု' အသည်းယားနေခဲ့မိပါသည်။

ခု ဒီ 'ကိုထွန်းလှိုင်' ဆိုတဲ့လူကို 'နုနု' က လက်ထပ်ရ… မယ်တဲ့လား။

" 'နုနု' မယူနိုင်ဘူး အမေ"

"မယူလို့မဖြစ်ဘူး 'မိနု'… ညည်း ဒီလိုနဲ့ပဲ ဟိုကောင်… ကြောသွားတာကို ငြိမ်ခံနေတော့မှာလား… 'မောင်ထွန်းလှိုင်' က ညည်းကို စိန်တစ်ဆင်ဆာတင်တောင်းမှာ"

"ဟာ စိန်တစ်ဆင်ဆာ ဟုတ်လား… 'မမနု' ယူလိုက်ပါ"

"ညည်းသာ သဘောတူလို့ကတော့ ခု နားနေတဲ့အိမ် ကိုလည်း အပိုင်ဝယ်ပေးဦးမှာ"

"ယူလိုက်ပါ 'မမနု' ရယ်… 'အုအု' တို့ ဒါမှ အိမ်ပိုင်… နေရမှာ"

အရမ်းချမ်းသာချင်သော ညီမအငယ် 'အုအု' က … ပြောတာဖြစ်ပါသည်။

"နင် ယူပါလား… အဲ့ဒီ ငါးခြောက်ပြားကို"





"သူသာ 'အုအု' ကို ကြိုက်ရင် 'အုအု' က ယူလိုက်မှာပေါ့… ယူပြီးရင် စိန်တစ်ဆင်ဆာဝတ်ပြီး ဓိမ်နဲ့နေလိုက်မယ်… ပြီးရင် အမေ့ကို ဒီအိမ်ပေးလိုက်မယ်"

ပစ္စည်းကောင်းမက်၊ အစားကောင်းမက်သော 'အုအု' ကို 'နုနု' စိတ်ပျက်စွာ ကြည့်လိုက်မိပါသည်။

ဒီလူကလည်း 'နုနု' ကိုမှ ဘာလို့ ရွေးကြိုက်ရတာပါလိမ့်။

'နုနု' အောက် 'ယုယု' တို့ 'လုလု' တို့လည်း ရှိနေရဲ့သားနဲ့။

ပြီးတော့ 'ကိုနိုင်' နဲ့ 'နုနု' အကြောင်းကိုလည်း ဒီလူ သိထားသည်။

"မဖြစ်ပါဘူး အမေရယ်"

'နုနု' ဖွတ်အငြင်း အမေက အတင်းကိုနားချသည်။

"အမေ ပြောတာနားထောင်ပါ သမီးရယ်… ကိုယ်ချစ်ကိုယူရင်ကိုယ်ပဲ ဒုက္ခရောက်တယ်… သူချစ်ကိုယူမှ ကိုယ်စိတ်ချမ်းသာရတတ်တာ"

'နုနု' တော့ မထင်ပါ။ သူ ချစ်၊ ကိုယ် ချစ်မှသာ စိတ်ချမ်းသာနိုင်မည်ဟု ထင်မိပါသည်။

လောလောဆယ် အိမ်ရဲ့ စီးပွားရေးကို အဓိကပံ့ပိုး ကူညီပေးနေသူက 'ကိုထွန်းလှိုင်' မို့ ညီအစ်ကို၊ မောင်နှမအား



www.burmeseclassic.com

 www.burmeseclassic.com

လုံးကလည်း 'နုနု' ကို 'ကိုထွန်းလှိုင်' နဲ့ လက်ထပ်စေချင်ကြသည်။

ဒီလို အဖြစ်တွေကြုံတွေ့ရလေ 'နုနု' 'ကိုနိုင်' ကို မုန်းတီးမိလေပါ။ 'ကိုနိုင်' သာ 'နုနု' ကို သစ္စာဖောက်မသွားလျှင် ဒီနေ့လို အဖြစ်ဆိုးမျိုးကို ကြုံတွေ့စရာတောင်မလို။

ခုတော့ 'ကိုနိုင်' ကြောင့်ပင် 'နုနု' မချစ်သော 'ကိုထွန်းလှိုင်' ကို လက်ထပ်လိုက်ရသည်၊ လက်ထပ်ပြီးမှ မချစ်မနှစ်သက်သောသူနှင့် အတူနေရခြင်း ဒုက္ခကို 'နုနု' ခံစားရကာ တစ်လအကြာတွင် 'နုနု' 'ကိုထွန်းလှိုင်' နှင့် ကွာရှင်းလိုက်သည်။

ရလဒ်အဖြစ် အမေတို့က အိမ်တစ်လုံး ပိုင်ဆိုင်သွားကာ 'နုနု' ကတော့ တစ်ခုလပ်ဖြစ်သွားခဲ့ခြင်းပင်။

'နုနု' ဝမ်းမနည်းပါ။ ကိုယ် မချစ်မနှစ်သက်သူနှင့် တစ်အိပ်ယာတည်း အတူအိပ်နေရတာထက်၊ တစ်ယောက်တည်း အိပ်ရတာကိုပဲနှစ်သက်ပါသည်။

'ကိုထွန်းလှိုင်' နဲ့ ကွာရှင်းပြီးချိန်မှာတော့ 'နုနု' တစ်ယောက် မော်လမြိုင်တွင် နေလိုစိတ်မရှိတော့ပါ။ အမေ့ညီမရှိရာ ရန်ကုန်ကို ပြောင်းလာပြီး ဘွဲ့လွန်ဆက်တက်ဖြစ်ပါသည်။

သည်အချိန်မှာ 'ကျော့်' ကို ပြန်တွေ့ခဲ့ရတာ ဖြစ်ပါသည်။



 

၁၉

'ကျော်' ဟု 'နုနု' ခေါ်တဲ့ 'မျိုးကျော်လွင်' က တောင်ကြီးမှာ ဆုံခဲ့ဖူးတဲ့ သူငယ်ချင်းပါ။

အဖေ မဆုံးခင်အချိန်အထိ တောင်ကြီးမှာနေခဲ့ရတာမို့ ကလေးဘဝတဲလျှောက်လုံး 'နုနု' ရဲ့ အဖေါ်က 'ကျော်' ပဲ ဖြစ်ခဲ့ပါသည်၊

အသားဖြူဖြူ၊ ပါးရဲရဲ၊ ဆံပင်ကောက်ကောက်လေးဖြင့် 'ကျော်' သည် မျက်လုံးမည်းမည်း၊ နှုတ်ခမ်းရဲရဲ ကောင်မလေး 'နုနု' ကို စတင်ကာ မိတ်ဖွဲ့ခဲ့သူ ဖြစ်ပါသည်။

"တို့ နာမည် 'ကျော်'... ဟိုဘက်လမ်းမှာနေတယ်...



www.burmeseclassic.com

www.burmeseclassic.com

မင်းနာမည်ကော"

"'နုနုနိုင်'..."

နှုတ်ခမ်းပါးများကြားမှဖြေရင်း 'နုနု' မျက်လုံးကိုလှန်ကြည့်ကာ ပြောလိုက်မိတာဖြစ်ပါသည်။

တောင်ကြီးဆောင်းက 'နုနု' လို အောက်သူအတွက် အေးမြလွန်းလှပါသည်။ နှုတ်ခမ်းပါးများ တဆတ်ဆတ်တုန်နေတာကို ငေးကြည့်ရင်း 'ကျော်' က ဂရုဏာသက်သလို မေးလာပါသည်။

"အရမ်းချမ်းနေလား"

"အင်း"

"ဒါဆို ငါ့ ဂျာကင်လေး ဝတ်ထားမလား"

"ဟင့်အင်း"

'နုနု' ခေါင်းခါလိုက်မိပါသည်။

"ဘာလဲ ရှက်လို့လား"

'ကျော်' က 'နုနု' မျက်နှာကို စိုက်ကြည့်ကာ မေးနေတာဖြစ်ပါသည်။ ကျောင်းကို နှစ်လခန့်နောက်ကျပြီးမှ ပြောင်းလာသော ကောင်မလေးကို 'ကျော်' မျက်မှန်းတန်းမိနေတာကြာပါပြီ။

အသားဖြူဖြူ၊ မျက်တောင်ထူထူ၊ နှုတ်ခမ်းပါးလေးဖြင့် ကောင်မလေး ပုံစံက ထက်မြက်ပုံရကား သူတို့နောက်လမ်း





တွင်နေတာကိုလည်း 'ကျော်' သိထားပြီးပါပြီ။

"ယူပါ အသစ်ပါ"

"ငါ ယူရင် နင်က ဘာဝတ်မှာလဲ"

"ငါကဒီမှာနေတာ ကြာပြီဆိုတော့ ဒီလောက်အချမ်းကတော့ ရိုးသွားပြီ"

'နုနု' 'ကျော့်' ဂျာကင်လေးကို ပခုံးထက်မှာ မပွံ့မရဲခြုံလိုက်မိပါသည်။

သိုးမွှေးအသားနုနုခံထားတဲ့ 'ကျော့်' ရဲ့ ဂျာကင်လေးက နွေးထွေးနေပါသည်။

"နင့်လက်ကို အိတ်ထဲထည့်ထားလိုက်... ဒါဆို နင်ပိုနွေးသွားမယ်"

'ကျော်' ပြောသလို 'နုနု' လိုက်လုပ်လိုက်မိပါသည်။ အဟုတ်ကို နွေးထွေးသွားပါသည်။

ကျေးဇူးတင်သလို 'ကျော့်' ကို ပြုံးအကြည့် 'ကျော်' က သူ့လက်နှစ်ဖက်ကို ဆန့်တန်းရင်း 'နုနု' ကို စာနာစွာ လှမ်းပြောပါသည်။

"ငါတို့ ဒီကိုပြောင်းလာကာစက ငါလည်း နင့်လိုပဲ အရမ်းချမ်းတတ်တာ... ခုတော့လဲ နေသားကျသွားပါပြီ"

မြို့နယ်ဆရာဝန်ကြီးအဖြစ် 'ကျော့်' ဖခင်က တောင်ကြီးကို ပြောင်းလာရတာဖြစ်ပါသည်။ တောင်ကြီးမှာ 'ကျော်'



www.burmeseclassic.com

www.burmeseclassic.com

နေတာ ငါးနှစ်ကျော်ပြီ။

အိမ်နားကိုအရောက် 'နုနု' ဂျာကင်ကို ပြန်ပေးရင်း ကျေးဇူးတင်စကား ဆိုလိုက်မိပါသည်။

"ကျေးဇူးတင်ပါတယ်"

"ယူသွားလေ"

"ဟင့်အင်း"

'နုနု' ခေါင်းခါကာ 'ကျော်' ကို ဂျာကင် ပြန်ဝတ်စေပါသည်။

"လက်ကို အိတ်ထဲထည့်လေ"

'နုနု' ပြောသလို 'ကျော်' လက်နှစ်ဖက်လုံးကို အိတ်ထဲထိုးအထည့် ပြုံးနေတဲ့ 'နုနု' မျက်လုံးလေးတွေက ရွှန်းလက်တောက်ပ၍နေပါသည်။

'နုနု' နှင့် သုံးတန်းဘည်းက ခင်မင်ခဲ့ကြတာ 'နုနု' ငါးတန်းဖြေပြီးတဲ့နှစ်တွင် 'ကျော်' နဲ့ ခွဲခွာဖို့ ဖန်လာခဲ့ပါသည်။

အဖေ ကားမှောက်ကာ ဆုံးပါးခဲ့ရတဲ့အတွက် 'နုနု' တို့ မော်လမြိုင်ကို ပြောင်းဖို့ပြင်ဆင်ရပါသည်။

'နုနု' ထက် ပိုစိတ်ထိခိုက်နေသူက 'ကျော်' ရယ်ပါ။

"မပြောင်းလို့ မဖြစ်ဘူးလား 'နုနု' ရယ်"

အဖေ့မျက်နှာဖြင့် ဒီ တောင်ကြီးကို ပြောင်းလာခဲ့ရတာ။ အဖေမရှိတော့တဲ့နောက် 'နုနု' တို့ ဆက်နေလို့ မဖြစ်နိုင်တော့





ပါ။

ကားပေါ်နောက်ဆုံးမှတက်တဲ့ 'နုနု' ကို 'ကျော်' က မျက်ရည်ဝေ့ဝဲသော မျက်ဝန်းများဖြင့် ငေးကြည့်နေပါသည်။

'နုနု' ကိုယ်တိုင်လည်း 'ကျော်' နဲ့ မခွဲချင်ခဲ့ပါ။

"စာရေးနော် 'ကျော်'... 'နုနု' မျှော်နေမယ်"

'နုနု' မော်လမြိုင်ကိုရောက်ပြီး ဆယ်တန်းရောက်တဲ့တိုင် 'ကျော်' နဲ့ အဆက်အသွယ်မပြတ်ခဲ့ကြပါ။

'နုနု' တက္ကသိုလ်တက်ချိန်တွင် 'ကျော်' နဲ့ အဆက်အသွယ်ပြတ်ခဲ့ကြပါသည်။ ထိုအချိန် 'နုနု' ရဲ့ဘေးနားတွင် 'ကိုနိုင်' ရှိနေခဲ့ပါပြီ။

နောက်ကြောင်းများကို ပြန်သတိရနေရာမှ ချမ်းလာသလို လက်မောင်းလေးကိုအပွတ်...

"ကျွန်တော့် ဂျာကင် ခြုံထားမလား"

အသံလာရာကို လှမ်းအကြည့်မျှော်လင့်သောမျက်နှာကို ဝမ်းမြောက်စွာတွေ့လိုက်ရပါသည်။

"'ကျော်'..."

'ကျော်' က ငယ်တုန်းက ပုံစံနှင့်များစွာ ကွာခြားသွားခဲ့ပါပြီ။

ဆံပင်ကောက်တို့သည် ရှိနေမြဲဖြစ်သော်လည်း အရပ်ကြီးက 'နုနု' ပင် မော့်ကြည့်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com


"တွေ့နေတာ နှစ်ရက်သုံးရက်ရှိပြီ… မဟုတ်ဘူးမှတ်လို့ မခေါ်ဖြစ်တာ"

"'ကျော်' ရယ်…"

ဝမ်းသာဝမ်းနည်းစိတ်ဖြင့် သူမ မျက်ဝန်းတွင် မျက်ရည်တို့စိမ့်အိုင်လာမိပါသည်။

"'ကျော်' ဒီကို ဘာလာလုပ်တာလဲ… ကျောင်းလာတက်တာလား"

'ကျော်' က ခေါင်းခါပြသည်။

"ကိုယ့်ညီမဝမ်းကွဲတစ်ယောက်ကို လာကြိုတာ… ကိုယ်တို့ရန်ကုန်ကို ပြောင်းလာကြပြီ"

ငယ်သူငယ်ချင်းကို ပြန်တွေ့ရ၍ သူမ ရင်ထဲတွင် ပြန်လည်ကာ ပျော်ရွှင်မိသလို 'ကျော်' ကလည်း ပျော်နေလေသည်။

"'နုနု' က ကိုယ်ထင်ထားတာထက်ကို အများကြီးချောနေတာပဲ"

"'ကျော်' လည်း ချောတာပါပဲနော်… ခု 'ကျော်' ဘာလုပ်နေလဲဟင်"

"ကိုယ် ဖေဖေတို့ဖွင့်ထားတဲ့ ဆေးကုမ္ပဏီမှာ ဝင်လုပ်နေတယ် 'နုနု' ကော ဘာတွေလုပ်နေလဲ ပြောပါဦး"

မတွေ့ရတာကြာပြီဖြစ်တဲ့ နှစ်များအတွက် 'ကျော်' က သိချင်နေမိလေသည်။

"'နုနု' လား… 'နုနု' က တော်တဲ့ မိန်းကလေးတစ်ယောက်မှမဟုတ်တာ… ဘွဲ့ရတယ်… ပြီးတော့ ရန်ကုန်မှာ ကျောင်းလာတက်တယ် ဒါပဲ"

"ဒီလောက်လှတဲ့ မိန်းကလေးမှာ ဇာတ်လမ်းတွေဘာတွေ မရှိခဲ့ဖူးလား"

"ရှိခဲ့တာပေါ့… ဒါပေမဲ့ အားလုံး ပြီးဆုံးသွားခဲ့ပါပြီ"

'နုနု' မျက်နှာကိုမော့ကာ ဘာမှမဖြစ်သလို ပြောလိုက်မိသော်လည်း ရင်ထဲမှ နာကြည်းချက်ကတော့ ဘယ်တော့မှ ပျောက်ပျက်နိုင်မည်မထင်ပါ။ 'ကိုနိုင်' သာ 'နုနု' ကို သစ္စာမဖောက်ခဲ့ဖူးဆိုလျှင် 'နုနု' 'ကိုထွန်းလှိုင်' ကိုလည်း လက်ထပ်ဖြစ်မည်မထင်ပါ။

ခုတော့ 'နုနု' ဘဝ ဒီလိုဖြစ်စေဖို့ 'ကိုနိုင်' သစ္စာဖောက်ခဲ့တာပဲဖြစ်ပါလိမ့်မည်။

နောက်ကြောင်းများကို ပြန်သတိရကာ 'နုနု' မျက်ရည်အဝဲ 'ကျော်' က အားပေးနှစ်သိမ့်သလို 'နုနု' အား ငေးကြည့်နေလေသည်။

"ဒီလောက်လှ ဒီလောက်သစ္စာရှိတဲ့ချစ်သူကို ပစ်သွားတဲ့သူက 'နုနု' နဲ့ မထိုက်တန်တဲ့လူပဲ ဖြစ်မှာပါ… 'နုနု' စိတ်မဆင်းရဲပါနဲ့"

လောလောဆယ်မှာတော့ 'ကျော်' နဲ့ ပြန်လည်ဆုံ



www.burmeseclassic.com

www.burmeseclassic.com

ဆည်းရတဲ့အတွက် 'နုနု' ပျော်နေမိပါသည်။

'ကျော့်' အဆက်အသွယ်နဲ့ပင် နိုင်ငံခြားကုမ္ပဏီတစ်ခုတွင်အလုပ်ရကာ 'နုနု' ရဲ့ဘဝလေး ပြန်လည်ကာ စိုပြေလန်းဆန်းလို့လာရသည်။

မနက်ဆို 'ကျော့်' ရဲ့ပစ်ကပ်ကားလေး 'နုနု' ရဲ့အိမ်ရှေ့ကို ပုံမှန်ရောက်လာကာ ညနေဆိုလည်း အလုပ်ပြန်ချိန်ကို ပုံမှန်လာစောင့်နေတတ်ပါသည်။

'ကျော့်' ရဲ့ ပြုစုစောင့်ရှောက်မှုများကြားမှာ 'နုနု' ရဲ့စိတ်တွေပြန်လည်ပျော့ပျောင်းကာ 'ကျော့်' ကို ခင်တွယ်လာရဆဲ မမျှော်လင့်တဲ့ အနှောင့်အယှက်ဝင်လာခဲ့၍ 'ကျော့်' နဲ့လမ်းခွဲဖို့ ဖြစ်လာခဲ့ရပြန်ပါသည်။



## ၂၀

ထုံးစံအတိုင်း 'ကျော့်' ချပေးခဲ့၍ အလုပ်ခန်းတွင်းကို 'နုနု' ဝင်အလာ ဧည့်သည်စောင့်နေတယ်ဆို၍ လှမ်းအကြည့် 'နုနု' ထက် ငယ်ရွယ်သော မိန်းကလေးတစ်ယောက် 'နုနု' ရဲ့စားပွဲမှာထိုင်စောင့်နေတာကို တွေ့လိုက်ရပါသည်။

"'မနုနုခိုင်' ထင်ပါတယ်"

"ဟုတ်ပါတယ် ညီမက"

"'ဆိုးဆွိ'ပါ... ကိုကို လုပ်နေတဲ့ ဆေးကုမ္ပဏီပိုင်ရှင်ရဲ့သမီးပါ"


www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စက..."

မာတင်းနေသော ကောင်မလေးမျက်နှာက 'နုနု' ကို လာရန်တွေ့နေသလိုပါပဲ။

"ကိုကိုနဲ့ 'ဆိုးဆွိ' နဲ့က ကိုကို ဘွဲ့ရတည်းက စေ့စပ်ထားခဲ့ကြတာပါ... အခု လက်ထပ်ခါနီးမှ ကိုကိုက အကြောင်းကြောင်းလုပ်နေလို့ မမကို လာပြောပြတာပါ"

"အဲ့ဒီတော့ မမက ဘာလုပ်ပေးရမှာလဲ"

သူမ ခပ်တည်တည်ပင် ပြန်မေးလိုက်မိပါသည်။

"ကိုကို့ကို ရှောင်ပေးဖို့ပါပဲ"

ထိုစကားကြောင့် 'နုနု' ရင်ထဲကဒေါသကို ဘယ်လိုမှ ချုပ်ထိန်းလို့မရအောင် ပေါက်ကွဲထွက်သွားရပါသည်။

"တို့က 'ကျော့' ကို ရှောင်ရအောင် တို့နဲ့ 'ကျော့' နဲ့က ချစ်သူတွေမှ မဟုတ်ကြတာပဲ"

"ချစ်သူတွေ မဟုတ်ကြပေမယ့် ချစ်သူတွေထက် ပိုတွဲနေကြတာတော့ ကိုယ့်ဖါသာပဲ ကိုယ်ပိုသိကြမှာပါ"

'နုနု' ရင်ထဲ ပိုမျက်သွားရပါသည်။ ချစ်သူတွေမှပဲ အတူတွဲရသတဲ့လား။ သူငယ်ချင်း အချင်းချင်းကော တွဲလို့မ နိုင်ဘူးတဲ့လား။

"မင်း ဒီက အမြန်ထွက်သွားရင် ကောင်းလိမ့်မယ် 'ဆိုးဆွိ'... တို့မင်းကို မရိုင်းချင်ဘူး"





"အဲ့ဒီစကားက ကျွန်မ ပြောရမှာပါ... မမ မရောက်ခင် အချိန်အထိ ကိုကိုနဲ့ ကျွန်မတို့ကြားမှာ ဘာပြဿနာမှ မရှိခဲ့ကြဘူး... ခုနောက်ပိုင်းမှ ကိုကိုက ကျွန်မကို ရှောင်လာခဲ့တာ... အဲ့ဒါ မမကြောင့် မဟုတ်လို့ ဘယ်သူကြောင့်ဖြစ်နိုင်မလဲ"

နေရာမှာ ရပ်တည်ဖို့ပင် မစွမ်းနိုင်တော့သလို သူမ အရုပ်ကြိုးပြတ် ဖြစ်သွားခဲ့ရတော့သည်။

တွယ်ရာမဲ့သူတစ်ယောက်လို 'ကျော့' လက်ကို ခိုင်ခိုင် မာမာဆွဲကိုင်ကာ ရပ်တည်ဖို့ ကြိုးစားနေတဲ့သူမအတွက်လက် ကိုအတင်း ဆွဲဖြုတ်ခံလိုက်ရသလိုပါပဲ။

"ဒါ ကိုကိုနဲ့ ကျွန်မရဲ့ မင်္ဂလာဖိတ်စာပါ... ဒီ မင်္ဂလာပွဲ အထမြောက်အောင်မြင်အောင်လို့ မမ ကိုကို့ဘေးနားက ခဏလောက်ရှောင်ပေးပါ... ဒါ မမရဲ့ နစ်နာကြေးပါ"

ထောင်တန်အုပ်ငါးအုပ် သူမရှေ့ကို ရောက်လာခဲ့ပါသည်။

ရင်နင့်အောင် နာကျင်နေတဲ့ကြားမှ သူမ အော်ရယ်လိုက်မိပါသည်။

မဆိုးပါဘူး။ သူမ သည် တော်တော့်ကို တန်နေပါလား။ ငါးသိန်းဆိုတာ နည်းနည်းနောနော ငွေမဟုတ်ပါ။

သည့်နောက် ပိုက်ဆံကို 'ဆိုးဆွိ' ဘက်တွန်းပေးရင်း တည်ငြိမ်စွာ ပြောလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံနဲ့ အရာရာ ဝယ်လို့ရပေမယ့် ဝယ်လို့မရတာ အသည်းနှလုံးပဲ 'ဆိုးဆို'... တို့ မင်းကိုအမှန်အတိုင်း ဝန်ခံရရင် တို့ 'ကျော့' ကို စိတ်ဝင်စားမိတာ အမှန်ပဲ... ဒါပေမဲ့ 'ကျော့' မှာမင်းရှိနေပြီဆို တော့ တို့ဆက်ပြီး မပတ်သက်ချင်တော့ဘူး... မင်းပိုက်ဆံ မင်း ပြန်ယူသွားလိုက်ပါ"

'ဆိုးဆို' က မယုံနိုင်သော မျက်ဝန်းများဖြင့် သူမ အား အတန်ကြာကြာကို စိုက်ကြည့်ကာ အခန်းထဲကနေ ထွက်သွား ခဲ့ပါသည်။

သူမ ဘာဆက်လုပ်ရမှာပါလိမ့်။

သူမ တစ်ခုခုကို ဆုံးဖြတ်ပြီး လုပ်ရမှာတော့ သေချာ နေပါသည်။

ထိုနေ့ညနေတွင် ထုံးစံအတိုင်း 'ကျော့' ရဲ့ကားလေး သူမတို့ရုံးရှေ့ကို ထိုးစိုက်လာခဲ့ပါသည်။

သူမ 'ကျော့' နဲ့အတူ ကားပေါ်လိုက်ပါလာရင်း 'ကျော့' ကို မေးခွန်းထုတ်လိုက်မိပါသည်။

" 'ဆိုးဆို' နဲ့ အင်ဂေ့ချ် လုပ်ထားတာ 'ကျော့' က 'နုနု' ကို ဘာလို့မပြောပြတာလဲ"

"လိုလို့လား... အချိန်တန် သူနဲ့လက်ထပ်ရမှာပဲ မဟုတ်လား"

'ကျော့' လေသံက မာပြတ်ကာ စိတ်တိုသံပါနေပါ သည်။

"ဘာလဲ 'ဆိုးဆို' 'နုနု' ကို လာတွေ့သွားလို့လား"

"ဗိတ်စာပါ ထုတ်ပြသွားခဲ့တယ်"

'ကျော့' မျက်နှာသည် မှုန်းစွာ အိုမင်းကျသွားတာ တွေ့လိုက်ရပါသည်။ အတန်ကြာမှ 'ကျော့' က စိတ်ပျက်သလို ပြောလာပါသည်။

"ကိုယ် သူ့ကို မချစ်ဘူး"

ဖခင်ဖြစ်သူ သူငယ်ချင်း၏ သမီးနဲ့ အလိုက်အထိုက် ဆက်ဆံနေရပေမယ့် 'ကျော့' ငယ်စဉ်တည်းက သံယောဇဉ်ရှိ ပြီးချွဲလန်းခဲ့တာ 'နုနု' ကိုပါ။

'နုနု' သူ့ကို အဆက်အသွယ် မလုပ်တဲ့အခါမှ 'ကျော့' 'ဆိုးဆို' နဲ့ စေ့စပ်တာကို လက်ခံခဲ့တာပါ။

"သူက ကိုယ့်အဖေသူငယ်ချင်းရဲ့ သမီးလေ... ကိုယ် သူ့ကို ညီမလေးတစ်ယောက်လိုပဲ ခင်တယ်"

"ဒါပေမဲ့ လက်ထပ်ရမှာပဲ မဟုတ်လား"

သူမ သာယာညှင်းပျောင်းစွာ ရယ်လိုက်မိပါသည်။

'ကိုနိုင်' တုန်းကလည်း သူမကို ဒီလိုပဲပြောကာ 'ရွှေစင်' ကို လက်ထပ်သွားခဲ့သေးတာပဲလေ။

'ကျော့' နဲ့ သူမနဲ့က ချစ်သူတွေ မဖြစ်ခဲ့ကြပါ။ သံ ယောဇဉ်က သူငယ်ချင်းအဆင့်မှာတင် နိဂုံးချုပ်သွားခဲ့ပါပြီ။







www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မနက် 'ကျော်' ရောက်မလာခင် သူငယ်ချင်းတစ်ယောက်အိမ်ကို သူမ အရင် ထွက်လာခဲ့လိုက်ပါသည်။

အလုပ်နှုတ်ထွက်စာကိုလည်း သူငယ်ချင်းကပဲ သွားတင်ပေးခဲ့သည်။

သူမ နောက်ထပ် အလုပ်မဝင်ခင် 'ကျော်' နဲ့ 'ဆိုးဆွိ' တို့ လက်ထပ်သွားကြတဲ့ သတင်းကို သတင်းစာများထဲတွင် သူမ ဖတ်လိုက်ရပါသည်။

နောက်ထပ် ခံစားရတာကလွဲ၍ 'နုနု' ဒီတစ်ခါ အသည်းမကွဲတော့ပါ။

'နုနု' ရဲ့ အသည်းက 'ကိုနိုင်' လက်ထပ်သွားတည်းက ကွဲထားခဲ့ပြီးပြီ မဟုတ်လား။

သူငယ်ချင်းရဲ့ အဆက်အသွယ်ဖြင့် နောက်ထပ်ရတဲ့ အလုပ်က ဟိုတယ်တစ်ခုမှာပါ။

ရာထူးက ဘာမှမဟုတ်လောက်ပေမယ့် နိုင်ငံခြားဘာသာတတ်ထားတဲ့အတွက် နိုင်ငံခြားသားတွေနဲ့ ပတ်သက်ရသည်။

ဒီလို ပတ်သက်ရတဲ့အတွက်လည်း 'ဦးမော်' ကို ဆုံဆည်းခဲ့ရတာ ဖြစ်ပါလိမ့်မည်။



## ၂၁

'ဦးမော်' ခေါ် 'ဦးမော်စည်သွင်' က နိုင်ငံခြားသစ်ကိုယ်စားလှယ် တစ်ဦးပါ။

မြန်မာပြည်မှ သစ်များကို အလုံးလိုက် နိုင်ငံခြားအိတ်စ်ပို့စ်လုပ်နေသူမို့ ဝင်ငွေလည်း အတော်ဖြောင့်ဖြူးပါသည်။

သူ့ဖောက်သည် အများစုက စင်ကာပူ၊ ဟောင်ကောင်နှင့် ဂျပန်နိုင်ငံတို့မှာမို့ အမြဲလိုလို သူမတို့ဟိုတယ်ကို မကြာခဏ ဝင်ထွက်တတ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်း 'နုနု' သူငယ်ချင်းမှ တစ်ဆင့် 'နုနု' ကိုပါ ရင်းနှီးကျွမ်းဝင်လာကာ သူ့ရဲ့နိုင်ငံခြားသား ဧည့်သည်လာလျှင် အမြဲတာဝန်ယူ ဧည့်ခံပေးရသူက 'နုနု' ဖြစ်လာပါသည်။

သစ်အိတ်စ်ပို့စ် လုပ်ငန်းအပြင် မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းအများစုကိုလည်း 'ဦးမော်' က ပိုင်ဆိုင်ထားခဲ့ပါသည်။

'နုနု' ထက် အသက်နှစ်ဆယ်ကျော်ခန့် ပိုကြီးကာ 'ကိုနိုင့်' လိုချောမောခန့်ညားသောသူ တစ်ယောက်ဖြစ်ပါသည်။

မိန်းမနဲ့ကွဲနေကာ ကလေးနှစ်ယောက်ရှိပြီး နိုင်ငံခြားနှင့်မြန်မာအိမ်ဦးနှင့်ကြမ်းပြင်ကို ကူးလူးသွားလာနေသူ တစ်ယောက်မို့ 'ဦးမော်' ၏ အချိန်အများစုသည် ရွှေတောင်ကြားရှိ 'ဦးမော်' ရဲ့တိုက်မှာထက် ဟိုတယ်တွင်သာ ရှိတတ်ပါသည်။

'နုနု' ရဲ့ အလုပ်အများစုကလည်း 'ဦးမော်' ၏ အလုပ်တာဝန်များသာမို့ 'ဦးမော်' က လစာအပြင် 'နုနု' အဆင်ပြေစေဖို့ စမ်းချောင်းဘက်တွင် တိုက်ခန်းတစ်ခန်းနှင့် 'နုနု' သွားဖို့လာဖို့ အဆင်ပြေစေရန်အတွက် ကားတစ်စီးလည်း ဝယ်ပေးခဲ့ပါသည်။

ထိုအချိန် အမေတို့ကလည်း မော်လမြိုင်မှ ရန်ကုန်ကို





ပြောင်းလာချိန်မို့ မိသားစုအားလုံး၏ တာဝန်က 'နုနု' ခေါင်းပေါ်ကို စုပုံကာ ရောက်ရှိနေချိန် ဖြစ်ပါသည်။

ယခင်က မိသားစုအားလုံး၏တာဝန်ကို 'နုနု' ရဲ့အထက် 'မမစု' က ဒိုင်ခံတာဝန်ယူကာ 'နုနု' က လခပဲ ထောက်ပံ့ပေမယ့် ယခု 'မမစု' က အိမ်ထောင်ပြုတော့မည်ဆိုတော့ 'နုနု' တာဝန်ဖြစ်လာခဲ့ပါသည်။

ဒီအတွက် 'နုနု' အလုပ် ပိုလုပ်ရသည်။

'ဦးမော်' သွားလေရာ လိုက်ရသည်။

'ဦးမော်' ကလည်း 'နုနု' ရဲ့ အခက်အခဲကိုသိသလို 'နုနု' ကို ညီမအရင်းလေးတစ်ယောက်လို ဖေးမကူညီတတ်ပါသည်။

တစ်ခါတလေ 'နုနု' ရဲ့ ဆရာ၊ တစ်ခါတလေ 'နုနု' ရဲ့ အစ်ကိုကြီး၊ တစ်ခါတလေ သူငယ်ချင်းအဖြစ် ဆက်ဆံပေးတတ်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် 'နုနု' ကို ဂရုစိုက်တဲ့လူနဲ့ တွဲရတဲ့အတွက် 'နုနု' ကျေနပ်ပါသည်။

'ကိုနိုင်' ကော 'ကျော်' ပါ 'နုနု' ကို ဂရုစိုက်ခဲ့ကြပေမယ့် 'နုနု' ကို တကယ်တမ်းကျတော့ တန်ဘိုးထားပြီး လက်တွဲရဲခဲ့သို့လား။

'ဦးမော်' ကတော့ သူမ ကို လက်တွဲရဲခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ 'ဦးမော်' နဲ့အတူ ပဲခူးရိုးမတောင်ခြေရှိ သစ်ကွင်းတွေကိုလိုက်ရကာ စာရင်းယူရတဲ့ အချိန်တွေလဲ ရှိတတ်ပါသည်။

ဒီလိုအချိန်မျိုးတွေဆို အမေ့မျက်နှာကော ညီမတွေရဲ့ မျက်နှာပါ မကြည့်ကြတော့ပါ။

"သမီးအလုပ်ကလဲကွယ်... ဒီလောက်တောင်ပဲလား"

"ဒီလိုလုပ်နိုင်လို့ အမေတို့ခုလို စားသောက်နေနိုင်တာ မဟုတ်ဘူးလား"

"သမီးရဲ့အလုပ်ရှင်က ကလေးတွေနဲ့ဆို"

"အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ"

"ပတ်ဝန်းကျင်က ပြောနေကြတယ်"

'နုနု' ပတ်ဝန်းကျင်ကို ဂရုမစိုက်ချင်တော့ပါ။ 'နုနု' ကောင်းအောင်နေတော့လည်း သူတို့ အကောင်းပြောခဲ့ကြလို့လား။

"အမေ ပြောချင်တာက သမီးတို့လက်ထပ်ချင် လက်ထပ်ကြပါလား... ဒီလို ဝေးဝေးလံလံတွေ အတူလျှောက်သွားနေတော့ သူများပြောမှာ မစိုးရိမ်ဘူးလား"

"အလုပ်လုပ်တာပဲ အမေရယ်... ဘာပြောစရာ ရှိလဲ"

တစ်ခါတလေ စာရင်းတွေလုပ်ရင်း 'ဦးမော်' နှင့်အတူ 'ဦးမော်' ၏ ရွှေတောင်ကြားလမ်းက တိုက်မှာအိပ်ရတဲ့ ညတွေ





လည်း ရှိတတ်ပါသည်။

ဒီလို ညမျိုးတွေများလျှင် 'ဦးမော်' ကိုယ်တိုင် တကူးတကအိမ်ကို ပြန်ပို့ပေးတတ်တဲ့ နေ့တွေလည်းရှိပါသည်။

'ဦးမော်' ဘဝအတွက် 'နုနု' မရှိလျှင် မဖြစ်သလို၊ 'နုနု' ရဲ့ မိသားစုအတွက်လည်း 'ဦးမော်' လို အားကိုးအားထားပြုရမယ့်သူတစ်ဦး လိုအပ်နေတာအမှန်မို့ 'နုနု' 'ဦးမော်' နှင့် နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြပါသည်။

ဒီအချိန်မှာ 'နုနု' အတွက် အချစ်ဆိုတာ မရှိတော့ပါ။

ဘဝဆိုတာပဲ ရှိသည်။

'နုနု' ရဲ့ဘဝထဲမှာ တိုက်ကောင်းကောင်းရှိသည်။ ကားကောင်းကောင်း ရှိသည်။ 'နုနု' လိုချင်တာမှန်သမျှ ဖြည့်ဆွမ်းပေးမယ့်သူရှိသည်။

ကဲ 'နုနု' အတွက် ဘာလိုသေးလဲ။

'နုနု' နဲ့လက်ထပ်ပြီး မကြာခင် 'ဦးမော်' က ရွှေတောင်ကြားလမ်းရှိ တိုက်နဲ့ခြံကို 'နုနု' နာမည်နှင့် လွှဲပေးခဲ့ပါသည်။

'ကိုနိုင်' လိုမချစ်၊ 'ကျော်' လို မတွယ်တာမိသည် ကလွဲလျှင် 'ဦးမော်' သည် သူမအတွက် စံပြုထိုက်သော ယောကျ်ားတစ်ဦးပါ။

ရသမျှ ပိုက်ဆံ အကုန်အပ်သည်၊ လုပ်ငန်းအားလုံးကို 'နုနု' အားလွှဲပေးသည်။ လွှဲပေးယုံတင်မက 'နုနု' လုပ်တတ်


www.burmeseclassic.com

www.burmeseclassic.com

အောင်ပါ သင်ပေးပါသေးသည်။

'နုနု' ဘက်က အဆင်ပြေနေချိန် အမေတို့ဘက်က ပြဿနာတစ်ခုပြီးတစ်ခု ပေါ်နေချိန်ပါ။

ပထမဆုံး 'မမစု' တို့ လင်မယား သဘော်ကွဲနှစ်ကာ ကွယ်လွန်သွားတာကြောင့် ကလေးကို 'နုနု' မွေးစားလိုက်ရသည်။ နောက်ညီမအငယ်ဆုံး 'လုလု' လင်နောက်လိုက်ပြေးသွားသည်။

မောင်လေး 'သုသု' (သုတ) က ထောင်ကျ သွားခဲ့သည်။

တကယ်ဆို အမေသည် သူ့သားသမီးတွေကို အလိုလိုက်လွန်းသည်။ အမေဆုံးမတာ လျှော့ရဲ၍သာ ဒီလို အဖြစ်ဆိုးမျိုးတွေကြုံတွေ့ရတာကြောင့် 'ဦးမော်' နိုင်ငံခြားကို ပြန်အသွား ရွှေတောင်ကြားလမ်းကတိုက်ကို အငှားချကာ 'နုနု' စမ်းချောင်းက အိမ်ကို ပြန်နေခဲ့သည်။

'နုနု' ပြန်ရောက်လာ၍ အားလုံးက မကျေနပ်ကြပါ။

အဆိုးဆုံးက 'ယုယု' ပင်။

" 'မမနု' ဖါသာ ရွှေတောင်ကြားမှာနေတာ အရေးမကြီးဘူး ဒီမှာလာနေတာ 'ယုယု' တို့ ရှက်တယ်"

"ရှက်ရအောင် ငါက ဘာလုပ်နေလို့လဲ… သူများလင်ခိုးထားလို့လား"





"ကိုယ့်ဖါသာကိုယ်သိရင် ပြီးတာပဲ"

"ပြီးတာပဲဆို ဒီတိုက်ခန်းကလည်း သူ ဝယ်ပေးထားတာ နင်မနေနဲ့ပေါ့"

"မနေချင်ပါဘူး… နေစရာမရှိသေးလို့ နေ့နေရတာ"

"ရန်ကုန်မြို့မှာ နေစရာ အဆောင်တွေဆိုတာ ပြည့်လို့… နင် ကြိုက်တဲ့အဆောင် သွားနေလို့ရတယ်"

ပြောပြီးပြီးချင်း 'နုနု' အလုပ်ကို ထွက်လာခဲ့မိပါသည်။

'နုနု' ဘဝကို 'နုနု' ဘယ်လိုရုန်းကန်ခဲ့ရသလဲဆိုတာ ကိုယ်ချင်းမစာ။ ကောင်းကောင်းနေ၊ ကောင်းကောင်းစားနေရတာကိုပင် အားမနာ။

'နုနု' ပြန်လာချိန်တွင် 'ယုယု' အိမ်ပေါ်က ဆင်းသွားခဲ့ပါပြီ။

ထိုကိစ္စနဲ့ပတ်သက်ကာ အမေက 'နုနု' ကို စကားလုံးဝမပြောတော့ပါ၊

ပြောလည်း 'နုနု' က အရေးမစိုက်ပါ။ 'နုနု' မှာ တွယ်တာစရာ သား 'ခွန်းချို' ရှိနေခဲ့ပြီပဲ။

'ခွန်းချို' လေးကို 'မမစု' ရန်ကုန်မှာ လာမွေးတည်းက သူမ တွေ့ခဲ့ဖူးတာဖြစ်ပါသည်။

ငိုသံလေးကပင် နားထောင်၍ကောင်းလွန်းလှသော ကြောင့် 'ခွန်းချို' ဟု 'နုနု' ပဲ အမည်ပေးခဲ့တာပါ။


www.burmeseclassic.com

www.burmeseclassic.com



ခုတော့ 'ခွန်းချို' က သူ့သား ဖြစ်ခဲ့ပါပြီ။

'ခွန်းချို' ကို သူမ မွေးစားခဲ့ခြင်း၊ အပေါ်မှာကော၊ ရွှေတောင်ကြားလမ်းက ခြံနဲ့တိုက်ကို အငှားချထားခဲ့ခြင်း အပေါ်မှာပါ 'ဦးမော်' က ဘာမှ ပြောဆိုခဲ့ခြင်းမရှိပါ။

'ဦးမော်' ရန်ကုန်လာလျှင် ဟိုတယ်မှာတည်းကာ 'နုနု' က သွားတွေ့လိုက်ယုံပါ။

'ဦးမော်' လို နိုင်ငံတကာလှည့်ကာ အလုပ်လုပ်နေသူ အတွက် နေရာအတည်တကျ မလိုအပ်ပါ။

သည်တစ်ခါ 'ဦးမော်' အလာ 'နုနု' အတွက် ကိုယ်ပိုင် လုပ်ငန်းတစ်ခုကို တည်ထောင်ပေးခဲ့သည်။

'နုနု' ကိုယ်တိုင် နာမည်ရွေးထားသော 'မြပုလဲနု' ဆိုတဲ့ ဆောက်လုပ်ရေးလုပ်ငန်းကြီးကိုပါ။

'ဦးမော်' ခင်းပြီးသားလမ်းပေါ် အဆင့်သင့်လျှောက် လာခဲ့ရတာဆိုတော့လည်း 'မြပုလဲနု' ဆိုသော ဆောက်လုပ်ရေး လုပ်ငန်းကြီးက လွယ်ကူလျှင်မြန်စွာပဲ အောင်မြင်ခဲ့ပါသည်။

'ခွန်းချို' ကိုးတန်းရောက်တဲ့ နှစ်တိုင်အောင် 'ဦးမော်' မြန်မာပြည်ကို မကြာခဏ ရောက်လာတတ်ပေမယ့် 'ခွန်းချို' ဆယ်တန်းနှစ်မှာတော့ မြန်မာပြည်ကို လုံးဝ ပြန်မလာတော့ ပါ။

နိုင်ငံခြားမှာပဲ အခြေချလိုက်သည်ဟု သိရပါသည်။





သူမ သည်လည်း စမ်းချောင်းတိုက်ခန်းကို အမေတို့ အား အပြီးအပိုင်ပေးကာ ကုမ္ပဏီရုံးခန်းရှိပ်သာတွင် တိုက်တစ်လုံး ဝယ်ကာ ပြောင်းနေခဲ့ပါသည်။

'နုနု' တို့ မပြောင်းခင် 'ယုယု' ရဲ့ မင်္ဂလာသတင်းကို ကြားရပါသည်။

အရာရှိပေါက်စတစ်ယောက်နဲ့ လိုက်ပြေးတဲ့သတင်း ပါ။

တစ်ဖက်က လာပြန်အပ်ကာ မင်္ဂလာဆောင်ချင်ပေ မယ့် 'နုနု' လုံးဝလက်မခံခဲ့ပါ။

'နုနု' ကို ဘက်ကန်ကာ ဆင်းသွားတဲ့ ညီမမို့ကော၊ 'နုနု' သဘောမတူတဲ့လူနဲ့ ယူလိုက်တဲ့အတွက်ပါ ဖြစ်ပါသည်။

'နုနု' က 'ယုယု' ကို သူမ လက်အောက်က အင်ဂျင်နီ ယာလေးတစ်ယောက်နဲ့ သဘောတူသည်။

'ယုယု' က သူမ လုပ်ချင်ရာကို ခွတ်လုပ်တတ်သူ တည်း။

သည်တော့ 'ယုယု' ၏ မင်္ဂလာပွဲကို 'နုနု' လုံးဝမသွား ခဲ့ပါ။

'ယုယု' ၏ မင်္ဂလာပွဲတင်မက ဘယ်မင်္ဂလာပွဲကိုမှ 'နုနု' မတက်ခဲ့ပါ။

မင်္ဂလာပွဲဆို 'နုနု' မုန်းသည်။ မင်္ဂလာပွဲမှာ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

ကျခဲ့ရတဲ့အဖြစ်ဆိုးကို ဘယ်တော့မှ မမေ့နိုင်ပါ။

အငယ်ဆုံးမ 'လုလု' မင်္ဂလာပွဲကိုလည်း 'နုနု' လျစ်လျူရှုသည်။ 'အုအု' တုန်းကလည်း 'နုနု' မတက်ဖြစ်ခဲ့ပါ။

မင်္ဂလာပွဲမှာ စုံတွဲ့တွဲကာ ပြုံးရယ်နေကြတဲ့ သူတွေကို တွေ့ရတိုင်း 'ကိုနိုင်' နဲ့ 'ရွှေစင်' တို့ မျက်နှာကို မြင်ယောင်မိသည်။

'ရွှေစင်' ရဲ့ အပြုံးမျက်နှာဖြင့် 'ရွှေစင်' ရဲ့ မင်္ဂလာပွဲကို နုလို ကြွရောက်ချီးမြှင့်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဆိုသော စကားသံကို အမြဲ ကြားယောင်နေမိပါသည်။

သား 'ခွန်းချို' အရွယ်ရောက်လာပေမယ့် လုံးဝ မမေ့ပါ။

ခု 'ရွှေစင့်' ရဲ့ အသံကို ပြန်လည်ကာ ကြားယောင်ရတော့မည် ထင်ပါသည်။

နောက်ကြောင်းများကို ပြန်သတိရနေရာမှ သားကို လှမ်းအကြည့် သားက သူ့မ မျက်နှာကိုစိုက်ကြည့်ကာ စိုးရိမ်သလို မေးလာပါသည်။



## ၂၂

"မာမီ နေကောင်းရဲ့လား"

ခုတလော ရင်ဘတ်အောင့်တဲ့ ဝေဒနာက ပိုမိုဆိုးဝါးလာတာကို သတိပြုမိပေမယ့်လည်း ရောဂါထက် သားရဲ့ မင်္ဂလာပွဲကိုပဲ စိတ်ကို နှစ်ထားမိပါသည်။

"ဘာဖြစ်လို့လဲ"

"မာမီ ဆေးခန်းမပြတာ ကြာပြီလေ"

"ရပါတယ် သားရယ်… မာမီ နေကောင်းပါတယ်… လာပါဦး သားကို မာမီ ကြည့်စမ်းပါရစေဦး"

တရားရုံးမှာ လက်မှတ်ထိုးပြီး မင်္ဂလာဧည့်ခံပွဲ ဆက်


www.burmeseclassic.com

www.burmeseclassic.com



သွားရမှာမို့ သားပုံစံက သားနားချောမွေ့ကာ ကြည့်ကောင်းနေရပါသည်။

ဖြူစွတ်စွတ် ရှပ်အင်္ကျီပေါ်တွင် တိုက်ပုံအင်္ကျီအဖြူထပ်ဝတ်ထားကာ ခဲငွေရောင်ပိုးပုဆိုးဖြင့် ခန့်ညားမွန်ရည်လှပါသည်။

အိမ်ကနေမှ ဟိုတယ်ကို စောစောသွားကာ ပြင်ဆင်ရမှာမို့ သားက အရင်သွားနှင့်ဖို့ ပြင်ဆင်ထားတာ ဖြစ်ပါသည်။

"သား ခဏလာပါဦး"

သူမ သားကို ခေါ်ကာ သူမ အခန်းထဲကို လျှောက်ဝင်လာခဲ့ပါသည်။

သားက နာရီကို ငုံ့ကြည့်ရင်း မေးသည်။

"ဘာလုပ်ဖို့လဲ မာမီ"

"သား ကို မေးစရာရှိလို့ပါ"

'ခွန်းချို' အခန်းထဲကို ဝင်အလာ သူမ အသင့်ထုတ်ထားသော တစ်လုံးတည်းစိန်လက်စွပ်ကို သား၏ လက်ခလယ်မှာ စွပ်လိုက်ပါသည်။

"မာမီကလည်း သားမှာ ရှိပြီးသားပဲ"

'ခွန်းချို' သူ့ လက်သူကြွယ်တွင် ဝတ်ထားသော စိန်နဲ့ မြလက်စွပ်ကြီးကိုအပြ 'ဒေါ်မြပုလဲနု' ပြုံးလိုက်မိပါသည်။

"နှစ်ကွင်းဝတ်လည်း ဘာဖြစ်လဲ သားရယ်… ကိုယ်





ရှိလို့ ကိုယ်ဝတ်တာပဲ… ခြောက်ပဲ မာမီ့ရဲ့ လက်ကိုင်ပုဝါလေး ဘယ်ကျန်ခဲ့မှန်းမသိဘူး"

'ခွန်းချို' ပါ လိုက်အရှာ 'ဒေါ်မြပုလဲနု' အခန်းပြင်ကို ထွက်လက်စွာထွက်လာရင်း အခန်းသော့ကို လော့ခ်ချလိုက်ပါသည်။

"မာမီ ဘာလုပ်တာလဲ"

အခန်းထဲက 'ခွန်းချို' ရဲ့ ထိတ်လန့်တကြားအော်သံကို ကြားလိုက်ရပါသည်။

ထိုအသံကို နားထောင်ရင်း 'ဒေါ်မြပုလဲနု' စိတ်လက်ပေါ့ပါးစွာ ရယ်မောလိုက်မိပါသည်။

"မကြောက်ပါနဲ့ သားရယ်… တစ်ရက်တည်းပါ"

"ဘယ်ဖြစ်မှာလဲ မာမီ ရဲ့… 'သံသာ' တို့ ဟိုတယ်မှာ စောင့်နေကြတော့မယ်"

"စောင့်လည်း ဘာဖြစ်လဲ သားရယ်… မာမီ သွားမယ့်ဟာပဲ"

"မာမီ သွားလဲ ဒီပွဲက သား မသွားလို့မဖြစ်တဲ့ ပွဲလေ"

"ဖြစ်ပါတယ်ကွယ်… သား မသွားရင် မင်္ဂလာပွဲ ပျက်သွားယုံပဲပေါ့… ဘာဖြစ်စရာရှိလဲ"

"မာမီ ဘယ်လိုလုပ်လိုက်တာလဲ ဗျာ"

'ခွန်းချို' အသံတွေ ငိုသံပါလာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို မာမီ့လုပ်ရပ်အတွက် မယုံကြည်နိုင်ပါ။

မာမီ ဘယ်လိုဖြစ်သွားရတာလဲ။ ဒီ အကြံအစည်က နဂိုတည်းကရှိတဲ့ အကြံအစည်လား။

'ခွန်းချို' ခေါင်းကို စုံကုတ်ကာ မာမီ့ကုတင်ပေါ်တွင် ဝင်အထိုင် ခြေထောက်က ခြေသုတ်ဖုံကို နင်းမိသွားပါသည်။

"ဟာ..."

ခြေသုတ်ဖုံက လှပသော ပါတိတ်စလေးဖြင့် အလှဆင်ထားတာပါ။ ဒီ ပါတိတ်ကို 'ခွန်းချို' ကောင်းကောင်းမှတ်မိသည်။ ဒီ ပါတိတ်က 'သံသာ့' မာမီ့အတွက် ယူလာပေးသော ပါတိတ်ပဲ။

ကုတင်ပေါ်ကဆင်းကာ ရေချိုးခန်းကိုအဝင် အဝတွင် ခင်းထားသော ခြေသုတ်ဖုံမှာလည်း နောက်တစ်ထည်ကို တွေ့ရပြန်သည်။

ထို့အတူ အိမ်သာခန်းထဲမှာလည်း တစ်ထည်။

မာမီ ဘာတွေလုပ်နေတာလဲ။

'ခွန်းချို' တစ်ယောက်တည်း အခန်းထဲတွင် တွေဝေစွာ တွေးနေချိန်...

'ဒေါ်မြပုလဲနု' ကတော့ သူမရဲ့အောင်ပွဲအတွက် ပျော်ရွှင်မြူးတူးနေမိပါသည်။

ဘာတဲ့...။ 'ရွှေစင်' ရဲ့ မင်္ဂလာပွဲကို ခုလို ကြွရောက်





ချီးမြှင့်တဲ့အတွက် ကျေးဇူးတင်ပါတယ်တဲ့လား။

ဟား ဟား ပြောဦးလေ။ 'ရွှေစင်' ကျေးဇူးတင်ပါတယ်လို့...။သားရဲ့ ကားသော့ကိုကိုင်ကာ ကားထဲဝင့်ထိုင်ရင်း သော့ကိုအနိုး ဖုန်းမြည်သံကြောင့် သူမ ကိုယ်လေး ဆတ်ကနဲ တုန်သွားပါသည်။

ကြည့်စမ်း...။ သားရဲ့ ဆဲလ်ဖုန်းက မြည်နေတာပါလား။

အလုပ်တွေ ရှုပ်နေချိန်မို့ ဖုန်းကို ယူသွားဖို့မေ့သွားခဲ့ပုံရပါသည်။

ဒါလည်း သူမ အတွက် ကောင်းတာပါပဲ။

နင်မို့ဆို သားဆီမှာ ဖုန်းရှိနေလျှင် သူမ လုပ်ရတာ လွယ်မယ် မထင်ပါ။

ဖုန်းကိုအဖွင့်...

" ကို လား... 'သံသာ' ပါ မလာသေးဘူးလား"

"သမီး မေမေပါ"

"ရှင်"

'သံသာ' အလှပြင်နေရာမှ လန့်သွားခဲ့ပုံ ရပါသည်။

ကို့ဖုန်းက အန်တီ့ဆီကို ဘယ်လိုလုပ်ပြီး ရောက်သွားခဲ့ရတာပါလိမ့်။

"သားက ထွက်သွားပြီ... ဖုန်းကျန်ခဲ့လို့ မေမေ ယူလာ



www.burmeseclassic.com

www.burmeseclassic.com

ပေးတာ"

"ဟုတ်လား… ကျေးဇူးပါပဲ မေမေ"

'သံသာ' ဘက်က ဖုန်းပိတ်သွားချိန် 'ဒေါ်မြပုလဲနု' သားရဲ့ကားကို တိုက်နောက်ဘက်တွင် ထိုးထားလိုက်ပါသည်။

ဒီနေ့တစ်နေ့လုံး သားရဲ့ မင်္ဂလာပွဲရှိတာကြောင့် အလုပ်သမားတွေကို သားနေမယ့်အခန်းမှာ သွား ပြင်ခိုင်းထားသည်။

ခဏနေ ပြန်လာကြတော့မည်။ သူတို့ ရောက်မလာခင် 'ဒေါ်မြပုလဲနု' စီစဉ်နေတာ ဖြစ်ပါသည်။

ထမင်းချက် 'ဒေါ်လုံး' ကော၊ အိမ်ဖေါ် 'မတင်' ပါ အိမ်ပေါ်ထပ်ကို မတက်ဖို့ မှာထားပြီးပါပြီ။

ဒါဆို ဘာလိုသေးလဲနော်။

'ဒေါ်မြပုလဲနု' တိုက်ရှေ့ဘက်ကို ပြန်ရောက်လာချိန်တွင် အိမ်မှုဒရိုင်ဘာ ပြန်ရောက်လာကာ ထိုကားဖြင့်ပင် သား မင်္ဂလာဆောင်မယ့် ဟိုတယ်ကို ထွက်လာခဲ့မိပါသည်။

ဟိုတယ်တွင် 'သံသာ' မိဘတွေဖြစ်တဲ့ 'ဦးနိုင်အောင်' ကော 'ရွှေစင်' ပါ ကြိုရောက်နေကြပါပြီ။

'ဒေါ်မြပုလဲနု' ကားပေါ်က အဆင်း 'ကိုနိုင်' အပြေးရောက်လာကာ လာမေးပါသည်၊





"သား 'ခွန်းချို' ကော"

"သား အရင်ထွက်သွားနှင့်တာလေ… ရောက်မလာသေးဘူးလား"

"မလာသေးဘူး 'ဒေါ်မြပုလဲနု' ရယ်… အခပေါ်မှာ သတို့သားကို အလှပြင်ပေးမယ့်သူ စောင့်နေတယ်"

"ဒါဆို သား ဘယ်များဝင်နေပါလိမ့်… စောတော့စောပါသေးတယ်"

သူမက အေးအေးသက်သာ ပြောနိုင်ပေမယ့် 'ဦးနိုင်အောင်' ကော 'ဒေါ်ရွှေစင်' ပါ မအေးနိုင်ကြပါ။

မင်္ဂလာဆောင် ထုံးစံအတိုင်း ပရိသတ်တွေက စောစောစီးစီးပင် ရောက်လာကြပြီ မဟုတ်လား။

'ဒေါ်မြပုလဲနု' သူမ ရဲ့ ပရိသတ်တွေကို ဆီးကြိုဧည့်ခံနေချိန်…

"'နုနု' သား ဖုန်းကို ဆက်ကြည့်ပါဦး… ဘယ်များရောက်နေလဲလို့"

"ဖုန်းက 'နုနု' ဆီ ပါလာတာ 'ကိုနိုင်'… သား မေ့ကျန်ခဲ့ပုံရတယ်"

"အဲ့ဒါမှ ဒုက္ခပဲ… ဘယ်ကိုဆက်လို့ ဘယ်ကိုလိုက်ရမှန်းကို မသိတော့ဘူး"

မင်္ဂလာပွဲချိန်က တဖြည်းဖြည်းနီးလာလေ ဧည့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သတ်က ပိုမိုများပြားလာလေ 'ဒေါ်ရွှေစင်' ရဲ့ မျက်နှာတွင် ရွှေးပြုံးလာလေပါ။

"ဘယ်လိုလုပ်ကြမလဲ 'ကိုအောင်'… ကျွန်မတော့ စိတ်ညစ်လို့ သေသာသေလိုက်ချင်တာပါပဲ"

"'နုနု' ကို သွားမေးကြည့်ရအောင်"

"ဘယ်လိုလုပ်ကြမလဲ 'နုနု'"

'နိုင်အောင်' မျက်နှာပေါ်မှာ စို့တက်လာသော ချွေးများကို လက်ကိုင်ပုဝါဖြင့်သုတ်ကာ 'နုနု' မျက်နှာကို အားကိုးတကြီး လှမ်းကြည့်လိုက်မိပါသည်။

"သားများ တစ်ခုခုဖြစ်နေသလား မသိပါဘူး"

"အဲ့ဒါဆို ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ… အရှက်တော့ ကွဲပါပြီ"

'ဒေါ်ရွှေစင်' ရဲ့ အသံက ငိုသံပါလာပါပြီ။

ဟိုတယ်အပေါ်ထပ်ရှိ သားရဲ့ သူငယ်ချင်းတွေကလည်း အောက်ထပ်ကိုဆင်းကာ သတို့သားကို မေးလာပါပြီ။

"အန်တီလည်း မသိဘူးကွယ်… သားက သူ အရင်သွားမယ်ဆိုပြီး ထွက်သွားခဲ့တာပဲ"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ မေမေ"

'သံသာ' အလုပြင်နေရာမှ သူ့အမေကို လှမ်းကြည့်ကာ မေးလိုက်မိတာ ဖြစ်ပါသည်။





"ဘယ်လိုလုပ်ရမှာလဲ… မင်္ဂလာအချိန်ကောင်း ရောက်နေပြီဥစ္စာ"

'ဒေါ်ရွှေစင်' ယပ်တောင်ကို ပစ်ချကာ ဒေါသတကြီး အော်လိုက်မိပါသည်။

ဒီလို ဖြစ်လာမယ်လို့ လုံးဝ ထင်မထားတာကြောင့် သူမဘက်က ဖိတ်စာတွေ ပို့ယူကာ အများကြီးကို ဖိတ်ထားခဲ့မိပါသည်။

ခုတော့ သူမ အရှက်ကို သူမ ခွဲသလိုဖြစ်ခဲ့ပါပြီ။

အရှက်ကြီးစွာဖြင့် 'ဒေါ်ရွှေစင်' ရှိုက်အငို၊ 'သံသာ' 'ဒေါ်မြပုလဲနု' ကို လှမ်းပြောလိုက်ပါသည်။

"ကို့အတွက် ဘယ်လိုလုပ်မလဲ မေမေ… 'သံသာ' တို့ ဘယ်ကိုလိုက်ရှာကြမလဲ"

"မေမေလည်း ဘာလုပ်ရမှန်း မသိတော့ပါဘူး သမီးရယ်… တစ်နေရာရာမှာများ ကားတိုက်မှုများ ဖြစ်နေရှလေရော့သလား"

"ဖြစ်နိုင်တယ်နော် မေမေ… အရေးပေါ်ကို ဖုန်းဆက်ကြည့်ရင်ကောင်းမလားဟင်"

'သံသာ' ချစ်သူအတွက် စိုးရိမ်စွာပြောနေပေမယ့် 'ဒေါ်ရွှေစင်' ကတော့ မစိုးရိမ်နိုင်ပါ။

"ညည်း ကသာစိတ်ပူနေ… ဟိုက ညည်းကို အရှက်ခွဲ



www.burmeseclassic.com

www.burmeseclassic.com

ချင်လို့ တမင် ရှောင်ထွက်သွားတာဆိုရင်ကော"

"မဖြစ်နိုင်ပါဘူး"

'သံသာ' ခေါင်းခါလိုက်မိပါသည်။ မနက်ကပင် ကိုနဲ့ 'သံသာ' တရားရုံးမှာ လက်ထပ်ခဲ့ပြီးပြီပဲ။

'သံသာ့' ကို ကြင်နာယုယစွာ လက်တွဲခေါ်ပြီး ကားဆီကိုပို့ပေးခဲ့တဲ့ ကို့ရဲ့မျက်ဝန်းမှာ အကြင်နာအချစ်ရိပ်တွေ ပြည့်လျှမ်းနေတာ တွေ့ရပါသည်။ ကို 'သံသာ့' ကို ဘယ်လိုမှ ပစ်မသွားနိုင်ပါဘူး။

'သံသာ' ခေါင်းကိုအခါ...

"ညည်းကသာ ခေါင်းခါနေ... ကျုပ်ကတော့ လူတောထဲမှာ ဘယ်လိုမျက်နှာပြရမယ်မှန်းတောင် မသိတော့ဘူးအေ"

'ဒေါ်ရွှေစင်' ငိုရှိုက်ရင်း ပြောလိုက်မိတာဖြစ်ပါသည်။ မင်္ဂလာအချိန်လွန်ကာ သတို့သား ရောက်မလာ၍ မင်္ဂလာပွဲကား ပျက်သွားခဲ့ပါပြီ။

သမီးရဲ့ မင်္ဂလာပွဲမှာ 'ဒေါ်မြပုလဲနု' ထက်သာအောင် ပြင်ဆင်ထားသမျှ နောက်ဆုံးတော့ အရှက်လှလှကွဲရပါပြီ။



## ၂၃

"ဟား ဟား ဟား..."

'ဒေါ်မြပုလဲနု' ဗိုက်ထဲက ကျေနပ်စွာ အော်ရယ်လိုက်မိပါသည်။

ဒီလိုအချိန်ကို ရောက်အောင် သူမ နှစ်ပေါင်း နှစ်ဆယ် ကျော်ကျော်ကြာအောင် စောင့်စားခဲ့ရပါသည်။

ကြည့်ပါဦး။ 'ရွှေစင်' ငိုနေလိုက်တာ မျက်နှာကြီးကို မို့အစ်လို့။

သမီးဖြစ်သူရဲ့ မင်္ဂလာပွဲကို ပြင်ဆင်လာလိုက်တာ။


www.burmeseclassic.com

www.burmeseclassic.com

ငိုလိုက်တော့ မျက်လုံးတွင်ထည့်ထားသော ရှဲဒိုးတွေ မျက်ရည်နဲ့ ထိကာ မျက်လုံးအောက်တွင် အမည်းစင်းကြီးနှင့် ပါးပေါ်မှာလည်း မျက်ရည်စီးကျကာ အမည်းတန်းကြီး ဖြစ်နေပါသည်။

ဒီလောက် အရုပ်ဆိုး၊ အကျည်းတန်တဲ့ မိန်းမတစ်ယောက်ကို 'ကိုနိုင်' ကြာရှည် ပေါင်းဖက်နိုင်ခဲ့တာကလည်း အံ့ဩစရာပါ။

အေးလေး သမီးလေး 'သံသာ' သံယောဇဉ်နဲ့ပဲ ဖြစ်မှာပါ။

'သံသာ့' ကိုတော့ သူမ မုန်းလည်းမမုန်းပါ။ သနားပင် သနားပါသေးသည်။

'ကိုနိုင်' နဲ့ 'ရွှေစင့်' ကို အရက်တကွဲအကျိုးနည်း ဖြစ်စေချင်တာကလွဲ၍ 'သံသာ' လေးကို မထိခိုက်စေချင်တာ အမှန်ပါ။

သူမ်စိတ်ဖြင့် 'သံသာ့' ကို နှစ်သိမ့်လိုက်မိပါသည်။

"သမီးလေးဘက်မှာ မေမေ ရှိပါတယ်ကွယ်... သား 'ခွန်းချို' ဘယ်လိုပဲမှားမှား မေမေ သမီးဘက်မှာ အမြဲတမ်းရပ်တည်ပါ့မယ်"

"ခု ဟာက ကို မှားတယ်လို့ပြောလို့မရသေးပါဘူး... ကို တစ်ခုခု ဖြစ်နေပြီလို့ပဲ 'သံသာ' ထင်တယ်... မေမေ ကော မထင်ဘူးလား ဟင်"





'သံသာ' သူမ၏ မိခင်ဘက်ကိုလှမ်းကြည့်ကာ အမေး 'ဒေါ်ရွှေစင်' နေရာမှ အောင့်ကြီးအောင့်ကြီးထပြီး ဒေါသတကြီး ပြောလိုက်မိပါသည်။

"မသိဘူး မသိဘူး... ငါ့ သမီး ဖြစ်တာမဟုတ်ဘူး... ငါ့သားသမီးဆိုလည်း ဒါမျိုး မဖြစ်စေရဘူး"

"ကျွန်မကကော ဖြစ်စေချင်တယ်လို့ 'ဒေါ်ရွှေစင်' က ဆိုလိုချင်တာလား"

"ဒါတော့ မပြောတတ်ဘူးလေ... ကျောင်းတော်က ရန်စကရှိခဲ့ဖူးတာကိုး"

"အဲ့ဒီ ရန်စကိုသာ ကျွန်မ တေးမှတ်ထားရင် ဒီနေ့လို ပွဲမျိုးတောင် ဖြစ်လာစရာ အကြောင်းမရှိဘူး"

"စိတ်ညစ်ရတဲ့ကြားထဲ မေမေက တမျှောင့်... 'သံသာ' တော့ သေသာသေလိုက်ချင်တော့တာပါပဲ"

'သံသာ' ရှိုက်အငိုု 'ဒေါ်ရွှေစင်' အခန်းထဲက ဆောင့်အောင့်ထွက်သွားသလို 'ဒေါ်မြပုလဲနု' လည်း 'သံသာ့' ကို နှုတ်ဆက်လိုက်ပါသည်။

"သမီးလည်း သိပ်စိတ်မညစ်ပါနဲ့... သားကို ပြန်တွေ့မှာပါ"

"မေမေ ယုံကြည်လားဟင်"

'သံသာ့' မျက်ဝန်းက သူမကို အားကိုးသလို ငေး


www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေတာကြောင့် 'ဒေါ်မြပုလဲနှ' ခေါင်းကို အေးဆေးစွာ ညိတ်ပြလိုက်မိပါသည်။

"စိတ်ချပါ… ပြန်တွေ့ရမှာပါ"

'ဒေါ်မြပုလဲနှ' အခန်းထဲက ထွက်လာချိန် ဧည့်ပရိသတ်များကို မျက်နှာပုက်ပုက်ဖြင့် နှုတ်ဆက်နေသော 'ဦးနိုင်အောင်' ကို တွေ့လိုက်ရပါသည်။

သူမ ဘက်က ဧည့်ပရိသတ်များ တော့ မန်နေဂျာက လိုက်လံနှုတ်ဆက်နေတာ တွေ့လိုက်ရပါသည်။

ဘာပဲဖြစ်ဖြစ် သူမ ဖြစ်စေချင်သလို ဖြစ်ခဲ့ပြီးပြီ ဆိုတော့ အိမ် ပြန်ဖို့ပဲရှိတော့တာကြောင့် ကားပေါ်ကိုအတက် 'ဦးနိုင်အောင်' သူမ ရဲ့ကားဆီကို လျှောက်လာတာ တွေ့လိုက်ရပါသည်။

"'နုနု'…"

"ပြောပါ 'ကိုနိုင်'…"

"'မောင်ခွန်းချို' တကယ် ပျောက်နေတာလား… ဒါမှ မဟုတ် တစ်စုံတစ်ယောက်ရဲ့ ပရောဂကြောင့် တစ်နေရာရာမှာ ရောက်နေတာလား"

"'နုနု' လည်း အဲဒါကိုပဲ သိချင်နေတာပါ… လောလော ဆယ် 'နုနု' ရင်ထဲမှာပူနေတယ်… သားကို ရှာရဦးမယ်… ခွင့်ပြုပါဦး"





"လိုအပ်တာရှိရင်လည်း 'ကိုနိုင့်' ဆီကို ဖုန်းဆက်ပါ"

'နုနု' ခေါင်းကိုညိတ်ပြကာ ဟိုတယ်ရှေ့မှ ထွက်ခဲ့မိပါ သည်။

ကဲ ဘာတတ်နိုင်ကြသေးလဲ။

တစ်ချိန်တုန်းက 'နုနု' ကို မင်္ဂလာပွဲမှာ မျက်ရည်ကျစေ ခဲ့သူတွေက ယခု သူတို့ကိုယ်တိုင် မျက်ရည်ကျနေခဲ့ရပါပြီ။

'ကိုနိုင်' ကော ဘာထူးသေးလဲ။ 'ကိုနိုင့်' ကြောင့် 'နုနု' မှာ ကိုယ့်ကိုကိုယ်သတ်သေချင်သည်အထိ စိတ်ဆင်းရဲခဲ့ရပါ သည်။ ခု 'ကိုနိုင်' ပြုံးနိုင်သေးရဲ့လား။

စိတ်ထဲမှာကျေနပ်သလို အားရပါးရ အပြုံး ဒရိုင်ဘာ က လှမ်းမေးပါသည်။

"ဘယ်ကိုမောင်းရမလဲ မမ"

"အိမ်ကိုပဲ မောင်းပါ"

အိမ်မှာ သား 'ခွန်းချို' ရှိသည်။ 'ခွန်းချို' သူမကို ဘာပြောမှာလဲ။

ပြောချင်တာသာ ပြော သူမ ကတော့ လုပ်ချင်တာ လုပ်ခဲ့ပြီးပြီမို့ သီချင်းညည်းကာ အိမ်ပေါ်ထပ်ကို တက်လာခဲ့ လိုက်ပါသည်။

အခုဖအမေထက် ချစ်တဲ့သူ မောင်ရယ် × × မိန်းမတို့ကျွန်ဘဝ တွေကိုပယ် × × × မောင့်ကိုလေ မပြုရ ခင်


www.burmeseclassic.com

www.burmeseclassic.com

နှမမှာကွယ် မနေတတ်ပို့စိတ်မှာကွယ်× × × ချစ်မိရင်လည်း မရှက်တော့တယ် × × × စားလည်း ဒီစိတ်ကွယ် သွားလည်း ဒီစိတ်ကွယ်× × × မောင့်ကိုသာ စွဲလန်းမိတယ်× × ×

'ကိုနိုင်' နဲ့ ချစ်ခဲ့စဉ်က သူမ သီဆိုခဲ့ဖူးသော သီချင်းပါ။

"မမ အပေါ်ထပ်က တဝုန်းဝုန်းထုသံကြားတယ်"

သူမ တိုက်ထဲကိုအဝင် ထမင်းချက်က လာပြောတာဖြစ်ပါသည်။

'မတင်' ကလည်း...

"ဟုတ်တယ် မမေလေး... မမေလေး က မတက်နဲ့ ဆိုလို့ ဘယ်သူလဲမသိဘူး"

"တစ်ယောက်ယောက် ဖြစ်မှာပေါ့ကွယ်"

သူမ အပေါ်ထပ်ကိုတက်အလာ 'မတင်' မျက်လုံးပြူးကြီးဖြင့်မော့ကြည့်ကာ ကျန်နေခဲ့တာကို တွေ့လိုက်ရပါသည်။

အပေါ်ထပ်တွင် သား 'ခွန်းချို' နဲ့ သူမ နှစ်ယောက်တည်းနေတာ။ သား 'ခွန်းချို' ကလည်း မင်္ဂလာဆောင်သွားသည်ဆိုတော့ ဘယ်သူများလဲဟု တွေးနေကြမှာ သေချာပါသည်။

အခန်းသော့ကိုဖွင့်ကာ အခန်းထဲကိုအဝင် သား 'ခွန်းချို' ရဲ့ ရန်လိုနေသော မျက်ဝန်းစိမ်းများကို 'ဒေါ်မြပုလဲနု' ရင်ဆိုင်ကြုံတွေ့လိုက်ရပါသည်။

ဒါ မာမီ တမင်သက်သက် လုပ်တာ။ 'သံသာ' သိရင် ဘယ်လောက်များ ခံစားရရှာမလဲ။

"မာမီ သိပ်ရက်စက်တယ်"

ဝမ်းနည်းကြေကွဲသလို ငိုရှိုက်ကာအပြော...

"မာမီ့ကို သူတို့တစ်တွေ ရက်စက်ခဲ့ကြတာကိုကော သား ဘာမှ မပြောတော့ဘူးလား"

'ဒေါ်မြပုလဲနု' အခန်းကိုသော့ခတ်ပြီး သော့ကိုယူကာ ကုလားထိုင်တစ်လုံးတွင် အေးအေးဆေးဆေး ဝင်ထိုင်လိုက်မိပါသည်။

"အခု 'သံသာ' တို့ အိမ်ပြန်သွားကြပြီလား"

"သူတို့ ဘယ်သွားစရာ ရှိသေးလို့လဲ"

'ဒေါ်မြပုလဲနု' မျက်နှာကိုမော့ကာ ခပ်တင်းတင်း ပြုံးလိုက်မိပါသည်။

အချိန်တန် အိမ်ပြန်ကြယုံပေါ့။

"မာမီဟာ ရုပ်ကလေးလှသလောက် မာမီ့အသည်းနှလုံးက အရမ်းမာကြောတာပဲ"

"အဲ့ဒါ မာမီ လုပ်တာမဟုတ်ဘူးလေ... သူများတွေ လုပ်ပေးကြတာ"

"သူများတွေ လုပ်ပေးလည်း သားနဲ့မဆိုင်ဘူးလေ...


ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သားကမာမီ့ကို ဘာအပြစ်လုပ်ခဲ့မိလို့လဲ"

သားနဲ့မဆိုင်တာ သူမ သိပါသည်။ ဒါပေမဲ့ သားကိုမှ ဓါးစာခံမလုပ်လျှင် သူမက 'ကိုနိုင်' တို့ကို ဘယ်လိုလုပ်ပြီး အနိုင်ယူလို့ရမှာတဲ့လဲ။

"မာမီက သိပ်ကို တစ်ကိုယ်ကောင်းဆန်ပြီး သိပ်ကို ရက်စက်တာပဲ"

'ဒေါ်မြပုလဲနု' နာကျင်စွာ ပြုံးလိုက်မိပါသည်။ သူမသာ တစ်ကိုယ်ကောင်းဆန်တတ်မယ်ဆို 'ခွန်းချို' ဆိုတဲ့ ခုလို သူမအား ရက်ရက်စက်စက် ပြန်ပြောနေသော လူမမယ်လေး တစ်ယောက်ကို မွေးစားဖြစ်ခဲ့မည် မထင်ပါ။

'မမစု' ကွယ်လွန်ပြီး 'ခွန်းချို' သူမ ဆီကို ရောက်လာကာစက ကလေးကငယ်လွန်းပါသေးသည်။ ချုံခြာလိုက်တာကလည်း လွန်ပါရော။

တစ်ဖက်က အလုပ်တွေ မနိုင်အောင် ရှုပ်နေတဲ့ကြားထဲကမှ 'ခွန်းချို' လေးကို ဆေးခန်းပို့ကာ နေ့မအိပ်၊ ညမအိပ် ပြုစုခဲ့ရတဲ့ အချိန်တွေက များပြားလှပါသည်။

ထိုအချိန်က ကလေးကို သနားလှချည်ရဲ့ဟုဆိုပြီး တစာစာပြောနေကြသော သူမရဲ့ ညီအစ်ကိုမောင်နှမတစ်တွေ ကလေးကို တစ်စက်ကလေးမှ်ပင် လာကြည့်ဖေါ်မရကြပါ။

သူမရဲ့ အိမ်မှာနေကာ သူမ ကို ကော်လော်ကန့်လန့်





လုပ်နေကြချိန်ဖြစ်ပါသည်။

ဒါတွေကို အံခဲကာ ကြိတ်ကြိတ်ခံရင်း သား 'ခွန်းချို' ကို မွေးခဲ့ရတာဖြစ်ပါသည်။

ခုတော့ သားက ကျေးဇူးဆပ်နေပြီလား။

'ဒေါ်မြပုလဲနု' စီးကရက်တစ်လိပ်ကို ရှိုက်ဖွာကာ အော်အရယ် 'ခွန်းချို' က သူမ ကို ရွံရှာသလို ငေးကြည့်နေပါသည်။

"ဒါကြောင့် ဒေါ်လေး တို့ကပြောတာ"

"ဘာပြောလဲ"

'ဒေါ်မြပုလဲနု' 'ခွန်းချို' မျက်နှာကို မျက်လုံးမှေးကာ ငေးကြည့်နေလိုက်ပါသည်။

"သားနဲ့ 'သံသာ' ကိစ္စ ဖြစ်လာမှာမဟုတ်ဘူးတဲ့"

"သူတို့က ဒီလိုပဲ ပြောကြသလား"

'ဒေါ်မြပုလဲနု' ပိုပြုံးလိုက်မိပါသည်။ ဖြစ်လာတော့လည်း သူတို့ ပူစရာမလို၊ မဖြစ်လာတော့လည်း သူတို့အပူ တစ်ပြားသားမှ မပါ,ပါ။

တကယ်တော့ သူတို့ကော သူမ အပေါ်ကို ကောင်းခဲ့ကြလို့လား။

သူမ အိမ်မှာနေကာ သူမ ကို အံတုဖက်ပြိုင် နေကြသူတွေပါ။

သူမတို့ ယူထားတဲ့ လင်တွေဆိုတာလည်း အရ



www.burmeseclassic.com

www.burmeseclassic.com



သောက်တဲ့လူနဲ့ ဖဲရိုက်တဲ့လူနဲ့ မိန်းမကလည်း ရှုပ်သေးတဲ့လူတွေမို့ သူမ တစ်ယောက်ကိုမှ ကြည့်လို့မရခဲ့ပါ။

ဒါပေမဲ့ အစ်မအကြီးအမိအရာမို့ သူမ တို့ တောင်းလာသမျှ အကူအညီမှန်သမျှ သူမကပဲ ပေးနေရတာပါ။

ဒါကို သူတို့ကပဲ ပြောရတယ် ရှိသေး။

"ဘယ်သူပြောတာလဲ… 'လုလု' လား 'အုအု' လား"

'ခွန်းချို' ဘာမှမပြောဘဲ ငြိမ်နေလိုက်မိပါသည်။

ခုချိန်ဆို 'သံသာ' ဘယ်လောက်များ ဝမ်းနည်းအားငယ်နေရှာမလဲ။

'သံသာ့' ကို သတိရလေ၊ မာမီ့ကိုပဲ တိုးကာ စိတ်နာလေပါ။

တကယ်ဆို မာမီ သူ့ကိုဘယ်လောက် လှောင်ထားလို့ ရနိုင်မှာတဲ့လဲ။

သူ 'သံသာ့' ကို ချစ်သည်။ 'သံသာ' ကို အရယူမည်။

သည်အတွေးဖြင့် တံခါးရှိရာကို ပြေးသွားကာ တံခါးကိုတွန်းအဖွင့် တုတ်တုတ်မျှမလှုပ်တဲ့ တံခါးရွက်ကြောင့် သူ့ဒေါသတွေ ပိုထွက်လာခဲ့ရပါသည်။



၂၄

"မာမီ တံခါးသော့ရော"

"ဒီမှာလေ…"

'ဒေါ်မြပုလဲနု' သူမ လက်ထဲတွင် ကိုင်ထားသော့တံခါးသော့ကို လှုပ်ခါပြလိုက်ပါသည်။

"ဒါဆို ဖွင့်ပေးလေ… ဘာလုပ်နေတာလဲ"

"ဘာလို့ ဖွင့်ရမှာလဲ… မင်းနဲ့ 'သံသာ' နဲ့ကို ခွဲထားတဲ့ဥစ္စာ"

"မာမီ ရူးနေလား… 'သံသာ' နဲ့ ကျွန်တော်နဲ့ တရားဝင်



www.burmeseclassic.com

www.burmeseclassic.com

မှာ လက်ထပ်ပြီးသားဥစ္စာ"

"အဲ့ဒီတော့ ဘာဖြစ်လဲ"

"'သံသာ' က ကျွန်တော့်မိန်းမ ဖြစ်နေပြီလေ... မာမီ ခွဲလို့ရမှာလား"

"ရလို့ပဲ ခု ခွဲထားတာပဲ ဥစ္စာ"

'ဒေါ်မြပုလဲနု' အခန်းတွင်းရှိ ရေခဲသေတ္တာရှိရာဆီ လျှောက်လာကာ ရေတစ်ပုလင်းထုတ်ရင်း ဖန်ခွက်တစ်ခွက်ပါ ယူလာကာ နေရာတွင် ထိုင်လိုက်ပါသည်။

'ခွန်းချို' မာမီ့ ပုံစံကိုကြည့်ကာ စိတ်ပေါက်ကျသလို ခေါင်းကို စုံကုတ်လိုက်မိပါသည်။

မာမီ ဘာတွေ လုပ်နေတာလဲ။

မာမီ အေးဆေးစွာ ရေသောက်နေနိုင်ချိန် 'ခွန်းချို' ရင်ထဲမှာ ဘယ်လောက်ပူနေတယ်ဆိုတာ မာမီ သိရဲ့လား။ ခံစားမိရဲ့လား။

အရေးထဲ ဒီနေ့မှ ဆဲလ်ဖုန်းက ကားပေါ် မေ့ကျန်နေခဲ့ပါသည်။ ခုလောက်ဆို မာမီ့လက်ထဲ ရောက်နေလောက်ရော ပေါ့။

'ခွန်းချို' မာမီ့ကိုကြည့်ကာ ပေါက်ကွဲစွာ အော်ပြော လိုက်ပါသည်။

"မာမီ ကျွန်တော့်ကို ဒီအတိုင်းပဲ ထားမလို့လား"





"မင်း ငြိမ်ငြိမ်မနေရင် မာမီ ဒီအတိုင်း ထားသင့်ရင် လည်းထားရမှာပဲ"

"ကျွန်တော်က ဘာလို့ငြိမ်နေရမှာလဲ... ကျွန်တော့်နေ ရာမှာ မာမီဝင်ပြီး ခံစားပဲကြည့်ပါဦး"

'ဒေါ်မြပုလဲနု' 'ခွန်းချို' မျက်နှာကိုကြည့်ကာ ခေါင်း ညိတ်လိုက်မိပါသည်။

သူမ ခံစားပေးပါသည်။ 'ခွန်းချို' ရဲ့ အဖြစ်ကိုလည်း စာနာပေးပါသည်။ ဒါပေမဲ့ သူမ စာနာပေးယုံ ခံစားပေးယုံနဲ့ 'ဦးနိုင်အောင်' နဲ့ 'ဒေါ်ရွှေစင်' တို့ ခံစားနားလည်ကြ မယ်မထင်။ သူတို့ကိုယ်တိုင် ခံစားရမှ သူမ ခံစားခဲ့ရတဲ့ အဖြစ် ကို စာနာနားလည်နိုင်ကြမည် ထင်ပါသည်။

ခုလောက်ဆို သူတို့နှစ်ယောက်လည်း ခံစားနေကြ ရောပေါ့။စီးကရက်ကို ရှိုက်ဖွာကာ 'ဒေါ်မြပုလဲနု' အပြုံး 'ခွန်းချို' မာမီ့မျက်နှာကို စိုက်ကြည့်ကာ ရှုံ့ရှာစွာ ပြောလိုက်မိပါသည်။

"ဒါကြောင့် သူများတွေကပြောပြောနေကြတာ...ဝမ်း နဲ့မလွယ် သားမမယ်တဲ့... မာမီ ကျွန်တော့်ကို ကိုယ်တိုင်မွေးခဲ့ တာ မဟုတ်တော့ ရက်စက်နိုင်တာပေါ့... ကျွန်တော့် အမေ အရင်းသာဆို မာမီ ဒီလိုလုပ်မလား"

"လုပ်သင့်ရင် လုပ်ရမှာပဲ"

"အဲ့ဒါ ညာတာ... ခင်ဗျားကြီး ညာနေတာ"


www.burmeseclassic.com

www.burmeseclassic.com


'ဒေါ်မြပုလဲနု' သား 'ခွန်းချို' ရဲ့ မျက်နှာကို ထိတ်လန့်တကြား လှမ်းကြည့်လိုက်မိပါသည်။ 'ခွန်းချို' မျက်နှာက ဒေါသစိတ်ဖြင့် နီမြန်းကာ စကားလုံးတွေကလည်း လေနီကြမ်းဖြင့် ရောက်လာသော မိုးသီးမိုးပေါက်များလို ပြင်းထန်မာကြောလှပါချေ၏။

"ခင်ဗျားကြီးက ကျုပ်ကို သားအရင်းမဟုတ်လို့ ဒီလို အသုံးချနေတာ… ခင်ဗျားသားသာဆို ခင်ဗျား ဒီလို လုပ်ရက်မလား"

'ဒေါ်မြပုလဲနု' ဘာစကားမှ မပြောနိုင်ဘဲ သား 'ခွန်းချို' ရဲ့မျက်နှာကိုသာ အံ့ဩတကြီး ငေးကြည့်နေမိပါသည်။

စိတ်ထဲမှာတော့ စကားလုံးတစ်ခုကို တွင်တွင်သာ ရွတ်ဆိုနေမိပါသည်။

ခင်ဗျားကြီး တဲ့လား…။

ရင့်သီးလိုက်တာ။ ရက်စက်လိုက်တာကွယ်။

တကယ်ဆို သား 'ခွန်းချို' ကို သူမ အကြာကြီး ပုန်းအောင်စေလိုတဲ့ ဆန္ဒမျိုး လုံးဝမရှိပါ။

'ကိုနိုင်' နဲ့ 'မရွှေစင်' တို့ မှတ်လောက်သားလောက်ရှိရင် ပြန်လွှတ်ပေးဖို့ စဉ်းစားထားပြီးသားပါ။

ခုတော့ သား ရင်ထဲက မကြေလည်တဲ့ အစိုင်အခဲတွေ အပြင်ကို လွင့်စင်ကာ ထွက်ကျလာခဲ့ပါပြီ။



"တကယ်ဆို မာမီဟာ မင်္ဂလာမရှိတဲ့ မိန်းမပဲ… မာမီ ဘဝမင်္ဂလာမရှိခဲ့တာနဲ့ လူတကာကိုလည်း လိုက်ပြီး မင်္ဂလာမရှိစေချင်ဘူး… ဒါကြောင့် 'အန်တီယု' မင်္ဂလာဆောင်မယ့်ကိစ္စကို ဖျက်ခဲ့တယ် 'အန်တီလု' မင်္ဂလာဆောင်မှာကိုလည်း မာမီ အတင်းလိုက်ဖျက်ဆီးခဲ့တယ်… "

ဒီစကားကိုတော့ 'ဒေါ်မြပုလဲနု' ကန့်ကွက်လိုက်မိပါသည်။

"ငါ 'လုလု' မင်္ဂလာဆောင်မှာကို မဖျက်ဆီးခဲ့ပါဘူး… ငါ ကိုယ်တိုင် ပွဲတက်ပေးခဲ့တာပဲ"

"အဲ့ဒါ 'အန်တီလု' ခိုးရာလိုက်ပြေးပြီးမှ မာမီ သဘောတူလက်ခံခဲ့တာ မဟုတ်လား… ဒီ့အရင် မာမီ တောက်လျှောက် လိုက်ဖျက်ဆီးနေခဲ့ပြီး"

"ဟဲ့ ဖျက်ရမှာပေါ့… သူ ယူထားတဲ့လူက မင်းကုသလောက်ရုပ်ဆိုးနေတဲ့ ဥစ္စာ"

"ဒါဆို 'အန်တီယု' တုန်းကကော"

"သူ့ကို ငါ့လက်အောက်က အင်ဂျင်နီယာ တစ်ယောက်နဲ့ သဘောတူထားတာ… 'ဒီ ကြားထဲကမှ သူက သူ့လူနဲ့ သူလိုက်ပြေးသွားခဲ့တာ"

" 'အန်တီယု' ရဲ့ လူက ဘာဖြစ်လို့လဲ"

"အိမ်ယ်လေး… လူကသာ အရာရှိ သူ့မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com


ဆင်းရဲလိုက်တာမှ စုတ်ခြာနေတာ... အမေလုပ်တဲ့လူက ရပ်ကွက်ထဲလှည့်ပြီး အတင်းလိုက်ပြောနေတဲ့ မိန်းမ... အဲ့ဒီလို မိန်းမရဲ့သားနဲ့ ငါက သဘောတူ ကြည်ဖြူရမှာလား"

"မာမီ တို့ကကော အရင်တုန်းက ချမ်းသာခဲ့လို့လား... မာမီ ဟိုလူကြီးနဲ့ ကွဲမှ ချမ်းသာလာတာ မဟုတ်ဘူးလား... "

'ဒေါ်မြပုလဲနု' 'ခွန်းချို' မျက်နှာကို နာကြည်းစွာစိုက်ကြည့်လိုက်မိပါသည်။

ခုမှ 'ခွန်းချို' ပြောတဲ့စကားက အဓိပ္ပါယ်သက်ဝင်လှုပ်ရှားလာပါသည်။

ဝမ်းနဲ့မလွယ် သားမမယ် တဲ့။

သူမ ဝမ်းနဲ့လွယ်မမွေးရတဲ့ သားဆိုတော့လည်း သူမကို ခွန်းတုံ့ပြန်နေလေပြီ။

'ဦးမော်' ကိုလည်း ဟိုလူကြီးတဲ့။

အဲ့ဒီ ဟိုလူကြီးရဲ့ ပိုက်ဆံတွေနဲ့ တိုက်တွေဆောက်၊ အိမ်တွေဝယ် ကျောင်းဆို အကောင်းဆုံးကျောင်းမှာ ထားပေးခဲ့တာကို 'ခွန်းချို' မေ့ခဲ့လေပြီ။

'ခွန်းချို' ကို မွေးစားမယ်လုပ်တော့ 'ဦးမော်' က သတိပေးခဲ့ပါသေးသည်။

'ဖြစ်ပါ့မလား... 'နုနု' စိတ်ဆင်းရဲနေရပါဦးမယ်"

" 'ခွန်းချို' လေးက လိမ္မာမယ်ထင်ပါတယ်"



ခုတော့ 'ဦးမော်' ပြောသလိုပင် သူမ စိတ်ဆင်းရဲဖို့ဖြစ်လာခဲ့ရပါပြီ။

ရင်ထဲမှာ ခုံးကနဲတိုးအောင့်လာတာကိုအဖိ 'ခွန်းချို' က မညှာမတာ လှမ်းပြောလိုက်ပါသည်။

"အရင်က ခင်ဗျားကြီး မူယာမာယာများနေတာကို ကျုပ်လိုကောင်က တကယ်ထင်ခဲ့ပေမယ့် ခုတော့ ကျုပ်ကောင်းကောင်းကြီး အလှည့်စားခံရတယ်ဆိုတာ ကျုပ် နားလည်သွားပြီ... တကယ်တော့ ခင်ဗျားဟာ မင်္ဂလာမရှိတဲ့မိန်းမ... မင်္ဂလာဆိုတဲ့စကားနဲ့ မထိုက်တန်တဲ့ မိန်းမ" '

ရင်ထဲမှာ ပြင်းထန်စွာ စူးအောင့်နေတဲ့နာကျင်နေသော ဝေဒနာကြားမှ 'ဒေါ်မြပုလဲနု' လှပစွာ ပြုံးလိုက်မိပါသည်။

ဟုတ်ပါတယ်။ သူမ ဟာ သား ပြောသလို မင်္ဂလာမရှိတဲ့ မိန်းမပါပဲ။

ဒါပေမဲ့ သူမ မှာ ယုတ်မာနိမ့်ကျတဲ့ စိတ်မျိုးတော့ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါ။ သူမ ညီမတွေရဲ့ မင်္ဂလာပွဲကို ဆန့်ကျင်ကန့်ကွက်ခဲ့တယ်ဆိုတာလည်း သူမ ညီမတွေကို ဒီ့ထက်ပိုကောင်းစားစေချင် ပိုတိုးတက်စေချင်လို့ ဆန့်ကျင်ကန့်ကွက်ခဲ့ရတာပါ။

ခုတော့ သားက သူမ ကို နာမည် အသစ်တစ်ခု တွင်ပေးလိုက်ပြီတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com

ဘာတဲ့ မင်္ဂလာမရှိသော မိန်းမ တဲ့...။

"ဟား ဟား ဟား..."

'ဒေါ်မြပုလဲနု' အော်ရယ်လိုက်မိပါသည်။ ဒီ နာမည်က သူမ နဲ့ ထိုက်တန်တဲ့ နာမည်တဲ့လား။

ရှုံးအောင့်မှုဝေဒနာက ပိုပြင်းထန်လာတာကြောင့် မျက်နှာကိုအရှုံ့ 'ခွန်းချို' ဆီက အကြင်နာကင်းမဲ့သော လေသံကို ထပ်ကြားလိုက်ရပြန်သည်။

"ဆရာဝန်ခေါ်ပေးပါ သားရယ်လို့ ပြောဦးမလို့လား... မရတော့ဘူး မာမီ... 'ခွန်းချို' တို့က ဘူးဆိုဖရုံမသီးဘူး... အခုချိန်မှ သားကို မာမီလွှတ်ပေးလည်း သား မာမီ့ကို ခွင့်လွှတ်မှာမဟုတ်ဘူး"

ဝေဒနာခံစားနေရတဲ့ ကြားထဲကမှ 'ဒေါ်မြပုလဲနု' 'သံသာ' ရဲ့ ဖုန်းနံပါတ်လေးကို နှိပ်လိုက်မိပါသည်။

"'သံသာ' ပါ... ဘယ်သူလဲဟင်"

"သမီး မေမေပါ"

'ဒေါ်မြပုလဲနု' အားခဲကာ ပြောလိုက်ရတာ ဖြစ်ပါသည်။

ရင်ဘတ်မှ ရှုံးအောင့်မှုက လူတစ်ကိုယ်လုံးကို ချွေးစေးတွေဖြင့် စွတ်စိုစေပါသည်။

အမြင်တွေဝေဝါးကာ လူက မူးရီလာရဆဲ သား 'ခွန်း





ချို' က သူမလက်ထဲက သော့ကို ဆောင့်ဆွဲယူကာ အခန်းထဲကပြေးထွက်သွားတာ မြင်လိုက်ရပါသည်။

"သား 'ခွန်းချို'"

'ခွန်းချို' ကို လှမ်းအအော် သူမရဲ့ လက်ထဲက ဖုန်းလေးက အောက်ကိုပြုတ်ကျသွားခဲ့ပါသည်။

"သား ပြန်လာခဲ့ပါ... သားတို့ကို မာမီ ပေးစားမှာပါ...သား"

'ဒေါ်မြပုလဲနု' ဖုန်းလေကို ကုန်းကောက်ရင်းမှ သားကို ကုန်းအအော်လူက ခုံပေါ်မှ ပြုတ်ကျသွားခဲ့ရပါသည်။

"မေမေ မေမေ"

ဖုန်းသံကို နားထောင်နေတဲ့ 'သံသာ' တစ်ဖက်မှ ဆူဆူညံညံအသံတွေကြောင့် အထိတ်တလန့် အော်လိုက်မိပါသည်

"သမီး ဘယ်သူလဲ"

သမီးဖြစ်သူရဲ့ အထိတ်တလန့် အသံကြောင့် 'သံသာ' အပါးကို 'ဦးနိုင်အောင်' အပြေးအလွှား ရောက်လာခဲ့ပါသည်

"မေမေ ဖုန်းဆက်တာ မေမေ... ဟိုဘက်မှာ ဘာဖြစ်နေလဲ မသိဘူး... ကို့နာမည်ကိုလည်း ခေါ်သံကြားရတယ်"

"ဟုတ်လား 'မောင်ခွန်းချို' ကို ပြန်တွေ့ပြီနဲ့တူတယ်"

"သမီးတို့လိုက်သွားကြရင် ကောင်းမလား မေမေ"

'သံသာ' ရဲ့ အလောတကြီးပြောသံကြောင့် 'ဦးနိုင်



www.burmeseclassic.com

www.burmeseclassic.com

အောင်' ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်မိပါသည်။

'သံသာ' သူမ ရဲ့ အခန်းထဲကအထွက်…

"ဒီ သားအဖ ဘယ်သွားကြမလို့လဲ"

မီးဖိုခန်းထဲက ထွက်လာသော 'ဒေါ်ရွှေစင်' မေးလိုက်တာဖြစ်ပါသည်။

"ကို့ကို ပြန်တွေ့ပြီနဲ့တူတယ် မေမေ… 'သံသာ' တို့ အဲ့ဒီကို လိုက်သွားကြမလားလို့"

"ပြန်တွေ့တာလား ပြန်ထုတ်တာလား"

အရေးထဲ စကားအကျအနကောက်နေတဲ့ ဓမ်းသည် ကြောင့် 'ဦးနိုင်အောင်' သမီးဖြစ်သူကို မျက်စပစ်ကာ ခြံထဲကို ဆင်းလာခဲ့မိပါသည်။

သူမ အဲ့ဒီလို အရစ်ရှည်၍ ဒီလို အဖြစ်ဆိုးမျိုးတွေဖြစ်လာခဲ့ရတာနေမှာ၊

သူမ သာဆတ်ဆော့ကာ ဇိ ဂ်စာမပေးခဲ့လျှင် ဒီနေ့လိုအဖြစ်မျိုးတွေ ကြုံတွေ့စရာ မရှိပါ။

"'သံသာ' အရမ်းစိတ်ပူတယ် ဖေဖေ… ဟိုဘက်မှာ ဘာတွေဖြစ်နေကြသလဲ မသိဘူး"

"ဖုန်းဆက်ကြည့်ပါလား သမီး"

ကို့ရဲ့ဆဲလ်ဖုန်းကို နှိပ်သော်လည်း ခေါ်၍မရပါ။

"ဒါဆို 'နုနု' ဖုန်းကို ဆက်ကြည့်ပါလား… "





'သံသာ' တံတွေးကိုမြိုချကာ 'ဒေါ်မြပုလဲနု' ၏ ဖုန်းကို နှိပ်လိုက်မိပါသည်။

ဖုန်းကခေါ်နေသေမယ့် ကိုင်မယ့်သူ မရှိပါ။

"သူတို့ဘာဖြစ်နေကြပြီလဲ မသိဘူးနော် ဖေဖေ"

"ဘာမှ မဖြစ်နိုင်ပါဘူး သမီးရယ်… စိတ်အေးအေးထားပါ"

'သံသာ' တို့ ဒီဘက်မှာ ပြောနေချိန် 'ခွန်းချို' ကိုယ်တိုင်လည်း ခြံနောက်ဘက်ရှိ သူ့ကားကို တွေ့သွားကာ 'သံသာ' ဆီကို ထွက်လာချိန်ဖြစ်ပါသည်။

ကားပေါ်ကိုရောက်မှ စိတ်ထဲမှ မွန်းကြပ်မှုတွေ ပြေလျော့ကာ အသက်ကို ပြင်းပြင်းရှူလိုက်မိသည်။

ဒီအရင် အချိန်တွေတုန်းကတော့ 'ခွန်းချို' အသက်ကို ဘယ်လိုရှူရမယ်မှန်းမသိအောင် ဒေါသတွေဖြင့် မွန်းကြပ်ကာ လှောင်ပိတ်နေပါသည်၊

ဒီကြားထဲ မာမီ့ရဲ့ အခန်းက သံပန်းတွေအပြည့်တပ်ထားသောအခန်းမို့ အပြင်ကိုကြည့်မရ၊ ဘယ်သူ့ကိုမှလည်း ခေါ်၍မရသဖြင့် တစ်နေကုန် စိတ်ကျဉ်းကြပ်စွာ နေခဲ့ရပါသည်။

လူကသာ အခန်းထဲမှာ နေနေသော်လည်း စိတ်ကတော့ 'သံသာ' ဘယ်လောက်ထိအောင် စိတ်ညစ်နေရပြီလည်း


www.burmeseclassic.com

 www.burmeseclassic.com

တွေးမိကာ 'သံသာ' ကို သနားနေမိပါသည်။

တကယ်ဆို မာမီ ဒီလောက်ထိအောင် မလုပ်သင့်ပါ။

'ဦးနိုင်အောင်' လက်ထက်တုန်းက ခံခဲ့ရတာကြောင့် ပြန်လုပ်တယ်ဆိုရင်လည်း 'ဦးနိုင်အောင်' နဲ့ 'ရွှေစင်' တို့ကိုပဲ ပြန်လုပ်သင့်ပါသည်။

ခုတော့ မာမီ့ရဲ့လုပ်ရပ်ကြောင့် 'သံသာ' ကို တောင်းပန်ရတော့မည်။ အတွေးဖြင့် 'ခွန်းချို' ကားမောင်းသွားချိန် 'ခွန်းချို' ရဲ့ ကားနားမှ ဖြတ်မောင်းသွားသော 'သံသာ' တို့ကားလေးကို သတိမထားလိုက်မိချေ။

သတိထားလိုက်မိချိန်မှာတော့ 'သံသာ' တို့ကားလေးက ကမ္ဘောဇရိပ်သာဘက်ကို ချိုးကွေ့လိုက်ပါပြီ။



## ၂၁

"မေမေ..."

'သံသာ' တို့အပေါ်ထပ်ကို ရောက်သွားချိန်တွင် မေမေ့ကို ကုတင်ပေါ်တွင် စိုးရိမ်ဖွယ်ရာ အခြေအနေနဲ့ တွေ့လိုက်ရပါသည်။

"ဘာဖြစ်တာလဲ ဟင်"

ထမင်းချက်ဒေါ်ကြီးက မျက်ရည်များဖြင့် ပြောပြပါသည်။

"'မောင်ခွန်းချို' အပြင်ကို ထွက်မသွားခင်တည်းက



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ အသံတွေကြားနေရတာ… ဒေါ်ကြီးတို့လည်း တက်ကြည့်ချင်ပေမယ့် 'နုနု' ကို ကြောက်လို့ မတက်ရဲပါဘူး… နောက် လဲပြိုသံကြားရမှ တက်ကြည့်တော့ 'နုနု' ကို ဒီလို အခြေအနေမျိုးနဲ့ တွေ့ရတာပဲကွယ်"

'မတင်' ကလည်း မျက်ရည်လည်ရွဲနှင့်…

"ကျွန်မတို့ တက်လာတော့ မေမေလေး က ကြမ်းပေါ်မှာ ဟောဒီလိုကြီး လဲနေတာ… ဒါနဲ့ မေမေလေး ပြနေကြ ဆရာဝန်ကို ဖုန်းဆက်ခေါ်ရတာ"

ဆရာဝန်က 'သံသာ' ကို ခေါင်းခါပြပါသည်။

"လူနာ အခြေအနေမကောင်းဘူး"

"ဆေးရုံတင်ရင်ကော ဆရာ"

'သံသာ' အားကိုးတကြီး မေးလိုက်မိတာဖြစ်ပါသည်။

မှိန်းနေတဲ့ 'ဒေါ်မြပုလဲနု' ခေါင်းကို ခါရင်း ညည်းလိုက်မိပါသည်။

"ဆေးရုံမတက်ချင်ဘူး… သား 'ခွန်းချို' ကို ခေါ်ပေးပါ… သား သားရေ"

'သံသာ' ဖခင်ဖြစ်သူကို မျက်ရည်ဝဲသော မျက်ဝန်းများဖြင့် လှည့်အကြည့် 'ဦးနိုင်အောင်' ထမင်းချက် အဒေါ်ကြီးကို လှမ်းမေးလိုက်မိသည်။

" 'မောင်ခွန်းချို' က ဘယ်သွားတာလဲ"





"မသိဘူး… ဒေါသတကြီး အပြင်ကိုထွက်သွားတာ တွေ့တာပဲ"

"သား 'ခွန်းချို' "

'ဒေါ်မြပုလဲနု' တီးတိုးခေါ်လိုက်မိတာ ဖြစ်ပါသည်။

သား သူမကို စိတ်နာသွားတာ သိပါသည်။ ဒါပေမဲ့ သူမ ကတော့ သားကို စိတ်မနာနိုင်ပါ။ သားကိုတွေ့ချင်သည်။ သားရဲ့ နှုတ်ဖျားမှ သူမကို ခွင့်လွှတ်တဲ့စကား ကြားချင်သည်။

"ခေါ်ပေးလိုက်ပါ"

ဆရာဝန်ကြီးက လှမ်းပြောတာဖြစ်ပါသည်။

'သံသာ' စဉ်းစားလိုက်သည်။ ကို ဘယ်ကို သွားနိုင်မလဲ။

နောက် နေရာမှထလာကာ အိမ်ကို ဖုန်းဆက်လိုက်မိပါသည်။

"မေမေလား"

"သမီး 'သံသာ'… ဒီမှာ 'မောင်ခွန်းချို' ရောက်နေတယ်"

" 'သံသာ' ကို ခေါ်ပေးပါ မေမေ"

တစ်ဖက်မှတိတ်သွားပြီး 'ခွန်းချို' အသံ ထွက်လာခဲ့ပါသည်။

" 'သံသာ' လား… ကို ဒီကိုရောက်နေတာ"

"မေမေ အခြေအနေမကောင်းဘူး ကို… ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့ပါ"

"ဟုတ်လို့လား... ခုဏကတောင် ကို နဲ့ စကားများနေသေးတာ"

"ကို့ကို တစ်ချိန်လုံး မေးနေတယ်... အမြန် ပြန်လာခဲ့နော်"

'သံသာ' ဖုန်းကိုချကာ အပေါ်ထပ်ကို အပြေးပြန်တက်လာခဲ့မိပါသည်။

'ဒေါ်မြပုလဲနု' ကား မျက်လုံး မမှိတ်နိုင်သေးပါ။

"သားကို တွေ့ချင်တယ်... မေမေ တောင်းပန်ချင်တယ်"

"ခု လာနေပါပြီ မေမေ"

"တကယ်တော့ ဒီနေ့ဒီလိုဖြစ်သွားရတာ သားမှာ အပြစ်မရှိပါဘူး... မေမေ ကြောင့်ပါ"

ပြောရင်း 'ဒေါ်မြပုလဲနု' ရင်တွေ ပွင့်ထွက်မတတ် မောပန်းလာပါသည်။

"'နုနု' စကားမပြောနဲ့ မောနေလိမ့်မယ်"

'ဦးနိုင်အောင်' သတိပေးလိုက်တာ ဖြစ်ပါသည်။

'ဒေါ်မြပုလဲနု' က ခေါင်းမာစွာ ခေါင်းခါပြလေသည်။ ခုချိန်မှ မပြောလျှင် နောက်ဘယ်တော့မှ ပြောခွင့်ရတော့မည်မဟုတ်ပါ။





"ပြောပါရစေ... သားကို ခွင့်လွှတ်ပေးပါ သမီးရယ်"

ဝေဝါးနေသော အကြည့်များဖြင့် 'သံသာ' ရှိရာဘက်ကိုလှမ်းကြည့်ကာ ပြောလိုက်မိတာ ဖြစ်ပါသည်။

"တကယ်တော့ မေမေဟာ သား 'ခွန်းချို' ပြောသလို မင်္ဂလာမရှိတဲ့ မိန်းမတစ်ယောက်ပါပဲကွယ်... မင်္ဂလာဆောင်တစ်ခုကြောင့် ကိုယ့်အသည်းကွဲခဲ့ရတာကို အကြောင်းပြုပြီး မေမေ ဘယ်မင်္ဂလာဆောင်ကိုမှ မကြည့်ချင်ဘူး... မမြင်ချင်ဘူး... ဒီလိုပဲ သားနဲ့သမီး မင်္ဂလာဆောင်ကိုလည်း မေမေ ဖျက်ဆီးမိခဲ့တယ်... သမီးနဲ့သားကို ထိခိုက်စေချင်လို့ မဟုတ်ဘူးဆိုတာ မေမေ ကျိန်ပြောရဲပါတယ်ကွယ်"

"'သံသာ' ယုံပါတယ် မေမေ... ဘာမှ မပြောပါနဲ့တော့နော်"

အရမ်းကို အားယူပြောနေရတဲ့ 'ဒေါ်မြပုလဲနု' ရဲ့ ရင်တွေက လှိုင်းလုံးကြီးတွေလို မြင့်မောက်နေရပါသည်။

"ဒါတွေကို သားလေးနားလည်အောင် သမီးပဲ ပြောပြပေးပါကွယ်"

"ကို ခုပဲ ရောက်လာတော့မှာပါ မေမေ"

သား ရောက်လာတော့မယ်ဆို၍ သူမ သားကို စောင့်ချင်ပါသေးသည်။

သို့ပေမဲ့ သားကို သူမ မြင်ခွင့်ရမှ ရနိုင်ပါဦးမလား။



www.burmeseclassic.com

www.burmeseclassic.com

"သား… ရေ"

မျက်ဝန်းထဲ သားနေမကောင်းဖြစ်၍ ဆေးခန်းလိုက်ပို့ပေးတာ သား ချော့လဲကျ၍ ခေါင်းတွင်ဘုထွက်သွားတာကို သားထက် သူမ ပိုငိုနေမိတာ၊ သား ဝမ်းတွေသွား၍ တစ်ညလုံးမအိပ်တာကို သူမပါ တစ်ညလုံး မအိပ်ဘဲချီပိုးသိပ်ခဲ့တာတွေ သတိရကာ သားကို ပိုတွေ့ချင်လာမိပါသည်။

"သားကို မေမေ သိပ်ချစ်ပါတယ် သားရယ်… သား မေမေ့ကိုခွင့်လွှတ်ပါနော်"

သား ဆယ်တန်းအောင်တဲ့အချိန်၊ သား ဘွဲ့ယူခဲ့တဲ့အချိန်၊ သား အလုပ်ခွင်ဝင်တဲ့အချိန်…။

ထိုအချိန်များကို ပြန်လည်မြင်ယောင်မိကာ 'ဒေါ်မြပုလဲနု' မျက်နှာလေးက ပြုံးယောင်သမ်းလာခဲ့ပါသည်။

လိမ္မာလိုက်တဲ့ သားလေး။

ဒါပေမဲ့…။

ဝမ်းနဲ့မလွယ် သားမမယ် တဲ့… ခင်ဗျား သားမဟုတ်လို့ ကျွန်တော့်ကို အသုံးချခဲ့တယ်ဆိုတာ ကျွန်တော် သိတယ်… ခင်ဗျား သားသာဆို ဒါမျိုးလုပ်မလား…။

ခင်ဗျားကြီး ညာတာ…။

ထိုစကားတွေကို ပြန်လည်ကြားယောင်မိတဲ့ အခိုက်မှာတော့ 'ဒေါ်မြပုလဲနု' နှလုံးခုန်သံက မမှန်ချင်တော့ပါ။





"ခင်ဗျားကြီး တဲ့"

ရက်စက်လိုက်တာ… ရင့်သီးလိုက်တာ။

သား မာမီ့ကို မုန်းသွားခဲ့ပြီလား။

သား မုန်းသွားပေမယ့် မာမီ သားကို ဘယ်တော့မှ မမုန်းပါဘူး သားရယ်…။ သားကို မာမီ ချစ်ပါတယ်။

"သား…"

'ဒေါ်မြပုလဲနု' ရဲ့ ခေါ်သံကျယ်ကျယ်အဆုံးတွင် နှလုံးခုန်သံလည်း ရုတ်တရက် ရပ်ဆိုင်းသွားခဲ့ပါပြီ။

"မာမီ"

ထိုအချိန်မှ ပြန်ရောက်လာသူက 'ခွန်းချို' ပင်။

အိပ်ယာပေါ် ပက်လက်လှဲကာ မျက်လုံးကြီးပွင့်လျှက်သူ့ကို ငေးကြည့်နေသူက မာမီလား။

'ခွန်းချို' မယုံနိုင်ပါဘူး။

ပြူးတူးကြောင်တောင် မျက်လုံးကြီးဖြင့် ရပ်ကြည့်နေသူကို ပြေးဖက်ကာ ရှိုက်ငိုလိုက်သူက 'သံသာ' ပါ။

"မေမေ ဆုံးသွားပြီ ကို… 'သံသာ' တို့ကို ထားသွားခဲ့ပြီ"

"မယုံဘူး…"

'ခွန်းချို' အသံကျယ်ကြီးဖြင့် အော်ကာ မာမီ့ကို ငေးကြည့်နေမိပါသည်။ ခုနကပင် မာမီ အကောင်းကြီး ရှိနေသေး


www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ သူထွက်သွားတာ ဘယ်လောက်ကြာသေးလို့လဲ။

ဘာလဲ သူ့ကိုစိတ်ဆိုးလို့ မာမီ ဟန်ဆောင်နေတာလား။

သူ မာမီ့ကို စိတ်ဆိုးအောင် နှစ်နစ်နာနာ စကားတွေဖြင့် အော်ကြီးဟစ်ကျယ်ပြောခဲ့မိသည်။

ဒီအတွက် မာမီ သူ့ကို ခွင့်မလွှတ်နိုင်လို့ စကားမပြောတော့လား။

"မာမီ..."

သွေးရူးသွေးတန်းဖြင့် 'ခွန်းချို' ကုန်းအအော် ဆရာဝန်ကြီးနဲ့ 'ဦးနိုင်အောင်' တို့ အခန်းထဲက ခပ်ဖြည်းဖြည်းချင်း ထွက်သွားတာကို တွေ့လိုက်ရပါသည်။

ဒါ ဘာသဘောလဲ။ မာမီ့ကို ဒီအတိုင်း ထားခဲ့မယ်ဆိုတဲ့သဘောလား။

မရပါဘူး။ မာမီ့ကို နှိုးပေးကြပါ။ သား မာမီ့ကို စိတ်ထိခိုက်အောင် မပြောတော့ပါဘူး။

သည်အသိဖြင့် ဆရာဝန်ကြီးလက်ကို လှမ်းအဆွဲ ဆရာဝန်ကြီး က 'ခွန်းချို' ကို တည်ငြိမ်စွာ ပြန်ပြောပါသည်။

"တရားနဲ့ဖြေပါ 'မောင်ခွန်းချို' ... 'ဒေါ်နုနု' ဟာ ငြိမ်းချမ်းအေးမြတဲ့နေရာကို ထွက်သွားခဲ့ပါပြီ"

ဟာ မာမီ ဒီအတိုင်း ဘယ်ထွက်သွားလို့ ရမှာလဲ။





မာမီ့ကို မိုက်မိုက်ရိုင်းရိုင်း ပြန်ပြောခဲ့တဲ့ သားကို မာမီ ပြန်ဆုံးမသွားဦးလေ။

"မာမီ..."

အရူးတစ်ယောက်လို 'ခွန်းချို' ကုန်းအအော် 'သံသာ' ချစ်သူကိုဖက်ကာ နှစ်သိမ့်လိုက်မိပါသည်။

"မေမေ့ကို ငြိမ်းငြိမ်းချမ်းချမ်း ပေးသွားလိုက်ပါ ကိုရယ်... သံယောဇဉ်ငင်အောင် မလုပ်ပါနဲ့"

"ကို လုပ်တာ မဟုတ်ဘူး... မာမီ လုပ်သွားတာ... မာမီ့ကို ကို မဟုတ်တာ ပြောခဲ့မိတာ"

"ကို ဘာတွေပြောခဲ့မိတာလဲ"

"မင်္ဂလာမရှိတဲ့ မိန်းမ လို့ မာမီ့ကို ကို ပြောခဲ့မိတယ်... ဒီအတွက် မာမီ အရမ်းကိုစိတ်ဆိုးသွားခဲ့တယ်"

ထိုအချိန်မှစကာ မာမီ ရောဂါဖောက်လာခဲ့ပုံ ရပါသည်။

ခုတော့ မာမီ သူ့ကို အပြီးတိုင် စွန့်ခွာသွားခဲ့ပြီလား။

"သား မှားသွားပြီ မာမီ"

'ခွန်းချို' မာမီ့ရဲ့ ကုတင်ဘေးမှာ ဒူးထောက်ထိုင်လိုက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိပါသည်။

မျက်ဝန်းထဲမှာ မာမီ့ရဲ့ အပြုံးရိပ်ယှက်သမ်းနေတဲ့ ပုံရိပ်ကို မြင်ယောင်ကာ မာမီ့ရဲ့အကြင်နာတွေကို ပြန်လည်တမ်းတ


www.burmeseclassic.com

www.burmeseclassic.com

မိပါသည်။

ဇာကယ်ဆို သူမ ရဲ့ မှားယွင်းတဲ့လုပ်ရပ်တွေအတွက် 'ခွန်းချို' ကို မာမိက တောင်းပန်ခဲ့တာပါ။

ဒါကို မကျေနိုင်၊ မချမ်းနိုင် သူ က အိမ်ကနေ ခွတ် ထွက်သွားမိတာပါ။

ခုတော့ 'ခွန်းချို' ပြင်မရတဲ့ အမှားကြီးကို ကျူးလွန်ခဲ့မိ ပါပြီ။

မာမီ့ကြောင့် သူ လူဖြစ်ရသလို သူ့ကြောင့်ပဲ မာမိ လူ့လောကကြီးထဲက ထွက်ခွာသွားခဲ့ရပါပြီ။

ကိုယ့်ကိုကိုယ် ခွင့်မလွှတ်နိုင်သလို သူ့ခေါင်းကို သူ ကုတင်နဲ့အဆောင့် 'သံသာ' ချစ်သူကို ရင်ခွင်ထဲဆွဲသွင်းကာ ထွေးပွေ့ထားလိုက်မိပါသည်။



BURMESE CLASSIC .com

## ၂၆

ရေဝေးသုသာန်အတွင်းမှာ ဖြစ်ပါသည်။

'ဒေါ်မြပုလဲနု 'ဟု အမည်တပ်ထားသော အသစ်စက် စက် အုတ်ဂူလေးပေါ်တွင် ယူလာသော ပန်းစည်းလေးကိုတင် ကာ 'ခွန်းချို' နှင့် 'သံသာ' ရှိသေစွာ ထိုင်ကန် တော့မိကြပါ သည်။

ဒီနေ့ မနက်ကပင် မာမီ့အတွက် ရည်စူးကာ တစ်လ ပြည့်တဲ့အထိမ်းအမှတ်ဖြင့် သံဃာတော်ဆယ်ပါးကို ဆွမ်းကျွေး ခဲ့ပြီးပါပြီ။ မာမီ့နာမည်နဲ့ ဆွမ်းစားဆောင် တစ်ဆောင်ကို


www.burmeseclassic.com

www.burmeseclassic.com

လည်း ဆောက်လုပ်ကာ လှူဒါန်းခဲ့ပါသေးသည်။

ဒီ ကုသိုလ်တွေအတွက် မာမီ ရောက်လေရာ ဘုံဘဝက သာခွင့်ခံနိုင်ပါစေ။

ဖြစ်လေရာဘဝတိုင်းမှာ ဒီလို အဖြစ်ဆိုးမျိုးတွေက လွတ်မြောက်နိုင်ပါစေ။

ကိုယ်ချစ်တဲ့သူနဲ့ ပျော်ရွှင်စွာ လက်တွဲနိုင်ပါစေလို့ သား ဆုတောင်းပေးပါတယ်။

စိတ်ထဲမှပြောရင်း 'ခွန်းချို' မျက်ဝန်းမှ မျက်ရည်များစီးအကျ 'သံသာ' အလိုက်သိစွာပင် လက်ကိုင်ပုဝါလေး လှမ်းပေးလိုက်ပါသည်။

တကယ့်ကို မယုံနိုင်စရာ အဖြစ်ပါ။

မေမေ ဟန်ဆောင်ကောင်းခဲ့တာလည်း ဖြစ်ပါလိမ့်မည်။

မင်္ဂလာဆောင်ကို တက်ကြွစွာလာခဲ့သော မေမေ့ရဲ့ပုံစံကို မြင်ယောင်ကာ 'သံသာ' ပင် မေမေ့ရဲ့လုပ်ရပ်ကို ယုံကြည်ခဲ့မိပါသည်။ မေမေ ဒီလိုလုပ်ခဲ့လိမ့်မယ်ဟုလည်း စိတ်ထဲက လုံးဝထင်မထားခဲ့ပါ။ ခုတော့ အရာရာဟာ လုံးဝ ပြီးဆုံးသွားခဲ့ပါပြီ။

ချစ်သူလက်ကိုဆွဲကာ ကားဆီကို လျှောက်အလာ နားထဲတွင် ကျယ်ကျယ်လောင်လောင် အော်ရယ်လိုက်သော အသံတစ်သံကြောင့် ချစ်သူမျက်နှာကို အလန့်တကြား လှမ်း





အကြည့် 'ခွန်းချို' ကိုယ်တိုင် လည်း မာမီ့အုတ်ဂူရှိရာကို ထိတ်လန့်စွာ လှည့်ကြည့်လိုက်မိပါသည်။

မာမီများ အော်ရယ်လိုက်တာများလား။

ဒီလိုရယ်သံက မာမီ ကျေနပ်နှစ်သက်မှု မရှိတဲ့လုပ်ရပ်တစ်ခုကို တွေ့ရတိုင်း ရယ်တတ်တဲ့ လေသံမျိုးပါ။ ခုလည်း 'ခွန်းချို' နဲ့ 'သံသာ' မာမီ့အုတ်ဂူကို လာတာတွေ့လို့ မာမီ မကျေမနပ်နဲ့ အော်ရယ်လိုက်တာများလား။

တစ်ယောက်လက်ကိုတစ်ယောက် တင်းကြပ်စွာကိုင်ကာ အသံလာရာကိုလှည့်အကြည့် စိတ်မနှံ့သော မိန်းမတစ်ယောက် မာမီ့ အုတ်ဂူအနားတွင်ထိုင်ကာ တစ်ယောက်တည်း စကားတွေပြောလိုက် ရယ်လိုက်လုပ်နေတာ တွေ့လိုက်ရပါသည်။

"ဟား ဟား ဟား... မင်္ဂလာမရှိတဲ့နေရာကို လာမှတော့ မင်္ဂလာမရှိတဲ့ အဖြစ်ကိုပဲ တွေ့ရမှာပေါ့... တို့က မင်္ဂလာမရှိတဲ့ မိန်းမလေ..."

ပြောရင်း ကွေးနေအောင် ကနေပါတော့သည်။

ထိုအဖြစ်ကို ငေးကြည့်ကာ 'ခွန်းချို' ရင်ထဲ မာမီ့ကို ပြောခဲ့တဲ့ စကားအချို့ကို ပြန်လည်ကာ အမှတ်ရလာမိပါသည်။

"တကယ်တော့ မာမီဟာ မင်္ဂလာမရှိတဲ့ မိန်းမ ပဲ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဖါသာ မင်္ဂလာမရှိခဲ့တာကို လူတကာအပေါ် အပြစ်ပုံချပြီး လူတကာကို လိုက် ဒုက္ခပေးနေတာ... မာမီမှ တကယ့် မင်္ဂလာမရှိတဲ့ မိန်းမ..."

မာမီ ရယ် ဒီစကားတွေနဲ့ မာမီ့ကို သား စော်ကားမိခဲ့ပြီ။ မာမီ ခွင့်လွှတ်ခဲ့မယ်ဆိုရင်တောင် သား ကိုယ့်ကိုကိုယ် ခွင့်မလွှတ်ချင်ပါဘူး။

ဝေ့ဝဲလာသော မျက်ရည်များဖြင့် ကားကိုမောင်းအလာ မာမီအသံ ချိုချိုအေးအေးလေးကို ပြန်လည်ကာ ကြားယောင်လာမိပါသည်။

"သားက 'မမစု' ရဲ့သား ဆိုပေမယ့်လည်း မာမီ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရတာဆိုတော့ မာမီ့ရဲ့ သားအရင်းလေးဆိုလည်း မမှားပါဘူး... သူများတွေအတွက်တော့ မသိဘူး... မာမီ့အတွက်တော့ သားရဲ့ ငိုသံလေးကိုတောင် နားထောင်လို့ကောင်းလွန်းလို့ 'ခွန်းချို' လို့ နာမည်ပေးခဲ့တာပေါ့... 'ခွန်းချို' သား 'ခွန်းချို' ရေ..."

မာမီ့ရဲ့ အသံ ကြည်ကြည်အေးအေးလေးကို ပြန်ကြား 'ခွန်းချို' ပါးပေါ် မျက်ရည်များ အတောမသတ် ကျ လာခဲ့ရပါသည်။

ခုတော့ 'ခွန်းချို' လို့ မာမီ အမည်ပေးခဲ့တဲ့ သားကြောင့်ပင် မာမီ လူ့လောကထဲက ထွက်ခွာခဲ့ရပါပြီ။





ဘာပဲဖြစ်ဖြစ် နောက်ဘဝဆိုတာသာ အမှန်တကယ်ရှိခဲ့ပါရင် မာမီ့ကို မင်္ဂလာရှိသော မိန်းမတစ်ယောက်အဖြစ် ပြန်လည်ကာ မြင်တွေ့ခွင့်ရချင်ပါသည်။

ပြီးတော့ 'ခွန်းချို' ရဲ့ မိခင်ရင်းအဖြစ်လည်း ပြန်လည်ကာ ဆုံဆည်းချင်ပါသေးသည်။

ရှင်သန်ချမ်းမြေ့ပါစေ

ဆက်လက်ကြိုးစားနေဦးမည်

ဝေငဝေအောင်

BURMESE CLASSIC .com

www.burmeseclassic.com